www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ်	◆ ပထမအကြိမ်၊
ထုတ်ဝေသည့်ကာလ	◆ ၂၀၁၃၊ ဇူလိုင်လ
မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း	◆ နဝရတ်ကွန်ပျူတာ
ထုတ်ဝေသူ	◆ ဦးမင်းနိုင်ထွန်း (ဇေယျဝတီစာပေ)
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်	◆ ဦးငွေသိန်း၊ သီတာပုံနှိပ်တိုက် အမှတ် (၃၂)၊ ဒေါ်သိန်းတင်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်။
အုပ်ရေ	◆ ၅၀၀
တန်ဖိုး	◆ ၁၇၀၀ ကျပ်

BURMESE CLASSIC .com

မှုခင်းပဟေဠိ

(ဝင်းသစ်)



www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

၁။ စတော့ရှယ်ယာ ပွဲစား၏ နောက်ဆုံးနံနက်ခင်း	၁
၂။ ကိုယ်ဟန်ပြမယ်တစ်ဦး အသတ်ခံရမှု	၅
၃။ မထင်မှတ်သော သဲလွန်စ	၁၀
၄။ ပွဲပျက်သွားသော နှစ်သစ်ကူး	၁၅
၅။ ကိုယ်ပျောက် လူသတ်သမားအမှု	၁၉
၆။ ကန့်လန့်ကာအချ	၂၄
၇။ မူးယစ်ဆေးရာဇာ အသတ်ခံရမှု	၂၈
၈။ သိမ်းမြစ်အနီးမှ လူသတ်မှု	၃၂
၉။ သေဆုံးသူ၏ စားပွဲ	၃၅

BURMESE CLASSIC .com

၁၀။ ဘစ်ဂျိတ်မှ လူသတ်မှု	၃၈
၁၁။ ဝေးဝါဒ် တည်းခိုရိပ်သာအနီးမှ လူသတ်မှု	၄၁
၁၂။ ဆေးခန်းမှ လူသတ်မှု	၄၄
၁၃။ စစ်တင်းပုတ် အခိုးခံရမှု	၄၇
၁၄။ ရိုင်းစတန်ရိန်းဒီးယားအမှု	၅၁
၁၅။ အမှတ်တရနေ့ပွဲတော်	၅၅
၁၆။ ပျောက်စေဆရာအမှု	၆၀
၁၇။ ဘရက်ကန်ပန်းခြံ လုယက်မှု	၆၄
၁၈။ ရိုက်စား	၆၇
၁၉။ ဘူဂိုနီးယန်းသူလျှိုအမှု	၇၀
၂၀။ ပွဲတော်တွင် တစ်နံနက်ခင်း	၇၃
၂၁။ ဆယ်ကျော်သက်ဂိုဏ်း	၇၆
၂၂။ အီဒင်ဘတ်မှ အဖြစ်အပျက်	၇၉
၂၃။ ညှော်ရိပ်သာမှ အခန်း	၈၂
၂၄။ အတွဲရွေးပွဲပဟေဠိ	၈၅
၂၅။ အစာသွတ်မုန့်ပဟေဠိ	၈၈
၂၆။ ချတ်ဝဲလ်ရောက် စတန်းဝစ်	၉၁
၂၇။ ရက်ရောသော မဟာရာဇာ	၉၄
၂၈။ ရန်လိုသော နွားများပြဿနာ	၁၀၀
၂၉။ စာရင်းသွင်းရမည့် ကလေးများ	၁၀၃
၃၀။ ဆပ်ကပ်တစ်ခုရောက် စတန်းဝစ်	၁၀၆

ပဟေဠိ အဖြေများ ၁၀၉

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

၁။ စတော့ရှယ်ယာ ပွဲစား၏ နောက်ဆုံးနံနက်ခင်း	၁
၂။ ကိုယ်ဟန်ပြမယ်တစ်ဦး အသတ်ခံရမှု	၅
၃။ မထင်မှတ်သော သဲလွန်စ	၁၀
၄။ ပွဲပျက်သွားသော နှစ်သစ်ကူး	၁၅
၅။ ကိုယ်ပျောက် လူသတ်သမားအမှု	၁၉
၆။ ကန့်လန့်ကာအချ	၂၄
၇။ မူးယစ်ဆေးရာဇ အသတ်ခံရမှု	၂၈
၈။ သိမ်းမြစ်အနီးမှ လူသတ်မှု	၃၂
၉။ သေဆုံးသူ၏ စားပွဲ	၃၅

၁၀။ ဘစ်ဂျိတ်မှ လူသတ်မှု	၃၈
၁၁။ ဝေးဝါဒ် တည်းခိုရိပ်သာအနီးမှ လူသတ်မှု	၄၁
၁၂။ ဆေးခန်းမှ လူသတ်မှု	၄၄
၁၃။ စစ်တင်းပုတ် အခိုးခံရမှု	၄၇
၁၄။ ရိုင်းစတာန်ရိန်းဒီးယားအမှု	၅၁
၁၅။ အမှတ်တရနေ့ပွဲတော်	၅၅
၁၆။ ပျောက်စေဆရာအမှု	၆၀
၁၇။ ဘရက်ကန်ပန်းခြံ လုယက်မှု	၆၄
၁၈။ ရိုက်စား	၆၇
၁၉။ ဘူဂိုနီးယန်းသူလျှိုအမှု	၇၀
၂၀။ ပွဲတော်တွင် တစ်နံနက်ခင်း	၇၃
၂၁။ ဆယ်ကျော်သက်ဂိုဏ်း	၇၆
၂၂။ အီဒင်ဘတ်မှ အဖြစ်အပျက်	၇၉
၂၃။ ညှော်ရိပ်သာမှ အခန်း	၈၂
၂၄။ အတွဲရွေးပွဲပဟေဠိ	၈၅
၂၅။ အစာသွတ်မုန့်ပဟေဠိ	၈၈
၂၆။ ချတ်ဝဲလ်ရောက် စတန်းဝစ်	၉၁
၂၇။ ရက်ရောသော မဟာရာဇ	၉၄
၂၈။ ရန်လိုသော နွားများပြသနာ	၁၀၀
၂၉။ စာရင်းသွင်းရမည့် ကလေးများ	၁၀၃
၃၀။ ဆပ်ကပ်တစ်ခုရောက် စတန်းဝစ်	၁၀၆
ပဟေဠိ အဖြေများ	၁၀၉

www.burmeseclassic.com

www.burmeseclassic.com



စတော့ရှယ်ယာပွဲစား၏ နောက်ဆုံးနံနက်ခင်း

တစ်နေ့တွင် အပျော်တမ်း ယုတ္တိဗေဒ ပညာရှင် သောမတ်စ်ပီ စတန်းဝစ်သည် လမ်းကြုံသဖြင့် မိတ်ဆွေဖြစ်သူ အင်စပက်တာ မက်သရူးဝေါ့ကာ၏ ရုံးခန်းသို့ ဝင်ရောက်ရင်း စကားလက်ဆုံ ကျနေခဲ့၏။ ထိုအချိန်အတွင်းမှာပင် ရုတ်တရက် ချားလ်စတိန်းဘတ် သေဆုံးမှုနှင့်ပတ်သက်သည့် သတင်း အစီရင်ခံချက် ဝင်ရောက်လာခဲ့သည်။ အင်စပက်တာ ဝေါ့ကာသည် ထိုလူသေမှုနှင့် ပတ်သက်၍ သွားရောက်စစ်ဆေးရန် တာဝန်ကျလေရာ ဧည့်သည်ဖြစ်သူ စတန်းဝစ်ကိုပါ တပါတည်းခေါ်ဆောင်ရင်း အခင်းဖြစ်ပွားရာနေရာသို့ ထွက်လာခဲ့ကြသည်။

ဝေါ့ကာနှင့် စတန်းဝစ်တို့သည် စတိန်းဘတ်၏ ရုံးခန်းရှိရာ အဆောက်အအုံသို့ ရောက်ရှိခဲ့ကြပြီး သတ္တမထပ်သို့ တက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ဦးသည် ကော်ဇောခင်းထားသည့် ညှော်ခန်းကို ဖြတ်ကျော်ခဲ့ကြပြီးနောက် စတီန်းဘတ်၏ ကျယ်ကျယ်ဝန်းဝန်း ရှိလှသည့် ရုံးခန်းအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ စတီန်းဘတ်သည် ထိုရုံးခန်းမှနေ၍ ရှယ်ယာအရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်နေခဲ့ခြင်း ဖြစ်သည်။ သူသည် အခန်းအလယ်ရှိ စားပွဲဝိုင်းအနီးမှ ကုလားထိုင်တစ်လုံးပေါ်တွင် ပျော့ခွေလျှက်ရှိနေသည်။ အဝတ်အစားများမှာလည်း မသပ်မရပ် ဖြစ်လျက်ရှိ၏။ သူသေဆုံးခဲ့သည်မှာ တစ်နာရီပင် မရှိတတ်သေးပေ။ ထို့ပြင် သူ၏ ခန္ဓာကိုယ်တွင် သွေးထွက်နေသည့်လက္ခဏာ တစ်စုံတစ်ရာကိုလည်း မတွေ့မြင်ရချေ။ နံရံအနီးရှိ စားပွဲသေးသေး တစ်လုံးပေါ်တွင် လက်နှိပ်စက်တစ်လုံးရှိနေပြီး ရိုက်ထားသော စာတစ်စောင်မှာလည်း လက်နှိပ်စက်တွင် တပ်လျက်ပင် ရှိနေသေး၏။ စတန်းဝစ်က လက်နှိပ်စက်မှစာကို ဖတ်ပြလိုက်ပါသည်။

ကျွန်တော့်အနေနှင့် ဤဘဝတွင် ဆက်လက်နေထိုင်ရန် အကြောင်းမရှိတော့သဖြင့် ဘဝကို အဆုံးသတ်ရန် ဆုံးဖြတ်လိုက်ပါသည်။ မိသားစုများ အနေနှင့်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်းများ အနေနှင့်လည်းကောင်း နားလည်ပေးနိုင်ကြမည်ဟု မျှော်လင့်ပါသည်။

အားလုံးကို နှုတ်ဆက်ခဲ့ပါသည်။

အင်စပက်တာ မက်သရူး ဝေါ့ကာသည် ရုံးခန်းတံခါး အနီးတွင် ရပ်နေသောသူဘက်သို့ လှည့်လိုက်၏။ ထိုသူသည် အသက်လေးဆယ်ခန့်အရွယ်ရှိ ဂျွန်ဂိုးလ်ဒင်းဆိုသူ ဖြစ်သည်။ သူသည် ယင်းကုမ္ပဏီ၏ ဒုဥက္ကဋ္ဌဖြစ်သည်။

'မစ္စတာ ဂိုးလ်ဒင်းအနေနဲ့ ကျွန်တော်တို့ကို ဘာများ ပြောပြနိုင်ပါသလဲ'

ဂိုးလ်ဒင်းသည် အနည်းငယ် တုန်လှုပ်နေဟန် ရှိနေ၏။

'ဒီနေ့နံနက် စောစောပိုင်းမှာပဲ အရေးပေါ် အလုပ်ကိစ္စတစ်ခုနဲ့ ပတ်သက်လို့ ဥက္ကဋ္ဌရဲ့ ရုံးခန်းထဲကို ကျွန်တော် ဝင်လာခဲ့ပါတယ်။ သူက လက်ထဲမှာ ကော်ဖီခွက်ကို ကိုင်ထားရင်း ကုလားထိုင်မှာ ထိုင်နေတာပါ။ သူက ကျွန်တော့်ကို မြင်လျှင်မြင်လိုက်ချင်းပဲ ကော်ဖီကို ကသောကမျော သောက်ချလိုက်ပါတယ်။ ကော်ဖီခွက်ကို ပါးစပ်က ခွာလိုက်တာနဲ့ ကြောက်လန့်စရာ ကောင်းလောက်အောင် ညည်းညူရင်း တွန့်လိမ်နေတာကို တွေ့

လိုက်ရပါတယ်။ နောက်စက္ကန့် အနည်းငယ်လောက် အကြာမှာပဲ သူဟာ သေဆုံးသွားခဲ့ပါတယ်။ ကျွန်တော်လည်း အတော့်ကို ထိတ်လန့်သွားပြီး အခန်းထဲကနေ ညှော်ကြိုကောင်တာရှိရာကို ပြေးထွက်လာခဲ့ပါတယ်။ နောက် ညှော်ကြိုကောင်တာကနေ ရဲစခန်းကို လှမ်းအကြောင်းကြားလိုက်တာပါ။ ဆရာတို့ရောက်မလာခင် ဘယ်သူ့ကိုမှ အခန်းထဲ ဝင်ခွင့်မပြုခဲ့ပါဘူး'

'လက်နှိပ်စက်ပေါ်က စာရွက်ကိုကော ခင်ဗျား တွေ့ခဲ့ရဲ့လား'

'မတွေ့လိုက်မိဘူး ဆရာ'

'ကျေးဇူးတင်ပါတယ် မစ္စတာဂိုးလ်ဒင်း' ဟု မက်သရူးဝေါ့ကာက ပြောလိုက်ပြီးနောက် သေသူ စတီန်းဘတ်၏ အိတ်ကပ်များတွင် လိုက်လံရှာဖွေကြည့်ခဲ့၏။ သူသည် သေသူ၏ ညာဘက် အိတ်ကပ်ထဲမှဖန်ပုလင်းကလေးတစ်လုံးကို ရှာဖွေတွေ့ရှိလိုက်ရာ ပုလင်းကလေးအား အနံ့ခံကြည့်လိုက်ပါသည်။

'ဒီပုလင်းက အဆိပ်ထည့်တဲ့ပုလင်း ဖြစ်နိုင်တယ်'

စတန်းဝစ်ကလည်း ပုလင်းကလေးအား အနံ့ခံကြည့်လိုက်၏။ ထို့နောက်တွင် သူက စားပွဲပေါ်ရှိ ပန်းကန်ပြားပေါ်မှ ကော်ဖီခွက်ကိုလည်း လက်ကိုင်ပဝါဖြင့် မယူပြီး နမ်းကြည့်လိုက်သည်။

'ကော်ဖီခွက်မှာလည်း အဆိပ်နံ့ရတယ်'ဟု သူက ပြောပြလိုက်သည်။

စတန်းဝစ်သည် ကော်ဖီခွက်ကို ပြန်ချထားလိုက်ပြီးနောက် ဂိုးလ်ဒင်းဘက်သို့ လှည့်လိုက်၏။

'မစ္စတာဂိုးလ်ဒင်း၊ မစ္စတာစတီန်းဘတ်ဟာ အမြဲတမ်း ဒီစားပွဲမှာထိုင်ပြီး ကော်ဖီသောက်နေကျလား'

'ဟုတ်ပါတယ် ဆရာ၊ သူက မနက်တိုင်း ဒီအချိန်ဆို ကော်ဖီသောက်ရင်း သတင်းစာ ဖတ်လေ့ရှိပါတယ်'

'စတန်းဝစ်က စားပွဲပေါ်တွင် ခေါက်လျက်သား ရှိနေသော သတင်းစာကို ညွှန်ပြရင်း 'သတင်းစာကို ခင်ဗျား တင်ထားလိုက်တာလား'ဟု မေးလိုက်၏။

ဂိုးလ်ဒင်းသည် မျက်နှာ အနည်းငယ် နီမြန်းသွားခဲ့ပြီး 'ကျွန်တော် ဝင်လာစဉ်က သတင်းစာဟာ အဲ့ဒီမှာ ရှိနေပါတယ်။ သူက သတင်းစာ ဖတ်မနေပါဘူး'ဟု ပြောပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

စတန်းဝစ်သည် ရုတ်တရက် ရုံးခန်းထဲမှ ထွက်သွားလိုက်ပြီး ညှော့ကြိုကောင်တာမှ မိန်းကလေးထံ ဦးတည်သွားခဲ့သည်။

'ဦးတို့ကို ဘာများပြောပြနိုင်မလဲ'ဟု မေးလိုက်ပါသည်။

'သိပ်များများတော့ ပြောပြစရာ မရှိပါဘူးရှင်။ မစ္စတာ စတိန်းဘတ်ရဲ့ အခန်းထဲကနေ လက်နှိပ်စက်ရိုက်သံ ကျွန်မကြားလိုက်ရပါတယ်။ အဲ့ဒီနောက် မစ္စတာ ဂိုးလ်ဒင်းက သူရဲ့ ရုံးခန်းထဲက ထွက်လာပြီး မစ္စတာ စတိန်းဘတ်အတွက် စာရွက်စာတမ်းတချို့ လာယူပါတယ်။ သူက မစ္စတာ စတိန်းဘတ်ရဲ့ ရုံးခန်းထဲကို ပြန်ဝင်သွားပြီးနောက် ခဏအကြာမှာပဲ ကသောကမျော ပြေးထွက်လာပြီး ရဲစခန်းကို လှမ်းအကြောင်းကြားလိုက်တာပါပဲ'

'မစ္စတာ စတိန်းဘတ်ကို ဘယ်လို စာရွက်စာတမ်းတွေ ပြချင်လို့လဲ'

'ဒီအပတ်ထဲမှာ လုပ်မယ့် အစည်းအဝေး အစီအစဉ်တွေပါ။ သူကသောကမျော ပြန်ထွက်လာတော့ ကြမ်းပြင်ပေါ်မှာ ကျကျန်ခဲ့ပါတယ်'

ထို့နောက်တွင် စတန်းဝစ်သည် စတိန်းဘတ်၏ ရုံးခန်းအတွင်း ပြန်ဝင်လာခဲ့ပြီး ဂိုးလ်ဒင်းအား ထပ်မံ မေးမြန်းကြည့်ခဲ့၏။ 'ခင်ဗျားရဲ့ ရုံးခန်းနဲ့ မစ္စတာ စတိန်းဘတ်ရဲ့ ရုံးခန်းအကြားမှာ တံခါးပေါက်ရှိနေတာ ကျွန်တော် တွေ့နေရတယ်။ သူ့ဆီကို ဝင်တွေ့ဖို့လာတုန်းက ဘာပြုလို့ အဲ့ဒီတံခါးပေါက်ကနေ မဝင်တာလဲ'

'ကျွန်တော်ပြမယ့် စာရွက်စာတမ်းတွေကို ညှော့ကြိုကောင်တာမှာ သွားယူရလို့ပါ'ဟု ဂိုးလ်ဒင်းက ပြန်လည်ဖြေကြားခဲ့သည်။

စတန်းဝစ်သည် အင်စပက်တာ ဝေါ့ကာအား ဘေးသို့ အသာခေါ်ထုတ်လိုက်ပြီး 'ဂိုးလ်ဒင်းဟာ လိမ်ပြောနေတယ်။ ဒီအမှုဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှု မဟုတ်ဘူး၊ လူသတ်မှုပဲ' ဟု ပြောပြလိုက်ပါသည်။

စတန်းဝစ်သည် ဂိုးလ်ဒင်း လိမ်ပြောနေကြောင်း မည်ကဲ့သို့ သိလိုက်ပါသနည်း။

အဖြေကို စာမျက်နှာ (၁၂၁) တွင်ကြည့်-

ကိုယ်ဟန်ပြမယ်တစ်ဦး အသတ်ခံရမှု

အပျော်တမ်း ယုတ္တိဗေဒပညာရှင် သောမတ်စ်ပီ စတန်းဝစ်သည် ရှိုင်းစတန်အရပ်ရှိ လိုလာမွန်ထရေး၏ အိမ်အနီးတွင် သူ၏ ကားကိုရပ်လိုက်စဉ်မှာပင် သိချင်သော စိတ်နှင့်အတူ စိတ်မကောင်းဘဲလည်း ဖြစ်နေခဲ့၏။ သူ၏ မိတ်ဆွေဖြစ်သူ အင်စပက်တာ မက်ဝေါ့ကာက နုပျိုချောမောလှပသော ကိုယ်ဟန်ပြမယ် အသတ်ခံရသည့် သတင်းအား သူ့ထံသို့ ဖုန်းဆက် အသိပေးခဲ့သည်။ ထို့ပြင် လူသတ်မှု ဖြစ်ပွားရာနေရာသို့ လာရောက်ကြည့်ရှုရန် သူ့အား ဖိတ်ခေါ်ခဲ့၏။ သို့ဖြင့် သူသည် ကိုယ်ဟန်ပြမယ်အနေနှင့် အသက်အရွယ်နုပျိုစဉ် သေဆုံးရသည်ကို စိတ်မကောင်းဖြစ်မိသော်လည်း မှုခင်းများကို လေ့လာခြင်းဟူသည့် ဦးနှောက်အား ဝမ်းစာဖြည့်ရသည့် အလုပ်အား တင်းတိမ်ရောင့်ရဲခြင်း မရှိသည့် ဆန္ဒကြောင့် အခင်းဖြစ်ရာသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

သူသည် သေသေသပ်သပ်ဖြင့် အဖြူရောင် ဆေးသုတ်ထားသော အိမ်ထဲသို့ ဝင်လိုက်၏။ သူ့အား အပေါ်ထပ်သို့ ခေါ်ဆောင်လာခဲ့၏။ အင်စပက်တာ ဝေါ့ကာသည် မွန်ထရေး၏ အိပ်ခန်းအတွင်းတွင် ရောက်ရှိနေသည်။ လိုလာ မွန်ထရေး၏ ရုပ်အလောင်းသည် ညဝတ်အင်္ကျီ ဝတ်ဆင်လျက်ဖြင့် သွေးပျား ဖွဲ့စိုနေသော အိပ်ရာခင်းပေါ်တွင် ကိုးရိုးကားရား လဲကျလျက်ရှိ၏။ သွေးစွန်းနေသော ဓားတစ်ချောင်းသည်လည်း ခုတင်ဘေးတွင်ကျလျက် ရှိနေသည်။

''သေမှုသေခင်းစစ် ဆရာဝန်ကတော့ လိုလာ မွန်ထရေးဟာ လွန်ခဲ့တဲ့ည ၂ နာရီလောက်မှာ ဓားနဲ့ မသေမချင်း ထိုးသတ်ခံရတယ်လို့ ခန့်မှန်းထားတယ်''ဟု ဝေါ့ကာက ခပ်သွက်သွက် ရှင်းပြလိုက်၏။ 'ဒီနေရာမှာ မွန်ထရေးရဲ့ လက်ဗွေရာကလွဲလို့ တခြား လက်ဗွေရာ တစ်ခုမှ မတွေ့ဘူး။ ဒီမနက်က မွန်ထရေးရဲ့အလောင်းကို သူရဲ့အေးဂျင့် သောမတ်စ်လာ့ချ်က တွေ့ခဲ့တာပါ။ ဒီဖိုင်းနာတချို့နဲ့ တွေ့ဆုံကြမယ့် အရေးပါတဲ့ တွေ့ဆုံညှိနှိုင်းပွဲကို ခေါ်သွားဖို့ မွန်ထရေးကို ဝင်ခေါ်တာလို့ သူက ပြောပါတယ်။ သူက နောက်ဘက်တံခါး ပွင့်နေတာကိုတွေ့လို့ တစ်အိမ်လုံးမှာ မွန်ထရေးကို လိုက်ရှာရင်း ဒီနေရာမှာ သေနေတာကို တွေ့လိုက်ရတာပါ''

www.burmeseclassic.com

www.burmeseclassic.com

စတန်းဝစ်က ရိုးရိုးရှင်းရှင်း ပြင်ဆင်ထားသော အိပ်ခန်းအား လှည့်ပတ်ကြည့်လိုက်ရင်း သူ၏ နှုတ်ခမ်းမွေးအား လက်ဖြင့် ပွတ်သပ်နေခဲ့၏။

''သတ်ရတဲ့ အကြောင်းရင်းကို သိပြီလား''ဟု သူက မေးလိုက်သည်။

အင်စပက်တာဝေါ့ကာက ခေါင်းခါပြလိုက်၏။

''အခုထိတော့ မသိရသေးဘူး။ သူဟာ အောင်မြင်မှု ကောင်းကောင်းရနေပြီး လူတိုင်းအားကျလောက်တဲ့ အနေအထားမှာ ရှိနေပုံပါပဲ။ သူ့ရဲ့ မှတ်တမ်းစာအုပ်မှာ လွန်ခဲ့တဲ့နှစ်ရက်က သူ့ရဲ့ညည်းစား စကော့ဖီးလစ်နဲ့ နေလယ်စာ စားခဲ့တယ်လို့ ဖော်ပြထားတယ်။ ကျွန်တော် သူ့ဆီကို ဖုန်းဆက်ပြီး မွန်ထရေးကို အိမ်မှာ သေနေတာ တွေ့ခဲ့တဲ့အကြောင်း ပြောပြလိုက်တယ်။ သူက ချက်ချင်းလာခဲ့မယ်လို့ ပြောပါတယ်။ သူရောက်လာတဲ့အခါကျရင် မွန်ထရေးရဲ့ဘဝမှာ ဖြစ်နေကျမဟုတ်တဲ့ ထူးခြားတာ တစ်ခုခု ဖြစ်ပျက်နေသလားဆိုတာ သူ့အနေနဲ့ ကျွန်တော်တို့ကို ပြောပြနိုင်ပါလိမ့်မယ်''

စတန်းဝစ်နှင့် ဝေါ့ကာတို့သည် အိပ်ခန်းမှထွက်ကာ အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။ ပုပုဝဝ၊ လင်ကွန်းမှတ်ဆိတ်မွေးနှင့် လူတစ်ယောက်သည် ဧည့်ခန်းထဲတွင် ဝမ်းနည်း ယူကျုံးမရဖြစ်စွာဖြင့် စိတ်ပျက်လက်ပျက် ထိုင်နေ၏။

''မစ္စတာ လာ့ချ်လို့ ထင်ပါတယ်''ဟု စတန်းဝစ်က ဧည့်ခန်းအတွင်း ဝင်လိုက်စဉ် ခေါင်းတစ်ချက်ဆတ်ကာ ပြောလိုက်သည်။ ''အလောင်းကို ခင်ဗျား စတွေ့တာလို့ ကျွန်တော် နားလည်ထားပါတယ်''

''ဟုတ်ပါတယ်'' အေးဂျင့်က ခေါင်းငိုက်စိုက်ဖြင့် ပြောခဲ့၏။ ''တကယ့်ကို ကြောက်စရာ မြင်ကွင်းပါဗျာ''

''ခင်ဗျားက သူ့ကို မတွေ့မချင်း လိုက်ရှာခဲ့တာ ဘာကြောင့်လဲ''

လာ့ချ်က စိတ်ပျက်လက်ပျက် မော့ကြည့်လိုက်ပြီး ''ကျွန်တော်တို့ ဆယ်နာရီခွဲမှာ ပီကာဒီယိုမှာတွေ့ဖို့ ချိန်းထားတာပါ''ဟု သူကပြောပြခဲ့သည်။ ''ဒီတွေ့ဆုံပွဲဟာ သိပ်အရေးပါပြီး ငွေ ကောင်းကောင်းရလို့ ကန်ထရိုက်စာချုပ် ချုပ်ဖြစ်တဲ့အထိ ဖြစ်သွားနိုင်တယ်။ နောက်ပြီး ဒီအကြောင်းကို သူလည်း သိထားတယ်လေ။ ကျွန်တော့်အနေနဲ့ ဒီလို အခွင့်

www.burmeseclassic.com

www.burmeseclassic.com

အရေးကို လက်လွှတ်မခံနိုင်ဘူး။ ဒါကြောင့် သူ့အနေနဲ့ ညက အိပ်ရာဝင်တာ နောက်ကျနိုင်တယ်ဆိုပြီး''

ထိုအခိုက်မှာပင် အိမ်ရှေ့တံခါးသည် ဂုန်းခနဲ ပွင့်သွားခဲ့ပြီး အဝတ်အစား ဖရိုဖရဲနှင့် လူငယ်တစ်ယောက်သည် အပေါ်ထပ်သို့ ပြေးတက်သွားခဲ့၏။

''ကျွန်တော့်ရဲ့ ချစ်သူကို ဘယ်သူက ဓားနဲ့ ထိုးခဲ့တာလဲ''သူက အော်ဟစ်မေးခဲ့၏ ''ကျွန်တော် သူ့ကို တွေ့ပါရစေ''

ရဲတစ်ယောက်က သူ့အား လှေကားထိပ်မှ ဆီးတားထားလိုက်ပြီး အောက်ထပ်ဧည့်ခန်းသို့ အတင်းအကျပ် ခေါ်ဆောင်လာခဲ့ရ၏။

''မစ္စတာဖီးလစ် မဟုတ်လား'' ဟု ဝေါ့ကာက မေးလိုက်၏။ ''တောင်းပန်ပါတယ်ဗျာ။ အခင်းဖြစ်ပွားရာ နေရာဆိုတာ စုံစမ်းစစ်ဆေးသူတွေကိုသာ ဝင်ရောက်ခွင့်ပေးတာပါ။ မစ္စမွန်ထရေးဟာ လွန်ခဲ့တဲ့ည နှစ်နာရီလောက်မှာ အသတ်ခံရတာဖြစ်ပြီး ဒီမနက်ကျမှ တွေ့ကြရတာ ဖြစ်ပါတယ်။ သူ့ရဲ့ မှတ်တမ်းစာအုပ်မှာ အင်္ဂါနေ့က ခင်ဗျားတို့နှစ်ယောက် အတူတကွ နေ့လယ်စာ စားခဲ့ကြတယ်လို့ ဖော်ပြထားတယ်။ သူ့ကို တစ်ယောက်ယောက်က ခြိမ်းခြောက်နေတာမျိုး ခင်ဗျားကို အသိပေးတာတစ်ခုခုများ ရှိခဲ့ပါသလား''

ဖီးလစ်က သူ၏ လက်များကို အိတ်ကပ်ထဲထည့်၍ ကော်ဇောပေါ်တွင် လမ်းလျှောက်နေ၏။

''ဟင့်အင်း . . . မရှိပါဘူး။ သူ ဒီမနက်ကျရင် ပီကာဒီယိုကိုသွားဖို့ ချိန်းထားတာနဲ့ ပတ်သက်ပြီး သိပ်စိတ်လှုပ်ရှားနေတာ။ နောက်ပြီး သူ့ရဲ့ အလုပ်နဲ့ ပတ်သက်တာတွေ ပြောပြခဲ့တယ်။ သူဟာ တော်တော်ပျော်ရွှင်နေတယ်လေ''

စတန်းဝစ်က ဟက်လက် ကုလားထိုင်တစ်လုံးတွင် ထိုင်ရင်း ဖီးလစ်လမ်းလျှောက်နေသည်ကို ပျင်းပျင်းရိရိ စောင့်ကြည့်နေခဲ့၏။

''ခင်ဗျားတို့ ဘယ်မှာ နေ့လယ်စာ စားခဲ့ကြတာလဲ''ဟု သူက ဖီးလစ်ကို မေးလိုက်သည်။

''မြို့လယ်က မာရီကိုးလ်ရဲ့ ဆိုင်မှာပါ။ သူက အဲဒီဆိုင်က ကညွတ်ကြော်ကို သိပ်ကြိုက်တယ်လေ''

စတန်းဝစ်က ကုလားထိုင်မှ ထကာ အကြောဆန့်လိုက်သည်။

''ကဲ မက် . . . ခင်ဗျား တာဝန်ရှိတဲ့အတိုင်း လူသတ်သမားကို ဖမ်းရမဲ့ အချိန်ပါပဲ''ဟု ပြောလိုက်လေသည်။

လိုလာမွန်ထရေးကို ဘယ်သူသတ်ခဲ့ပါသလဲ။

အဖြေကို စာမျက်နှာ (၁၁၀) တွင်ကြည့်–

■

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သော သဲလွန်စ

နွေဦးရာသီ၏ ဖြစ်မြဲမဟုတ်သော အပူရှိန်သည်ပင်လျှင် သောမတ်စ်ပီ စတန်းဝစ်အား မြို့ထဲသို့ ကားမောင်းမသွားစေရန် မတားနိုင်ခဲ့ပေ။ အပျော်တမ်း ယုတ္တိဗေဒပညာရှင် သောမတ်စ် ပီစတန်းဝစ်သည် ညနေခင်း ၂ နာရီတွင် ရှိုင်းစတန်ရှိ ရှားပါးစာအုပ်များကို ရောင်းချသူတစ်ဦးက အရှားပါးဆုံး စာအုပ်များကို ရောင်းချမည့်အကြောင်းကို သိရှိနေခဲ့သည်။ သို့ဖြင့် စတန်းဝစ်၏ စာအုပ်စုဆောင်းတတ်သည့် အလေ့သည် နိုးကြားလာခဲ့သည်။ စတန်းဝစ်သည် ပူပြင်းသော နေအပူရှိန်ကို အန်တု၍ မြို့တွင်းသို့ ကားဖြင့် လာနေစဉ်မှာပင် အနီးအနားတွင် လူသတ်မှုတစ်မှု ဖြစ်ပွားနေကြောင်း သူ၏ ကားတွင်ပါသော ရဲရေဒီယိုမှ ကြားလိုက်ရသည်။

လူလတ်ပိုင်းအရွယ် လူတစ်ယောက်အား သုံးလမ်းကျော်အကွာအဝေးရှိ ဟာဒီကုန်မာဆိုင်တွင် ဓားဖြင့် ထိုးသတ်ခြင်း ခံခဲ့ရသည်။ ကင်းလှည့်ရဲကား အားလုံးအား အရပ်အမြင့် ၅ ပေ ၁၀ လက်မ၊ ကိုယ်အလေးချိန် ၁၆၀ ပေါင်၊ အသက် ၂၂ နှစ်ခန့်ရှိ၊ အနက်ရောင်ဆံပင်၊ နှုတ်ခမ်းမွေး



ရေးရေး၊ တီရှပ်အဖြူ၊ သားရေဂျာကင်နှင့် ဂျင်းဘောင်းဘီ ဝတ်ဆင်ထားသော လူတစ်ယောက်အား စောင့်ကြည့်ရန် တပ်လှန့်ထား၏။

စတန်းဝစ်သည် သူ သဘောကျသည့် အလုပ်နှစ်ခုအနက် မည်သည့်အလုပ်ကို ဦးစားပေးရမည်နည်းဟု တစ်ခဏမျှ စဉ်းစားလိုက်ပြီးနောက် သူ၏ကားအား ကုန်မာဆိုင်ရှိရာသို့ မောင်းလာခဲ့သည်။ သူက ကားအား လမ်းထိပ်တွင် ရပ်လိုက်ပြီး စပ်စပ်စုစုလုပ်နေသော လူစုကို ဖြတ်ကျော်ပြီးနောက် ဆိုင်အတွင်းသို့ ဝင်လိုက်ပါသည်။ အင်စပက်တာ ဝေါ့ကာသည် သူ၏ မိတ်ဆွေကြီးအား မထင်မှတ်ဘဲ တွေ့လိုက်ရသဖြင့် အံ့အားသင့်ကာ မျက်မှောင်ကုတ်လိုက်မိသည်။

'ဟဲလို ... မက်' ဟု စတန်းဝစ်က နှုတ်ဆက်လိုက်သည် 'ရဲရေဒီယိုကနေ သတင်းကြားလိုက်ရလို့၊ ဝင်ကြည့်ရင် [illegible]မယ်လို့ စဉ်းစားမိလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျားကို တွေ့ရတာ ဝမ်းသာပါတယ်' ဝေါ့ကာက အရောင်းကောင်တာ အရှေ့ဘက်ရှိ ကြမ်းပြင်ပေါ်တွင် လဲကျလျက်ရှိသော လူသေအလောင်းအား ခေါင်းဆတ်ပြလိုက်၏။ 'ဒီနေရာမှာ ကြည့်စရာဆိုလို့ ဟိုမှာလေ'

အသတ်ခံရသူသည် အနက်ရောင်ဆံပင်ဖြင့် အသက် ၄၀ကျော် ၄၅နှစ် ပတ်လည်လောက် ရှိမည်ဖြစ်သည်။ သူသည် ပက်လက်လဲလျက်ရှိသည်။ သူ၏ နံရိုးများအကြားမှ ဓားရိုးသည် ငေါထွက်လျက် ရှိသည်။ အပြာရောင် ရှပ်အင်္ကျီပေါ်တွင်လည်း သွေးကွက်တစ်ကွက် စွန်းထင်းလျက်ရှိသည်။

'သူ့ရဲ့ ပိုက်ဆံအိတ် ပျောက်နေတယ်' ဝေါ့ကာက ပြောလိုက်သည်။ 'သူ ဝင်လာတုန်းက ပါလာတယ်လို့ အရောင်းစာရေးပြောတဲ့ လက်ဆွဲသေတ္တာလည်း ပျောက်နေတယ်၊ သူ့ရဲ့ အိတ်ကပ်ထဲက တွေ့တဲ့ စာရွက်စာတမ်းတွေအရ သူဟာ ဟားဗတ် ဖရန့်ချ်လို့ ကျွန်တော်တို့ သိရတယ်။ သူဟာ ဟဲလ်စတန်ကလာတဲ့ ငွေစာရင်းကိုင် တစ်ယောက် ဖြစ်ပါတယ်'

'ဖြစ်ပျက်သွားတာကို စာရေးက မြင်လိုက်သေးသလား' စတန်းဝစ်က ကောင်တာနောက်ဘက်တွင် လတ်လျားလတ်လျား လုပ်နေသော နဖူးပြောင်ပြောင်၊ ပိန်ပိန်ပါးပါးနှင့်လူအား တစ်ချက်လှမ်းကြည့်ရင်း ပြောလိုက်ပါသည်။

'မတွေ့လိုက် ပါဘူး။ ဖရန့်ချ်က သူမှာထားတဲ့ ညှပ်ခွ လာယူတာလို့ သူက ပြောပါတယ်။ စက္ကန့်ပိုင်းလောက် ကြာပြီးနောက်ပိုင်း ရဲတပ်ဖွဲ့က ဖော်ပြထားတဲ့ လူနဲ့ တစ်ထပ်တည်းကျတဲ့ လူဟာ ဆိုင်ထဲကို ဝင်လာပါတယ်၊ စာရေးက ခွကိုယူပေးဖို့ ဆိုင်နောက်ဘက်ကို သွားတယ်၊ သူဟာ ဆိုင်နောက်ဘက်မှာ ရှိနေတုန်း တွန်းထိုးရုန်းကန်သံတွေ၊ အော်ဟစ်သံတွေကို ကြားလိုက်ရတယ်။ ဒါနဲ့ သူက ရှေ့ဘက်ကို ပြေးထွက်လာလိုက်တော့ ဖရန့်ချ်ဟာ သေနေပြီး ဟိုလူကတော့ မရှိတော့ဘူး'

စတန်းဝစ်က သူ၏ နှုတ်ခမ်းမွေးကို လက်ဖြင့် သပ်လိုက်သည်၊ 'လက်နက်အပေါ်မှာကော လက်ဗွေရာ တွေ့သလား'

ဝေါ့ကာက ခေါင်းကို ခါပြလိုက်သည်။ 'မတွေ့ဘူး။ ကျွန်တော်တို့ သံသယရှိတဲ့လူက လက်အိတ်ဝတ်ထားတယ်လို့ စာရေးက ပြောပါတယ်'

ထိုအခိုက်မှာပင် ဆိုင်ရှေ့ဘက်တံခါးသည် ပွင့်သွားခဲ့ပြီး ရဲနှစ်ယောက်သည် ရဲရေဒီယိုတွင် ဖော်ပြထားသည့်ပုံစံနှင့် ကိုက်ညီနေသော လူတစ်ယောက်ကို ဆွဲခေါ်ကာ ဆိုင်ထဲသို့ ဝင်ရောက်လာသည်။

'အင်စပက်တာ သူက တီအေ အော်ရစ်ဆင်ပါ' ဟု အသက်ခပ်ကြီးကြီး ရဲက ပြောလိုက်ပါသည်။ 'သူ့ကို ဒီကနေ လေးဘလောက်လောက် အကွာမှာ ဂျက်ဖာဆင်လမ်းအတိုင်း ခပ်သွက်သွက် ဆင်းချသွားတာကို ကျွန်တော်တို့ တွေ့လိုက်ရတယ်။ သူက တစ်မနက်လုံး ရက်ဒ်ဖို့ဒ် ငါးဈေးရဲ့ နောက်ဘက်မှာ ငါးတွေကို အသားလွှာပေးပြီးနောက် အိမ်ကို ပြန်လာတာလို့ ပြောပါတယ်။ ဒါပေမဲ့ သူဟာ ရေဒီယိုမှာ ဖော်ပြထားတာနဲ့ ကိုက်ညီနေတဲ့အတွက် ကျွန်တော်တို့ ခေါ်လာခဲ့တာပါ'

ဝေါ့ကာက အော်ရစ်ဆင်ကို အေးစက်စက်ဖြင့် ကြည့်လိုက်သည်။ အော်ရစ်ဆင်သည် အစိမ်းရောင် နေကာမျက်မှန်ကို ဝတ်ဆင်ထားသည်။

'ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျား ဘာသိထားသလဲ'ဟု သူက လူသေအလောင်းကို ညွှန်ပြလိုက်ရင်း မေးလိုက်ပါသည်။

'ဘာမှ မသိပါဘူး'ဟု အော်ရစ်ဆင်က စိတ်ဆိုးမာန်ဆိုးဖြင့်ပြောလိုက်သည်။ 'ကျွန်တော် တစ်မနက်လုံး အလုပ်ဆင်းနေရတာ။ ကျွန်တော် ဒီနေရာကို မရောက်တာ သီတင်းလေးပတ်လောက်ရှိပြီ'

'ရက်ဒ်ဖို့ဒ်မှာ အလုပ်လုပ်တာ ဘယ်လောက် ကြာပြီလဲ'

'အခုဆိုရင် နှစ်လရှိပြီ။ အချိန်ပိုင်း အလုပ်ပါ။ ကျွန်တော်က မနက် ၇ နာရီကနေ နေ့လယ် ၁၂ နာရီအထိ တစ်ပတ်မှာခြောက်ရက် အလုပ် လုပ်ရတယ်။ ဒီကနေ့ ကျွန်တော် အချိန်ပို အလုပ်ဆင်းရလို့ အိမ်အပြန်လမ်းမှာတင် ကင်းလှည့်နေတဲ့ ဒီလူနှစ်ယောက်က ကျွန်တော်ကို အတင်း ဒီကိုဆွဲခေါ်လာတာ ခံလိုက်ရတာပဲ'

ဆိုင်အတွင်းတွင် သတ္တုနံ့သည် တသင်းသင်း ပျံ့လွင့်နေ၏။ စတန်းဝစ်သည် ပြတင်းပေါက်ရှိရာသို့ သွားပြီး ပြတင်းပေါက်ကို ဖွင့်လိုက်ပါသည်။ ဝေါ့ကာကမူ ဆက်လက်မေးမြန်းနေ၏။

လွန်ခဲ့တဲ့ သီတင်းပတ်အနည်းငယ်က ဒီဆိုင်ကို ခင်ဗျား[illegible]ခဲ့တယ်လို့ အသေအချာ ပြောခဲ့တယ်။ ဘာကြောင့် လာခဲ့တာ[illegible]

'ကျွန်တော် မသိဘူး။ ကျွန်တော် သံတို့၊ တိတ်[illegible]တို့ တစ် ခုခု

www.burmeseclassic.com

www.burmeseclassic.com

လိုလို့ပါ'

'ဒီကနေ့ ခင်ဗျား ဘာပြုလို့ အလုပ် နောက်ကျရတာလဲ'

'ဒီမနက် ကျွန်တော်တို့ ငါးတွေ အများကြီးမိတယ်။ နောက်ပြီး အလုပ်မှာက ကျွန်တော်တစ်ယောက်တည်း ရှိတာ'

ဝေါ့ကာက ယူနီဖောင်းဝတ် ရဲအရာရှိအား အချက်ပြလိုက်သည်။ 'ကောင်းပါပြီ။ ဒီမှာတော့ လုံလောက်ပါပြီ၊ သူ့ကို ဆက်ပြီးမေးနိုင်ဖို့အတွက် ရဲစခန်းကို ခေါ်သွားပေးပါ'

တခြားသူများ ထွက်ခွာသွားသည်နှင့် စတန်းဝစ်သည် အင်စပက်တာ ဝေါ့ကာထံ ရောက်လာခဲ့သည်။ 'ခင်ဗျား စခန်းကို ပြန်ရောက်ရင် သူ့ကို လူသတ်မှုနဲ့ အမှုဖွင့်လို့ရတယ်။ ခင်ဗျား ဖမ်းရမယ့်လူက သူပဲ' ဟု ပြောလိုက်ပါသည်။

ဝေါ့ကာက သူအား အံ့အားသင့်စွာ လှည့်ကြည့်လိုက်သည်။ 'ခင်ဗျား ဘာကြောင့် ဒီလောက် သေချာနေရတာလဲ။ သူဟာ အထောက်အထား ခိုင်ခိုင်လုံလုံ မရှိဘူးဆိုတာကိုတော့ ဝန်ခံပါတယ်။ ဒါပေမဲ့ ဆုံးဖြတ်ချက် ချနိုင်လောက်တဲ့ သဲလွန်စတော့ မတွေ့မိဘူး'

စတန်းဝစ်က ရယ်လိုက်သည်။

'တစ်နည်းအားဖြင့် သဲလွန်စမရှိဘူး ဆိုတာတော့ မှန်ပါတယ်။ ဒီအမှုမှာ တကယ်အရေးပါတဲ့ အချက်က ခင်ဗျားအနေနဲ့ မထင်မှတ်တဲ့ သဲလွန်စလို့ ခေါ်နိုင်မယ့်ဟာပဲ ဖြစ်တယ်၊ ဒီမှာ ရှာလို့မရနိုင်တဲ့ ဟာမျိုးပေါ့'

မထင်မှတ်သော သဲလွန်စဆိုတာ ဘာပါလဲ။

အဖြေကို စာမျက်နှာ (၁၂) တွင်ကြည့်-

■

ပွဲပျက်သွားသော နှစ်သစ်ကူး

သောမတ်စ် ပီးစတန်းဝစ်သည် ရှိုင်စတန်ရှိ ဒန်းဟုပ်၏ အိမ်ရှေ့လှေကားကို တက်ရောက်နေစဥ်မှာပင် အိပ်ချင်စိတ်ကို ကြိုးစား၍ ထိန်းနေရဆဲ ရှိ၏။ နှစ်သစ်တစ်နှစ်ကို အစပြုတဲ့ နည်းတစ်နည်းပေါ့လေဟု သူက တွေးလိုက်မိသည်။ နှစ်သစ်ကူးပွဲကို ညဥ့်နက်သည့်တိုင် တက်ရောက်ခဲ့ပြီးနောက် အိပ်ပျော်နေစဥ် နံနက် ၆နာရီမှာပင် တယ်လီဖုန်းခေါ်သံကြောင့် အိပ်ရာမှ နိုးခဲ့ရ၏။ တယ်လီဖုန်းမှာ အင်စပက်တာ ဝေါ့ကာထံမှ ဖြစ်ပြီး ဒန်းဟုပ်နှင့် ဟန်ဆန်အာမခံ အေဂျင်စီ၏ ပိုင်ရှင်ဖြစ်သူ ရောဘတ်ဒန်းဟုပ်သည် သူ၏အိမ်တွင် ကျင်းပသော နှစ်သစ်ကူးပါတီပွဲတွင် အဆိပ်ခတ်ခံခဲ့ရကြောင်း ဝေါ့ကာက အကြောင်းကြားခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ဝေါ့ကာက သူ့အား တစ်ချက်လောက် လာရောက်ကြည့်ရှုရန် ပြောဆိုခဲ့သည်။

''ပျော်စရာ နှစ်သစ်ကူးပါ''ဟု ဝေါ့ကာက တံခါးဝမှ ဆီးကြိုနှုတ်ဆက်ခဲ့၏။ ''ဒီဘက်က သွားပါ''

ဝေါ့ကာက စတန်းဝစ်အား ကောင်းစွာ ပြင်ဆင်ထားသည့် ညှိခန်းကြီးတစ်ခုအတွင်း ခေါ်ဆောင်သွားခဲ့၏။ အမျိုးသားသုံးဦးနှင့် အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးတို့သည် ညနေခင်းဝတ်စုံများ ဝတ်ဆင်ထားသဖြင့် ဆိုဖာ ထိုင်ခုံရှည်တစ်လုံးပေါ်တွင် မလှုပ်မယှက် ထိုင်နေခဲ့ကြသည်။

"အလောင်းကိုတော့ ရွှေ့ထားလိုက်ပြီ" ဟု ဝေါ့ကာက ပြောပြလိုက်၏။ "မစ္စစ် ဒန်းဟုပ်ကတော့ ရဲဌာနချုပ်ကို လိုက်သွားတယ်"

"ကျွန်တော်တွေ့ရတဲ့ ဒီလူလေးယောက်က ပါတီကိုလာတဲ့ ဧည့်သည်တွေလား"ဟု စတန်းဝစ်က မေးလိုက်သည်၊

"ဟုတ်ပါတယ်။ ဂျွန် မဲရစ်ဒေးလ်က ဒန်းဟုပ်ရဲ့ စာရင်းကိုင်ပါ။ ဟာရီးယက် ရှုးလ်ကတော့ မစ္စက် ဒန်းဟုပ်ရဲ့ မိတ်ဆွေပါ။ နောက်ပြီး ရှုးလ်ဟာ နံမည်ကျော် ချက်နည်းပြုတ်နည်း စာအုပ်အတော်များများ ရေးသားခဲ့သူဖြစ်ပါတယ်။ ဆိုင်မွန် ဟန်ဆန်ကတော့ ဒန်းဟုပ်နှင့် ဟန်ဆန် အာမခံအေဂျင်စီမှာ ဒန်းဟုပ်နဲ့အတူ အစုစပ်ပိုင်ဆိုင်သူဖြစ်ပါတယ်။ နောက်ဆုံး ဂျော့ ဒန်းဟုပ်ကတော့ သေသူရဲ့ တူတော်ပါတယ်"

စတန်းဝစ်က ဆိုဖာထိုင်ခုံရှည်၏ တစ်ဖက်ရှိ လက်တင်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လိုက်ပြီး အခန်းကို ခပ်သွက်သွက် လှည့်ပတ်ကြည့်လိုက်၏။ အင်စပက်တာ ဝေါ့ကာက သူ၏ မှတ်စုစာအုပ်ကို ထုတ်လိုက်သည်။

"ခင်ဗျားတို့ လေးယောက်စလုံးက လွန်ခဲ့တဲ့ညက ဖြစ်ပျက်ခဲ့တာတွေနဲ့ ပတ်သက်လို့ မှတ်မိသမျှ မစ္စတာ စတန်းဝစ်ကို ထပ်ပြီးပြောပြကြစေချင်ပါတယ်" ဟု ဝေါ့ကာက ပြောလိုက်သည်။

သပ်သပ်ရပ်ရပ်တိထားသော မှတ်ဆိတ်မွေးများရှိပြီး အိပ်ရေး

ပျက်သဖြင့် မျက်တွင်းကျနေသော ဟန်ဆန်က သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်၏။

"ညဉ့်သန်းခေါင်ရောက်တဲ့အထိ ကျွန်တော်တို့နဲ့အတူ ဂျော့တစ်ယောက် တိုးလာတာကလွဲလို့ အရင်နှစ်သစ်ကူး ပါတီပွဲတွေလိုပဲ ဘာမှ ထူးထူးခြားခြား မရှိပါဘူး"

"ကျွန်တော် နောက် သီတင်းပတ်ကျရင် ရှိုင်းစတန် ပြည်နယ် တက္ကသိုလ်မှာ စတက်တော့မှာပါ" ဟု ဂျော့က ပြောပြခဲ့၏။

"ဒီမြို့မှာ ကျွန်တော့်အတွက် နေစရာ ရှာရတဲ့အထိ အန်တီဂရေ့စ် အန်ကယ်ဘော့တို့နဲ့အတူ နေနေတာပါ"

"ညသန်းခေါင် မတိုင်မီအထိ ဘာတွေ ဖြစ်ပျက်ခဲ့ပါသလဲ"ဟု စတန်းဝစ်က မေးလိုက်၏။

"အို ... ရှင်သိတဲ့အတိုင်းပဲလေ။ ပန့်ချ် သောက်ကြတယ်။ ကြက်ဥမွှေကြော် စားကြတယ်။ စကားပြောကြတယ်"မစ္စရှုးလ်က ပြောပြခဲ့သည်။ "ဘော့နဲ့ဂျွန်က စစ်တုရင် ကစားကြတယ်။ ည သန်းခေါင်မရောက်မီ ကလေးမှာပဲ ဆိုင်မွန်နဲ့ ကျွန်မက ကျွန်မကိုယ်တိုင်ချက်ထားတဲ့ စားမြိန်စာကို လိုက်ဝေတယ်"သူမက ကြေမွနေသော လက်သုတ်ပဝါ တစ်ထည်ကို တင်းတင်းဆုပ်ကိုင်လိုက်ပြီး ကျဆင်းလာသော မျက်ရည်ကို သုတ်လိုက်၏။

စတန်းဝစ်က သူ၏ မှတ်ဆိတ်မွေးကို ပွတ်သပ်လိုက်သည်။

"နောက်ပြီး သန်းခေါင်ရောက်တော့ ဘာဖြစ်ခဲ့သလဲ"

"၁၂နာရီထိုးဖို့ နီးလာတဲ့အခါ ကျွန်တော်တို့အားလုံး မတ်တတ်ရပ်လိုက်ကြတယ်" ဂျွန်မဲရစ်ဒေးလ်က ဆက်ပြောပြခဲ့၏။ "လူအားလုံးရဲ့ ဖန်ခွက်တိုင်းမှာ ရှန်ပိန်နဲ့ ပြည့်ထားလိုက်တယ်။ ၁၂ နာရီလည်း ထိုးရော ကျွန်တော်တို့အားလုံး "ပျော်ရွှင်ဖွယ်ရာ နှစ်သစ်မင်္ဂလာ"လို့ အော်လိုက်ကြပြီး ရှန်ပိန်ကို သောက်လိုက်ကြပါတယ်။ အဲဒီလို လုပ်နေကြစဉ်အတွင်းမှာပဲ 'ဆိုင်မွန်'ဟာ 'ဘော့'ကို မတော်တဆ တိုက်လိုက်မိပြီး သူ့ခွက်ထဲက ရှန်ပိန်တွေဟာ ဘော့အပေါ် ဖိတ်ကျသွားခဲ့ပါတယ်။ ဒါပေမဲ့ ခပ်မြန်မြန် သုတ်ပစ်ခဲ့တာပါ"

"ဒါပေမဲ့ တစ်ခဏလောက် ကြာပြီးတဲ့နောက် ဘော့ လဲကျသွားခဲ့ပါတယ်။ ကျွန်တော်တို့က နလုံးရောဂါ ဖောက်ပြန်တာလို့ထင်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံကား ခေါ်လိုက်တယ်။ ဆေးရုံကားရောက်လာတော့ 'ဘော့'က သေနေပြီ။ သူတို့က 'ဘော့'ကို စစ်ဆေးကြည့်ခဲ့ကြပြီး မသင်္ကာစရာ ရှိနေတာမို့ ရဲကို အကြောင်းကြားလိုက်ပါတယ်''

''ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို ခဏလောက် ခွင့်ပြုပါ'' စတန်းဝစ်က ထရပ်လိုက်ပြီး ဝေါ့ကာနှင့်အတူ ခန်းမထဲသို့ ဝင်ရောက်သွားခဲ့ကြ၏။ ''သေမှုသေခင်းစစ် ဆရာဝန်က ဘာရှာတွေ့ခဲ့သလဲ မက်''

အင်စပက်တာ ဝေါ့ကာက မျက်နှာကိုမဲ့လိုက်ပြီး သူ၏ကုပ်ပိုးကို ကုတ်လိုက်၏။

''ဒေါက်တာ ဖီးလ်စ် ဘာရီကတော့ ချက်ချင်း အာနိသင်ပြတဲ့ အဆိပ် ဖြစ်ပုံရတယ်လို့ ပြောပါတယ်။ ဒန်းဟုပ်ရဲ့ ဖန်ခွက်ထဲက ရှန်ပိန် လက်ကျန်နဲ့ အဝတ်မှာ စွန်းနေတဲ့ဟာကိုလည်း ကျွန်တော်တို့ စစ်ဆေးကြည့်ခဲ့ပါတယ်။ အဆိပ်ပါတဲ့ အရိပ်အယောင်တောင် ရှိမနေပါဘူး''

'' စားမြိန်စာနဲ့ ပတ်သက်လို့ကော''

''ညွှန်းသည်တွေ အပြောတော့ သူက တစ်ဝက်လောက်ပဲ စားခဲ့တယ်လို့ ဆိုပါတယ်။ သူမစားဘဲ ကျန်နေတဲ့တစ်ဝက်ကိုလည်း စစ်ကြည့်ပြီးပါပြီ။ အဆိပ်မရှိပါဘူး။ သူဟာ တခြား ဘာကိုမှ မစားခဲ့ဘူး၊ မသောက်ခဲ့ဘူးလို့ ဆိုပါတယ်''

''သူ့ရဲ့ အင်္ကျီအိတ်ကပ်ထဲမှာ စားစရာတစ်ခုဖြစ်ဖြစ်၊ ဒါမှမဟုတ် ထူးဆန်းတာ တစ်ခုခုဖြစ်ဖြစ် ရှိနေတာ တွေ့ရလား''

''မရှိပါဘူး သော့ရယ်။ ဘီးရယ်၊ ငွေအကြွေတွေရယ် ဒါပဲ ရှိပါတယ်။ ကျွန်တော်တို့ စဉ်းစားမရတာက ဒါပဲတွမ်။ သူဟာ ညသန်းခေါင်ဝန်းကျင်လောက်မှာပဲ အဆိပ်ခတ်ခံရတာ ဖြစ်ရမယ်။ ဒါပေမဲ့ အဆိပ်ကို သူ ဘယ်လို စားလိုက်သလဲဆိုတာကို ခန့်မှန်းလို့ကိုမရဘူး''

စတန်းဝစ်က ပြန်မပြောမီ တစ်ချက်သမ်းဝေလိုက်၏။

''ကျွန်တော်ပြောမယ်။ တကယ်လို့သာ ဒေါက်တာ ဖီးလ်စ် ဘာရီရဲ့ တွေ့ရှိချက်ဟာ အတည်ဖြစ်မယ်။ နောက်ထပ် ထူးခြားတဲ့ အချက်အလက်တွေလည်း မပေါ်ပေါက်ဘူးဆိုရင် သတ်ပုံသတ်နည်းနဲ့ သတ်ခဲ့တယ်လို့ ယူဆရမယ့်သူကို ကျွန်တော် ထောက်ပြနိုင်တယ်''

ဒန်းဟုပ်ကို ဘယ်သူက ဘယ်လို သတ်ခဲ့သလဲ။

အဖြေကို စာမျက်နှာ (၁၀၉) တွင်ကြည့်–

ကိုယ်ပျောက် လူသတ်သမားအမှု

သောမတ်စ် စတန်းဝစ်နှင့် ရှိုင်းစတန်းရဲဌာနမှ သူ၏မိတ်ဆွေ အင်စပက်တာ မက်သရူး ဝေါ့ကာတို့သည် မြို့လယ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း လူသတ်မှုများအကြောင်း ပြောဆိုနေခဲ့ကြ၏။ ယခုလည်း ထူးထူးခြားခြား အမှုမရှိသဖြင့် နှစ်ယောက်သား အေးအေးလူလူ စကားပြောနေခြင်း ဖြစ်သည်။ ထိုသို့ စကားကောင်းနေစဉ်မှာပင် ဝေါ့ကာ၏ မိုဘိုင်းဖုန်းသည် အသံမြည်လာခဲ့သည်။ ဝေါ့ကာက ဖုန်းဖြင့် စကားပြောပြီးနောက် စတန်းဝစ်အား ပြောလိုက်ပါသည်။ 'မစ္စတာ စတန်းဝစ်၊ လူသတ်မှုတစ်ခုတော့ ကြုံပြန်ပြီ။ စိတ်ဝင်စားရင် လိုက်ခဲ့ပါလား'

'ဒါမျိုး ဘယ်လက်ရှောင်လို့ ဖြစ်ပါ့မလဲ။ ဘာမှ အလုပ်မရှိလို့ ပျင်းနေတာကြာလှပြီ။ ကောင်းကောင်းလိုက်တာပေါ့ဗျာ'

သို့ဖြင့် အင်စပက်တာ ဝေါ့ကာနှင့် စတန်းဝစ်တို့သည် အခင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပွားရာ ပင်လယ်ပျော် စားသောက်ဆိုင်သို့ ထွက်လာခဲ့ကြသည်။ လေကောင်းလေသန့် ကောင်းကောင်းမရဘဲ ပိတ်လှောင်နေသော စားသောက်ဆိုင်အတွင်းတွင် ယူနီဖောင်းဝတ် ရဲနှစ်ယောက်သည် ရောက်ရှိနေကြပြီး လူသတ်မှုဖြစ်ပွားစဉ်က ရှိနေခဲ့ကြသောသူများ၏ အမည်နှင့်လိပ်စာများကို မေးမြန်းမှတ်သားနေကြ၏။ လူသတ်ခံရကြောင်းကို ညနေ ၃း၃၀ နာရီတွင် သိကြရခြင်း ဖြစ်လေရာ စတန်းဝစ်တို့သည် တစ်နာရီခန့်နောက်ကျပြီး ရောက်လာကြခြင်း ဖြစ်သည်။ အခင်းဖြစ်ပွားစဉ် ရှိနေခဲ့ကြသော လာရောက်စားသောက်သူ ခြောက်ဦးကိုလည်း ပြန်ခွင့်မပြုသေးဘဲ ခေါ်ဆောင်ထားခဲ့၏။ လင်မယားစုံတွဲတစ်တွဲနှင့် မိသားစုတစ်စု ဖြစ်ကြသည်။ ထို့ပြင် စားသောက်ဆိုင်မှ စာရင်းကိုင်တစ်ဦး၊ သန့်ရှင်းရေး အကူကောင်လေးတစ်ဦး၊ စားပွဲထိုးနှစ်ယောက်နှင့် စားဖိုမှူးတို့ ဖြစ်ကြသည်။

အင်စပက်တာ ဝေါ့ကာက စိတ်ပျက်လက်ပျက် ဖြစ်နေသော ဆိုင်ရှင်ဖြစ်သူ စတီဗင် အိုက်ဗင်အား သူ့ကိုယ်သူ မိတ်ဆက်ပေးလိုက်ပြီးနောက် စတီဗင်၊ ဝေါ့ကာနှင့် စတန်းဝစ်တို့သည် ပင်မ စားသောက်ခန်းအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ စားသောက်ခန်း အကျယ်ကြီးထဲတွင် စားပွဲ ၁၇ ဝိုင်းရှိနေပြီး ညာဖက်တွင် ကပ်လျက် စားသောက်ခန်းကလေး တစ်ခုလည်း ရှိနေသည်၊

'ဟယ်လို . . . အာနီ' ဟု ဝေါ့ကာက ရဲတပ်ဖွဲ့ ဓာတ်ပုံဆရာအား နှုတ်ဆက်လိုက်သည် 'ခင်ဗျားတို့ တော်တော် ခရီးရောက်ကြပြီလား'

'စရုံပါပဲ။ 'ဂျင်'က လက်ဗွေရာ ရှာနေတယ်'

စားသောက်ခန်းအငယ်သည် ပင်မ စားသောက်ခန်းမကြီးနှင့် တံခါးပေါက်တစ်ခုဖြင့် ဆက်နေ၏။ အခန်းငယ်အတွင်း စားပွဲဝိုင်းလုံးသာ ထားရှိသည်။

ထိုစားပွဲဝိုင်းလုံးအနက် တစ်လုံးပေါ်တွင် တစ်ဝက်တစ်ပျက်သာ စားထားသော ထမင်းဟင်း ပန်းကန်များဖြင့် ညစ်ပေလျက်ရှိ၏။ ဤစားပွဲ၏အနီးတွင် ချမ်းသာကြွယ်ဝသည့် ထုတ်ဝေသူတစ်ဦးဖြစ်သူ ဂျရဲလ်ဟော့တဲလ်မင်းသည် နောက်ကျောတွင် ဓားတန်းလန်းဖြင့် လဲကျသေဆုံးလျက် ရှိသည်။

''ဓားကတော့ စားသောက်ဆိုင်သုံး သားလှီးဓားပါ။ ဓားမှာ လက်ဗွေရာ ရှာလို့မရပါဘူး။ လက်ဗွေရာ ရှာမရအောင် သုတ်ပစ်လိုက်ပုံရတယ်'' ဟု လက်ဗွေရာရှာနေသော ပညာရှင်က ပြောပြလိုက်၏။

အင်စပက်တာ ဝေါ့ကာက ခေါင်ညိတ်ပြလိုက်ပြီး ရှုံးရှုံးကလေး ပြင်ဆင်ထားသော အခန်းကို လှည့်ပတ်ကြည့်လိုက်သည်။ မျက်နှာကျက်နှင့်ကပ်လျက်ရှိသော ပြတင်းပေါက် အသေးကလေးများကြောင့် အခန်းမှာ လေ အနည်းငယ် ဝင်ခွင့်ရသကဲ့သို့ ရှိနေသည်။ သို့သော် အခန်းတွင်းတွင် အနံ့အသက်များ မကောင်းလှပေ။

''အလောင်းကို ဘယ်လို တွေ့လိုက်ရတာလဲ'' ဟု ဝေါ့ကာက ဆိုင်ပိုင်ရှင်အား မေးလိုက်ပါသည်။

''လွန်ခဲ့တဲ့ တစ်နာရီခွဲ သာသာလောက်က ဒီအခန်းရဲ့ စားပွဲထိုးအမျိုးသမီး ကရစ်စ်က မစ္စတာ ဟော့တဲလ်မင်းအနေနဲ့ ဘာများထပ်မှာချင်သေးသလဲလို့ မေးဖို့ဝင်သွားခဲ့တာပါ'' မျက်နှာတွင် ချွေးပြန်နေသော ဆိုင်ရှင်က ပြောခဲ့သည်။ ''သူမက တံခါးပေါက် အရောက်မှာပဲ ဒီလိုအခြေအနေကို တွေ့လိုက်ရပြီး ထိတ်လန့်တကြား အော်လိုက်လို့ သိကြရတာပါ''

''အဲ့ဒီကတည်းက ဒီအခန်းထဲမှာ တခြား ဘယ်သူမှမရှိဘူး မဟုတ်လား''ဟု စတန်းဝစ်က ဝင်မေးလိုက်ပါသည်။

''ဒီအခန်းထဲမှာ သူတစ်ယောက်တည်းပဲ ကျန်တာပါ။ နေ့လယ်စာလာစားတဲ့ အဘိုးကြီး၊ အဘွားကြီး စုံတွဲကလည်း အလောင်းကိုမတွေ့ခင် မိနစ်နှစ်ဆယ်လောက်ကတည်း ပြန်သွားကြတယ်''

www.burmeseclassic.com

www.burmeseclassic.com

''သူတို့ ပြန်သွားပြီးနောက် မစ္စတာ ဟော့တဲလ်မင်းကို အသက်ရှင်လျက် မြင်လိုက်တဲ့သူ ရှိလား''ဟု အင်စပက်တာ ဝေါ့ကာက မေးလိုက်သည်။

''ရှိတာပေါ့။ အဘိုးကြီးစုံတွဲက ငွေရှင်းဖို့ ကောင်တာကိုလာစဉ်မှာပဲ ဟော့တဲလ်မင်းက အခန်းထဲက ထွက်လာပြီး အဘွားကြီး မေ့ကျန်ခဲ့တဲ့ မျက်မှန်ကို လိုက်ပေးခဲ့သေးတယ်''

'အဲ့ဒီနောက် မစ္စတာ ဟော့တဲလ်မင်းက ဒီအခန်းထဲ ပြန်သွားခဲ့သလား'

''ဟုတ်ပါတယ်''

''နောက်ပြီး မစ္စတာ ဟော့တဲလ်မင်း ဒီအခန်းကို ပြန်လာတဲ့အချိန်နဲ့ အလောင်းကို တွေ့တဲ့အချိန် အကြားမှာ ဒီအခန်းထဲကို ဘယ်သူဝင်သေးသလဲ''

''ဘယ်သူမှ မဝင်ပါဘူးဆရာ။ တခြားဧည့်သည်တွေက ခန်းမထဲမှာပါ။ စားပွဲထိုးကလည်း နားနေတဲ့အချိန်ပါ''

စတန်းဝစ်က ဆိုင်ရှင်အား မချိုမချဉ် ကြည့်လိုက်သည်။ ''ဒီအခန်းထဲကို ဘယ်သူမှ မဝင်ဘူးလို့ ခင်ဗျားဘာကြောင့် ပြောနိုင်တာလဲ''ဟု မေးလိုက်ပါသည်။

''ကျွန်တော်က ငွေရှင်းကောင်တာနားက စားပွဲကလေးမှာ ထိုင်ရင်း စာရင်းတွေကို ကြည့်နေတာပါ။ ဝင်ရင်လည်း ကျွန်တော်သတိထားမိမှာပါ''ဟု ဆိုင်ရှင်က ပြန်ရှင်းပြခဲ့၏။

ထို့နောက်တွင် သက်ဆိုင်ရာ တာဝန်ရှိသူများက အလောင်းကို လာရောက် သယ်ယူသွားခဲ့ကြ၏။ စတန်းဝစ်သည် အခန်းငယ်ကလေးအတွင်း လှည့်ပတ်ကြည့်ရှုရင်း စဉ်းစားနေခဲ့သည်။ အခန်းကလေးအတွင်းသို့ ပင်မခန်းမကြီးမှ ဝင်ရသည့် အပေါက်မှလွဲ၍ တခြားဝင်ပေါက်ဟူ၍ လုံးဝ မရှိပေ။ ပြတင်းပေါက်များမှာလည်း လူတစ်ယောက် ခိုးဝင်နိုင်လောက်အောင် မကြီးချေ။ အပြင်ဘက်မှ ဖားဖြင့် ပစ်ပေါက်ရန်မှာလည်း ပြတင်းပေါက်များသည် မြင့်လွန်းနေသည်။ စတန်းဝစ်သည် မျက်မှောင်ကုတ်လိုက်ရင်း ပင်မအခန်းတွင်းသို့ ဝင်လိုက်ပြီး အင်စပက်တာ ဝေါ့ကာအား မေးလိုက်သည်။

''တစ်ခုခု ယူသွားတာ ရှိသလား''

''မစ္စတာ ဟော့တဲလ်မင်းရဲ့ ပိုက်ဆံအိတ် မရှိတော့ဘူး''

''ဒါဆိုရင် ဟော့တဲလ်မင်းမှန်း ဘယ်လိုလုပ် သိနိုင်ကြတာလဲ''

''ဒီမှာရှိတဲ့ ပိုင်ရှင်ရော၊ ဝန်ထမ်းတွေပါ ဟော့တဲလ်မင်းကို သိကြတယ်။ သူက ဒီမှာ လာစားနေကျ ဖောက်သည်လေ''

စတန်းဝစ်နှင့် ဝေါ့ကာတို့သည် ဟော့တဲလ်မင်း အသတ်ခံခဲ့ရသော အခန်းကလေးဘက်သို့ ပြန်လှည့်လာခဲ့ကြပြီး တံခါးဝတွင် ရပ်လိုက်ကြ၏။ အခန်းထဲတွင် မည်သူမျှ မရှိတော့ချေ။ ထိုစဉ် သန့်ရှင်းရေးလုပ်သည့် ကောင်လေးသည် လက်တွန်းလှည်းကလေးကို တွန်းပြီး စတန်းဝစ်တို့အနားမှ ဖြတ်သွားကာ သေသူထိုင်ခဲ့သော စားပွဲမှ အကြွင်းအကျန်များကို ရှင်းလင်းနေခဲ့သည်။

''ကျွန်တော်တို့ ထွက်ဆိုချက်တွေ ယူနေတုန်းပဲ။ ဒါပေမဲ့ ကြားရသမျှကတော့ ဆိုင်ရှင်ရဲ့ ထွက်ဆိုချက်နဲ့ မကွာခြားပါဘူး။ ဆိုင်ရှင်ဟာ ငွေသိမ်းကောင်တာနားက စားပွဲမှာ တစ်ချိန်လုံး ထိုင်နေတယ်လို့ ဆိုပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် နည်းနည်းတော့ ဆန်းတယ်လို့ ထင်မိတယ်။ ဝင်ပေါက်ဆိုလို့လည်း ဒီတစ်ပေါက်ပဲရှိတယ်။ အဘိုးကြီး၊ အဘွားကြီး စုံတွဲထွက်သွားပြီး နောက်ပိုင်း ဟော့တဲလ်မင်းကလွဲလို့ ဘယ်သူမှလဲ မရှိဘူး။ ဟော့တဲလ်မင်းက ဒီအခန်းထဲကို ပြန်ဝင်သွားတာကိုလည်း မြင်လိုက်ကြတယ်။ နောက် အလောင်းတွေ့တဲ့ အချိန်အထိ တခြားဘယ်သူမှ ဝင်တာကိုလည်း မတွေ့ကြဘူး။ ခေါင်းစားစရာပဲဗျို့''

''မဖြစ်နိုင်တဲ့ အမှုပေါ့ ဟုတ်လား''စတန်းဝစ်က ရယ်မောလိုက်ရင်း ပြောလိုက်ပါသည်။ ''အနည်းဆုံးတော့ ကိုယ်ပျောက် လူသတ်သမားက ကျူးလွန်တဲ့ အမှုပေါ့။ ကိုယ်ပျောက်သွားနိုင်တဲ့ နည်းတွေက အများသားကိုဗျ။ ဘယ်သူ သတ်တယ်ဆိုတာ ကျွန်တော် ခင်ဗျားကို ပြောပြနိုင်ပါတယ်'

ဟော့တဲလ်မင်းကို ဘယ်သူ သတ်လိုက်ပါသလဲ။

အဖြေကို စာမျက်နှာ (၁၁၂) တွင်ကြည့်-

■

www.burmeseclassic.com

www.burmeseclassic.com

ကန့်လန့်ကာအချ

ပစ္စတိုသေနတ်၏ ပြောင်းဝမှ သေနတ်သံနှစ်ချက် ထွက်ပေါ်လာခဲ့သည်။ လေဒီကာနီဗယ် (ဗင်နီဆာနက်သာဝုဒ်)နှင့် သူမ၏တူမ (အဲလီဖဘာက်)။ မားဒေါ့ချ် ကြောက်လန့်တကြား ငယ်သံပါအောင် အော်လိုက်ချိန်မှာပင် ဆမ်စပီးယားရွှန်အဖြစ် သရုပ်ဆောင်ရသော မော်တန်ဟူးပါးသည် ဇာတ်စင်ကြမ်းပြင်ပေါ်သို့ လဲကျသွားခဲ့၏။ ထို့နောက်တွင် လစ်ဇီဘဲလ်(အဲန်ဒိုဟာတီ)သည် လက်ထဲတွင် သေနတ်ကိုင်လျက်ရှိဆဲဖြင့် သူမ၏ပရိသတ် နက်ဟက်စတာ(ကင်လင့်ချ်)နှင့်အတူ ဇာတ်စင်ပေါ်မှ ထွက်ပြေးသွားခဲ့သည်။

ရှိုင်းစတာန် အရပ်ပြဇာတ် ကပြနေသူများ၏ 'Two Bullets Too Many' အမည်ရှိ လူကြိုက်များလှသည့် ပြဇာတ်သည် ခပ်ကြမ်းကြမ်းဖြင့် ဇာတ်လမ်း စတင်ခဲ့၏။ သေနတ်ပစ်ခန်းပြီးနောက် ၅မိနစ်လောက်အကြာတွင် ပြကွက်-၃သည် ပြီးဆုံးသွားခဲ့သည်။ ပြကွက်ပြောင်းသည့်အချိန်တိုကလေးအတွင်းတွင် နက်သာဝုဒ်နှင့် မားဒေါ့ချ်တို့နှစ်ဦးသာ တစ်စိတ်တစ်ပိုင်း မှောင်မိုက်နေသော ဇာတ်စင်ပေါ်တွင် ဆက်လက်ရှိနေခဲ့ကြသည်။

ပြကွက်-၄ သည် သူတို့ အချင်းချင်းအကြား စကားပြောခန်းဖြင့် စတင်သည်။ ပြသ၍ မိနစ်အတော်ကြာသောအခါ လစ်ဇီဘဲလ်သည် ပစ္စတိုသေနတ် တကားကားဖြင့် ဇာတ်စင်ပေါ်တွင် ပြန်ပေါ်လာခဲ့သည်။ လစ်ဇီဘဲလ်သည် စကားကို ခပ်ကြမ်းကြမ်းပြောဆိုခဲ့ပြီးနောက် သူမသည် လေဒီကာနီဗယ်ဘက်သို့ သေနတ်ကို လှည့်ချိန်လိုက်ကာ သေနတ်ဖြင့်နှစ်ချက် ပစ်လိုက်သည်။ ဤတစ်ကြိမ်တွင်မူ ကြမ်းပြင်ပေါ်သို့ ပစ်ကျသွားပုံ၊ သေနတ် အပစ်ခံရသူထံမှ သွေးများ ထွက်လာပုံတို့မှာ သဘာဝကျလွန်းလှကာ ကြောက်အားလန့်အား အော်လိုက်သံမှာလည်း လုပ်ယူရသော အသံမျိုးမဟုတ်ဘဲ အမှန်တကယ် အော်လိုက်သော အသံနှင့်တူလွန်းလှလေသည်။

သောမတ်စ် ပီစတန်းဝစ်သည် ပရိသတ်အကြားမှ ထရပ်လိုက်ကာ 'ကန့်လန့်ကာကို ချလိုက်'ဟု အော်ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နှစ်နာရီခန့် ကြာပြီးသည့်နောက် ပရိသတ်အားလုံးသည် နာမည်၊ လိပ်စာ စသည်တို့ကိုပေးခဲ့ကာ အိမ်သို့ ပြန်ခွင့်ရခဲ့ကြသည်။ သရုပ်ဆောင်များနှင့် ဇာတ်အဖွဲ့သားများသည် အခန်းတစ်ခန်းအတွင်း စုစည်းစေကာ ဆာဂျင်ဟက်ချ်က စစ်ဆေးမေးမြန်းခဲ့သည်။ စတန်းဝစ်နှင့် မက်သရူး ဝေါ့ကာတို့သည် သွေးစွန်းနေသော ကြမ်းပြင်အနီး လူသူ ကင်းမဲ့နေသော ဇာတ်စင်ပေါ်တွင် ရပ်နေကြ၏။

'ဒါဟာ မတော်တစ်ဆဖြစ်တာ မဟုတ်နိုင်ဘူး'ဟု ဝေါ့ကာက ပြောလိုက်သည်။ 'ဇာတ်စင်မန်နေဂျာကို ကျွန်တော် ဟိုးတုန်းကတည်းက သိခဲ့သူဖြစ်ပြီး ယုံလည်း ယုံကြည်တယ်။ သူဟာ အတွေ့အကြုံအများကြီး ရှိတဲ့သူ ဖြစ်တယ်။ ကျည်ဆန် အတုနဲ့အစစ်ကို ကောင်းကောင်း ခွဲခြားနိုင်သူလည်း ဖြစ်တယ်။ ပွဲမစခင်ကတည်းက သေနတ်ထဲကို ကျည်ဆန်အတုနဲ့ ဖြည့်ထားခဲ့တယ်လို့ သူကတော့ ကျိန်ပြောခဲ့တာပဲ'

'ကျွန်တော်တို့အနေနဲ့ ဒီအမှုကို ကိုယ့်ကိုယ်ကိုယ်သတ်သေတဲ့ အမှုအဖြစ်ကနေ ဖယ်ထုတ်နိုင်မယ်လို့ ထင်တယ်'ဟု စတန်းဝစ်က ပြန်ပြောလိုက်သည်။ 'ဆမ်စပီးယားရွှန်ကို ဗလာကျည်နဲ့ ပစ်တဲ့အချိန်နဲ့ ဒုတိယအကြိမ် ပစ်ခတ်မှုအကြား ကာလအတွင်းမှာ မစ္စနက်သာဝုဒ်ဟာ တစ်လျှောက်လုံး ဇာတ်စင်ပေါ်မှာ ရှိနေခဲ့တယ်။ ဒါကြောင့်မို့ သူမအနေနဲ့ သေနတ်ထဲက ကျည်ဆန်ကို ပြောင်းလဲလိုက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ သူမအနေနဲ့ လုပ်မယ်ဆိုရင် ကြံဖော်ကြံဖက် တစ်ယောက်ယောက်ကို အသုံးချရမှာ ဖြစ်တယ်။ ဒီလို လုပ်မယ်ဆိုရင်လည်း နှစ်ယောက်စလုံးအတွက် သိပ်ကို အန္တရာယ် များနေလိမ့်မယ်'

'ကျွန်တော် ဒီအချက်ကို သဘောတူတယ်' ဝေါ့ကာက သက်ပြင်းရှိုက်လိုက်ရင်း ပြောလိုက်ပါသည်။ 'ဒါဆို ဒီအမှုဟာ လူသတ်မှုပဲ။ ပထမ ပစ်ခတ်မှုဟာ ၈ နာရီ ၄၀ မှာ ပစ်ခတ်ခဲ့တာပါ။ မစ္စဒိုဟာတီဟာ ချက်ချင်းဆိုသလိုပဲ ဇာတ်စင်ကနေ ဆင်းချသွားပြီး သေနတ်ကို သေတ္တာထဲ ထည့်ပစ်ခဲ့တယ်။ အဲ့ဒီနောက် သူ့ရဲ့ မိတ်ကပ်ကိုပြင်ဖို့ အခန်းထဲကို ပြန်လာခဲ့တယ်။ ၈ နာရီ ၅၅ မှာ သူမဟာ သေနတ်ကို ကောက်ယူလိုက်ပြီး ဇာတ်စင်ပေါ် ပြန်တက်လာခဲ့တယ်။ ဒါကြောင့် ကြားကာလ ဆယ့်ငါးမိနစ်လောက်အတွင်းမှာ သေနတ်ထဲကကျည်ဆန်ကို ပြောင်းလဲလိုက်တာ ဖြစ်ရမယ်။ နောက်ပြီး ဇာတ်စင်နောက်ပိုင်းဟာ လူတိုင်း ဝင်လို့ရတဲ့ နေရာ မဟုတ်ဘူး'

ထိုတွင် တပ်ကြပ်ကြီး ဟက်ချ်သည် အင်စပက်တာ ဝေါ့ကာထံ သတင်းပို့ရန် ချဉ်းကပ်လာသည်။

'ကျွန်တော် ပဏာမ စစ်ဆေးမေးမြန်းလို့ ပြီးပါပြီဆရာ'ဟု သူက ပြောလိုက်သည်။ 'ဇာတ်စင်မန်နေဂျာ အပါအဝင် ဇာတ်အဖွဲ့သားတွေဟာ တစ်ယောက်နဲ့တစ်ယောက် မပြတ် အဆက်အသွယ် ရှိကြပါတယ်။ အခန်းကူး၊ အခန်းပြောင်းလုပ်တဲ့ အချိန်ကလေးအတွင်း ဘယ်သူမှ ဇာတ်သေတ္တာထဲက သေနတ်ကို ယူနိုင်လောက်အောင် အခွင့်အရေး မရှိပါဘူး။ ဒါရိုက်တာကလည်း သူ့ရဲ့မိတ်ဆွေတွေနဲ့ ပရိသတ်ထဲမှာ ရောက်နေပါတယ်'

မစ္စ ဒိုဟာတီနဲ့ မစ္စတာ လင့်ချ်တို့ကလည်း တစ်ယောက်ကို တစ်ယောက် နောက်ပြောင်ရင်း အဝတ်လဲခန်းထဲမှာ ရောက်နေကြတယ်။ သူတို့အလာကို မျှော်နေတဲ့ မိတ်ကပ်ပညာရှင်ကလည်း ဒီအချက်ကို အတည်ပြုပေးတယ်။ မစ္စနက်သာဝုဒ်နဲ့ မစ္စမားဒေါ့ချ်တို့ဟာ ပစ်ခတ်မှု နှစ်ခုအကြားမှာ ဇာတ်စင်ပေါ်မှာ ရှိနေတယ်။ ပထမအပစ်ခံရတဲ့ မစ္စဟူးပါးဟာ ဇာတ်ဝင်ခန်း-၃ အပြီးမှာ ဇာတ်စင်ပေါ်ကနေ ဆင်းသွားပြီး ဆိုဒါသွားယူတယ်။ အဲ့ဒီနောက် သူဟာ အဝတ်လဲခန်းကို ပြန်လာခဲ့တယ်။

'ပြဇာတ်မှာပါတဲ့ တခြား သရုပ်ဆောင်နှစ်ယောက်ကရော၊ သူတို့ ဘယ်ရောက်နေသလဲ' ဟ ဝေါ့ကာက မေးလိုက်သည်။

ဟလက် စတာဆက်နဲ့ ဂျီးလ်ရစ်ချတ်တို့က တစ်ချိန်လုံး အဝတ်လဲခန်းထဲမှာ ရှိနေပါတယ်။ သူတို့က ပြကွက်-၁၁ အလှည့် အရောက်ကို စောင့်နေကြတာပါ။ တညီတညွတ်တည်း မေးလို့ရတာကတော့ ပြကွက်-၄ ဟာ ၈ နာရီ ၄၇ မိနစ်မှာ စပြတယ်လို့ ဆိုပါတယ်။ မစ္စဒိုဟာတီဟာ ၈ နာရီ ၅၅ မိနစ်မှာ သေနတ်ကိုင်ပြီး ပြန်ပေါ်လာတယ်။ မစ္စ နက်သာဝုဒ်ဟာ ၉ နာရီ ၁ မိနစ်မှာ သေနတ်နဲ့ အပစ်ခံရတယ်'

'ကျေးဇူးတင်ပါတယ် ဟက်ချ် ... ဆက်လုပ်ပါ' ဝေါ့ကာက စတန်းဝစ်ဘက်သို့ လှည့်လိုက်သည်။ 'ဆက်ပြီး မေးမြန်းစစ်ဆေးရမယ်ဆိုတာကတော့ ရှင်းနေတယ်'

'အမှန်ပဲဗျို့။ အထူးသဖြင့် အဓိက သံသယ ဖြစ်စရာကောင်းတဲ့ သူကိုပေါ့' ဟုစတန်းဝစ်က ပြောလိုက်ပါသည်။

စတန်းဝစ် သံသယဖြစ်သူမှာ မည်သူနည်း။ အဘယ်ကြောင့်နည်း။

အဖြေကို စာမျက်နှာ (၁၂၀) တွင်ကြည့်-

www.burmeseclassic.com

www.burmeseclassic.com



မူးယစ်ဆေးဂါတ အသတ်ခံရမှု

ထိုနေ့က သောမတ်စ်ပီ စတန်းဝစ်သည် အင်စပက်တာ မက်သရူး ဝေါ့ကာ၏ ရုံးခန်းသို့ ရောက်ရှိသွားခြင်းသည် တိုက်တိုက်ဆိုင်ဆိုင် အချိန်ကိုက်ပင် ရောက်ရှိသွားခဲ့ခြင်း ဖြစ်သည်။ ဝေါ့ကာသည် မူးယစ်ဆေးဝါးရာဇာ အေရွှန် ဂျရစ်ဖစ် အသတ်ခံရမှုနှင့် ပတ်သက်၍ အခင်းဖြစ်ပွားရာ နေရာသို့ သွားမည့်ဆဲဆဲအချိန်တွင် ရောက်ရှိသွားခဲ့ခြင်း ဖြစ်သည်။ ဝေါ့ကာကလည်း ဝမ်းမြောက်ဝမ်းသာပင် စတန်းဝစ်အား တစ်ပါတည်းလိုက်ခဲ့ရန် ဖိတ်ခေါ်ခဲ့သည်။

သူတို့နှစ်ဦးသည် အခင်းဖြစ်ပွားရာ ဟားဗတ် ဒရိုက်သို့ ကားဖြင့် သွားနေစဉ် ဝေါ့ကာက 'ဂျရစ်ဖစ်လိုလူမျိုး ပစ်အသတ်ခံရတာ ကျွန်တော်တော့ မအံ့သြမိပါဘူး'ဟု ပြောလိုက်ပါသည်။ 'သေနတ်နဲ့ နှစ်ချက်တောင် အပစ်ခံရတာ။ သူက မူးယစ်ရာဇာတစ်ယောက်လေ။ ကျွန်တော်တို့ သူကို အတော်ကြာကြာ စောင့်ကြည့်ခဲ့ဖူးတယ်။ သူက သူ့ရဲ့ အိမ်အပေါ်ထပ်မှာ

ရှိတဲ့ ရုံးခန်းကနေ အလုပ်ကို စီမံခန့်ခွဲနေတာ။ တံခါးပေါက်မှာလည်း သက်တော်စောင့်တစ်ယောက် ငှားပြီး စောင့်ခိုင်းထားတယ်။ သူ့အဆင့် လောက်အနေနဲ့ပြောရရင် အခြေအရံ သိပ်များတယ်လို့ မပြောနိုင်ဘူးပေါ့'

'သက်တော်စောင့်ကလည်း တော်ကာလျော်ကာ ဖြစ်ပုံရတယ်'ဟု စတန်းဝစ်က ခန့်မှန်းကြည့်လိုက်သည်။

အင်စပက်တာ ဝေါ့ကာက စတန်းဝစ်အား လှည့်ကြည့်လိုက်ရင်း 'အင်း ... အဲ့ဒါကြောင့် သူ ပေးဆပ်လိုက်ရတာပဲ။ သက်တော်စောင့်ကိုလည်း ပစ်သတ်သွားတယ်။ ဂျရစ်ဖစ်ဟာ သေနတ်နဲ့ အပစ်ခံရပြီးနောက် ၉၁၁ ကို ဖုန်းဆက်နိုင်လောက်အောင် အသက်ရှင်နေခဲ့သေးတယ်။ ဒါကို နားထောင်ကြည့်ပါလား'ဟု ပြောပြလိုက်သည်။

ဝေါ့ကာက ကက်ဆက်တိတ်ခွေအား ဖွင့်ပြလိုက်ပါသည်။

'အခုပြောနေတာ ဂျရစ်ဖစ်ပါ။ ကျွန်တော်ကို ... သေနတ်နဲ့ ပစ် ... ရဲန် ... ရဲန် ....'

'နာမည်ကို အပြည့်အစုံ ပြောပြ မသွားနိုင်တာကတော့ ဆိုးလှသဗျာ' ဝေါ့ကာက ကက်ဆက်ကို ပြန်ပိတ်လိုက်ရင်း ပြောလိုက်ပါသည်။ 'သူရဲ့ ညှိစာရင်းစာအုပ်မှာ ဒီနေ့မနက် လူသုံးယောက်ပါတဲ့ အဖွဲ့နဲ့ တွေ့မယ်လို့ ချိန်းထားတာကို ရေးထားတယ်။ အဲလ်ဘတ်ရဲန်ဗီးနဲ့ ဘာရီ ရဲန်ဖီးလ်၊ ကားလ်ရဲန်နက်ကာတို့သုံးဦးနဲ့ တွေ့ဖို့ ချိန်းထားတာပါ'

''ရဲန်'တွေချည်းပါတဲ့ သုံးယောက်ပါလား' စတန်းဝစ်က တိုးတိုး

www.burmeseclassic.com

www.burmeseclassic.com

ဇေရွတ်ရင်း ပြောလိုက်သည် 'တခြား ညွှန်သည်ကော မရှိဘူးလား'

'မြို့စွန်မှာနေတဲ့ သူ့ရဲ့ညီမ ဖလော်ရာတစ်ယောက်ပဲ လာခဲ့တယ်၊ ပြောရင်းဆိုရင်း ရောက်ပြီဗျို့'

ခဏအကြာမှာပင် စတန်းဝစ်နှင့် ဝေါ့ကာတို့သည် ဂျရစ်ဖစ်၏ ရုံးခန်းသို့သွားရာ တံခါးအပြင်ဘက်ရှိ သက်တော်စောင့်၏ အလောင်း အနီးတွင် ရပ်လျက် ရှိနေခဲ့ကြသည်။ တံခါးပေါက်သည် စင်္ကြံလမ်း၏ အဆုံးတွင် တည်ရှိနေသည်။ သက်တော်စောင့်နှင့် ငါးပေလောက်အကွာရှိ နံရံတွင် လျှို့ဝှက်စွာဖောက်ထားသော လျှို့ဝှက်တံခါးသည် ပွင့်လျက်ရှိနေ၏။ ဝေါ့ကာက အတွင်းသို့လှမ်းကြည့်လိုက်ပြီး လေချွန်လိုက်ပါသည်။

'လျှို့ဝှက် တံခါးပေါက်ပဲဗျ ' သူက အံ့အားတသင့် ပြောလိုက်သည်။ 'ဒီလိုဟာမျိုးက တွေ့ရခဲတယ်။ ဒါပေမဲ့ ဂျရစ်ဖစ်ကတော့ သူ့ရဲ့ ဂယ်ပေါက်အဖြစ်သုံးဖို့ ပြင်ဆင်ထားတာလို့ ထင်တယ်'

မက်သရူး ဝေါ့ကာနှင့် စတန်းဝစ်တို့သည် ကော်ဇောခင်းထားသော သေဆုံးသူ၏ ရုံးခန်းအတွင်းသို့ ဝင်လိုက်ကြသည်။ အခန်းထဲတွင် ရောက်နှင့် နေပြီးဖြစ်သော ရဲတပ်ကြပ်ကြီးက သူတို့အား လာရောက် နှုတ်ဆက်ခဲ့၏။

'သက်တော်စောင့်က အနီးကပ်ပြီး ပစ်သတ်တာ ခံလိုက်ရတာပါ ဆရာ။ နှစ်ပေ၊ သုံးပေအကွာလောက်ကနေ ပစ်သတ်လိုက်တာပါ။ ဒေါက်တာ ဖီးလ်စဘာရီကတော့ သက်တော်စောင့်က ပထမဆုံး အသတ်ခံရတာလို့ ပြောပါတယ်။ ဂျရစ်ဖစ်ကတော့ တံခါးပေါက်ကနေ အပစ်ခံရတဲ့ပုံ ပေါ်ပါတယ်။ တံခါးပေါက်နဲ့ သေသူရဲ့စားပွဲက ပေ နှစ်ဆယ်လောက် ကွာဝေးပါတယ်'

ပေါလစ်ရောင်ဖြင့် တလက်လက် တောက်ပနေသော ကျွန်းစားပွဲကြီးသည် အခန်း၏ အလယ်တည့်တည့်တွင် တံခါးပေါက်အား မျက်နှာမူလျက် တည်ရှိနေ၏။ ဂျရစ်ဖစ်သည် စားပွဲပေါ်သို့မှောက်လျက် ကျနေပြီး သွေးအလူးလူး ရှိနေသည်။ သူ၏ လက်ထဲတွင် တယ်လီဖုန်းအား ဆုပ်ကိုင်ထားလျက် ရှိနေ၏။ သူ၏ ရွှေဖောင်တိန်၊ ဖိုင်တွဲအနည်းငယ်နှင့် ချိန်းဆိုချက် မှတ်တမ်းစာအုပ်တို့သည်လည်း သွေးအလူးလူး ဖြစ်နေသည်။ စားပွဲနှင့် အခန်းအတွင်း နေရာတိုင်းတွင် စစ်ဆေးနေသူများသည် တိတ်တိတ်ဆိတ်ဆိတ်နှင့် ထိထိရောက်ရောက် အလုပ်လုပ်လျက် ရှိနေကြသည်။

'လူပြိန်းစကားနဲ့ပြောရရင် ရင်ဘတ်နဲ့ လည်ချောင်းကို အပစ်

ခံလိုက်ရတာပါ' အလောင်းကို စစ်ဆေးသူ ဒေါက်တာ ဖီးလ်စဘာရီက ပြောပြလိုက်သည်။ 'သူ စကားပြောနိုင်သေးတာကတော့ အံ့သြစရာပဲ။ ဒါကလည်း မဖြစ်နိုင်ဘူးလို့ ပြောရခက်သားကလား'

'ဒါထက် ဟို'ရဲန်'ဆိုတဲ့ နာမည်တွေနဲ့ လူသုံးယောက်က ဘယ်သူတွေလဲ'ဟု စတန်းဝစ်က ကောက်ကာငင်ကာ မေးလိုက်ပါသည်။

ရဲန်ဖီးလ် ဆိုတဲ့လူက တောင်အမေရိကက မူးယစ်ဆေးဝါး ဂိုဏ်းတွေနဲ့ အဆက်အသွယ်ရှိတယ်။ သူက တောင်အမေရိကကနေ ရောက်နေတာ။ ဒီတစ်ကြိမ်ပဲ ဂျရစ်ဖစ်နဲ့ တွေ့ဖူးကြတာပါ။ ရဲန်ဖီးလ်ကတော့ မူးယစ်ဆေးဂိုဏ်း တစ်ဂိုဏ်းက ကိုယ်စားလှယ်ပဲ။ သူက အရင်ကလည်း ဂျရစ်ဖစ်နဲ့ အလုပ်နှစ်ကြိမ်လောက် လုပ်ခဲ့ဖူးတယ်။ ရဲန်နက်ကာကတော့ ဂျရစ်ဖစ်ရဲ့ လူယုံဖြစ်ခဲ့ဖူးတယ်။ သူက ဂျရစ်ဖစ်ရဲ့ ပြည်နယ်အနောက်ဘက်ခြမ်းရဲ့ အခြေစိုက် ကိုယ်စားလှယ်ပါ။ ကျွန်တော် ဒီကိုမလာခင်က လေးမှာပဲ ရဲသတင်းကွန်ရက်မှာ သူတို့အကြောင်းကို ဝင်ကြည့်ခဲ့သေးတယ်'

'နောက်ပြီး သူ့ရဲ့ညီမက ဒီလူသုံးယောက် မရောက်ခင် ရောက်လာခဲ့တာလား'

'ဟုတ်တယ်။ ၈ နာရီ ၃၀ လောက်မှာ ရောက်ခဲ့တာပါ။ ဟိုလူသုံးယောက်က ၁၀ နာရီမှာ ရောက်လာကြတာပါ။ ဒီလူ သုံးယောက်ထဲက တစ်ယောက်ယောက် လက်ချက်ဖြစ်မယ်။ ဂျရစ်ဖစ်သေလို့ သူတို့အားလုံး အကျိုးတူ ခံစားစရာ ရှိပုံတော့မရပါဘူး'

'ဒီအမှုမှာ တစ်ချက်နှစ်ချက်လောက် ထုတ်ယူဆင်ခြင်လိုက်ရင် အဖြေဖော်နိုင်မှာပါ' စတန်းဝစ်က ပြောလိုက်သည်။ 'တစ်ချက်က 'ရဲန်' သုံးယောက်ထဲက တစ်ယောက်ဆိုတာ သေချာတယ်။ နောက်တစ်ချက်က ဘယ်သူလဲဆိုတာ ကျွန်တော် ဖော်နိုင်ပြီလို့ ထင်တယ်'

ဂျရစ်ဖစ်ကို ဘယ်သူ သတ်ပါသလဲ။

အဖြေကို စာမျက်နှာ (၁၀၉) တွင်ကြည့်–

■

www.burmeseclassic.com

www.burmeseclassic.com



သိမ်းမြစ်အနီးမှ လူသတ်မှု

''လေဒီ မက်ဂီးခမျာ သနားစရာ ကောင်းလိုက်တာ''ဟု ဂျူးဒစ်ဂူးလ်ဘရော့က ဆို၏။ ''ဆာ အလန်ကသေ၊ လက်ဝတ်ရတနာတွေကပါသွား၊ ငွေထည်တွေလည်း မရှိတော့ သူ ဘယ်လိုလုပ် ဖြေသာပါတော့မလဲ'' ဝမ်းနည်းမဆုံးရှိနေသော အိမ်ဖော်လုပ်သူ ဂျူးဒစ်ဂူးလ်ဘရော့သည် မျက်ရည်မဆည်နိုင်အောင် ရှိနေသည်။

''ကျွန်တော်တို့ လောလောဆည် ထပ်မေးစရာ မရှိတော့ပါဘူး''ဟု စကော့တလန်ယာဒ်မှ စုံထောက် အင်စပက်တာ ဂီးလ်ဘတ် ဘော့ဝင်းက ပြောလိုက်၏။ ''ကျေးဇူးပြုပြီး ဒီနေရာမှာပဲ နေခဲ့ပါ''

အင်စပက်တာနှင့် သူ့အဖော် သောမတ်စ်ပီ စတန်းဝစ်တို့သည် ဆာ အလန်နှင့် လေဒီ မက်ဂီးတို့၏ ခမ်းနားထည်ဝါလှသည့် တိုက်ခန်းသို့ သွားရာ လှေကားသို့ ပြန်တက်လာခဲ့ကြ၏။ နာမည်ကြီး စက်မှုလုပ်ငန်းရှင်ကြီးဖြစ်သော ဆာအလန်နှင့် သူ၏ဇနီးတို့သည် ပါလီမန် အဆောက်အအုံနှင့် မလှမ်းမကမ်းရှိ သိမ်းမြစ်တစ်ဖက်ကမ်းတွင် နေထိုင်ကြသည်။

''ချာချီ ဆိုဆိုက်ရဲတီး ကွန်ဖရင့်ကနေ ခင်ဗျားကို ဆွဲထုတ်လာခဲ့တဲ့အတွက် တောင်းပန်ပါတယ် တွမ်''ဟု ဘော့ဝင်းက ပြောလိုက်၏ ''ဒါပေမဲ့ ခင်ဗျားအနေနဲ့ ဒီအမှုကို စိတ်ဝင်စားမယ် ထင်လို့ပါ။ နိုဝင်ဘာလမှာ ခင်ဗျားက လန်ဒန်ကို လာလေ့ မရှိဘူးလေ''

''ကူညီရတာကို အမြဲတမ်း ဝမ်းမြောက်ဝမ်းသာ ရှိစမြဲပါဗျာ''ဟု စတန်းဝစ်က တိုက်ခန်းအဝင်မှာပင် ပြန်ပြောလိုက်သည်။ သူနှင့် အင်စပက်တာတို့သည် ဆင်ဝင်တစ်ခုမှ တစ်ဆင့်ဖြတ်၍ ဧည့်ခန်းအတွင်းသို့ ဝင်ရောက်ခဲ့ကြ၏။ လက်တင်ကုလားထိုင်တစ်လုံးသည် မှောက်လဲလျက်ရှိ နေပြီး နံရံကပ်မီးဖိုပေါ်ရှိ မဟော်ဂနီသားဖြင့် ပြုလုပ်ထားသော သေတ္တာမှာလည်း ပွင့်လျက်ရှိနေ၏။ သေတ္တာထဲတွင်လည်း ဘာမျှမရှိတော့ပေ။

''ဆာ အလန်ကို အခန်းအလယ် ကော်ဇောပေါ်မှာ လဲရက်သားတွေ့ခဲ့ရတာပါ''ဟု ဘော့ဝင်းက ပြောပြလိုက်၏ ''သူ့ရဲ့ ရုပ်အလောင်းကို သယ်ယူသွားခဲ့ပြီးနောက် စစ်ဆေးသူရဲ့ ပဏာမအစီရင်ခံချက်က သူဟာ အရိုက်ခံလိုက်ရတဲ့အတွက် မူးမေ့သွားခဲ့ပြီးနောက် သန်မာတောင့်တင်းတဲ့ လက်နှစ်ဖက်နဲ့ လည်ပင်းညှစ် အသတ်ခံရတာလို့ ဆိုပါတယ်''

''စတန်းဝစ်က သူ၏ နှုတ်ခမ်းမွေးများအား လက်ဖြင့်စမ်းနေ၏။ ''အိမ်ဖော်အမျိုးသမီး ပြောခဲ့တာကို ပြန်စဉ်းစားလိုက်ရင် သူဟာ ၁၀နာရီမှာ အလုပ်စဆင်းတယ်။ တံခါးက သော့ဖွင့်လျက် ရှိနေတာကို တွေ့လိုက်ရတယ်။ အဲ့ဒီနောက် ဧည့်ခန်းထဲဝင်လိုက်ရာမှာ အလောင်းကိုတွေ့တယ်။ ကြောက်လန့်တကြား အော်ဟစ်လိုက်မိပြီးနောက် သူဟာ အနီးက တိုက်ခန်းရှိရာကို ပြေးဆင်းသွားခဲ့တယ်။ အဲဒီအချိန်ကတည်းက သူမဟာ အဲဒီနေရာမှာ''

''ဒါ အမှန်ပါပဲ''ဟု ဘော့ဝင်းက ပြောလိုက်၏ ''သူ့ရဲ့ လက်တွေက သေးသေးသွယ်သွယ်နဲ့ အင်အားမရှိတဲ့အတွက် သူဟာ လူသတ်သမားမဟုတ်တာက ရှင်းပါတယ်။ ဆာအလန်ဟာ ဖောက်ထွင်းဝင်ရောက်တဲ့သူကို လန့်သွားစေပုံ ရပါတယ်။ အဲဒီလူဟာ သူ့ကို သတ်လိုက်ပြီး မီးသားစုပိုင် ငွေထည်ပစ္စည်းတွေယူပြီး ထွက်ပြေးသွားတယ်။ နံရံကပ်မီးဖိုပေါ်မှာ ရိုင်ဖယ်သေနတ်ထည့်တဲ့ဘူး ရှိနေတယ်။ နောက်ပြီး အိပ်ခန်းထဲက ဘူးထဲကနေ လက်ဝတ်ရတနာတွေကိုပါယူပြီး ထွက်ပြေးသွားခဲ့တယ်။ လေဒီမက်ဂီးဟာ စကော့တလန်ကို ခရီးထွက်သွားရာကနေ ပြန်လာနေပါပြီ''

''လေဒီ မက်ဂီးနဲ့ မစ္စဂူးလ်ဘရော့တို့ကို ဘယ်လောက်အထိ

www.burmeseclassic.com

www.burmeseclassic.com

ပြောပြခဲ့ပြီးပြီလဲ''ဟု စတန်းဝစ်က မေးလိုက်၏။

''လေဒီ မက်ဂီကို အမိကကျတဲ့ မပြောမဖြစ်တာတွေလောက်သာ အသိပေးခဲ့ပါတယ်။ အိမ်ဖော်ကိုတော့ စိတ်ငြိမ်ဆေး တိုက်ထားပြီး လေဒီ မက်ဂီး ပြန်လာနေပြီ ဆိုတာကိုသာ အသိပေးထားပါတယ်''

''သိပ်ကောင်းတယ်'' စတန်းဝစ်သည် အိတ်ကပ်ထဲမှ ဆေးတံကို ထုတ်လိုက်၏။ ထို့နောက် ဆေးတံကို ပြန်ထည့်လိုက်ရင်း ရယ်ကျဲကျဲဖြင့် ''ဟုတ်ပ၊ အခင်းဖြစ်ရာနေရာမှာ ဆေးလိပ်မှမသောက်ရတာ။ ဘာပဲဖြစ်ဖြစ် မစ္စဂူးလ်ဘရော့ကို ဆက်ပြီးစစ်ဆေးဖို့ တိုက်တွန်းချင်တယ်။ လူသတ်မှုကို သူကိုယ်တိုင် ကျူးလွန်တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ဘယ်သူ သတ်ခဲ့တယ်ဆိုတာကို သူ သိတယ်လို့ ကျွန်တော်ထင်တယ်''

စတန်းဝစ်သည် အဘယ်ကြောင့် ဤကဲ့သို့ ထင်ရသနည်း။

အဖြေကို စာမျက်နှာ (၁၂၁) တွင်ကြည့်–

■



သေဆုံးသူ၏ စားပွဲ

အင်စပက်တာ ဝေါ့ကာ၏ လက်သည် ဘီးရှော့ရုပ်အပေါ် လက်ဝဲလိုက်စဉ်မှာပင် သူ၏ပေဂျာမှ ခေါ်သံ ထွက်ပေါ်လာခဲ့၏။ သူက စိတ်ပျက်ဟန်ဖြင့် သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်း ကုလားထိုင်ကို နောက်သို့တွန်း၍ ထရပ်လိုက်သည်။ စစ်တုရင်ခုံ၏ တစ်ဖက်တွင် ထိုင်နေသော သောမတ်စ် ပီ စတန်းဝစ်က ခပ်သာသာ ရယ်မောလိုက်၏။

''ပေဂျာက ကယ်လိုက်လို့သာပေါ့''ဟု သူက ပြောလိုက်သည်။

အဲ့သလောက်လည်း သိပ်မသေချာနဲ့ဦး''ဟု ဝေါ့ကာက ပြန်ပက်လိုက်ကာ ရှိုင်းစတန်း စစ်တုရင်ကလပ်၏ ဧည့်ခန်းရှိ တယ်လီဖုန်းရှိရာသို့ လျှောက်လာခဲ့၏။ အတန်ငယ်ကြာပြီးနောက် သူသည် ပြန်ရောက်လာခဲ့သည်။

''သွားကြမှ''ဟု သူက အလျင်စလို ပြောလိုက်၏ ''အခန်းတစ်ခန်းမှာ အလောင်းနှစ်လောင်း ရှိနေတယ်။ လိုက်ချင်လား''

''လိုက်ရမှာပေါ့ဗျာ''

မိနစ်နှစ်ဆယ်ခန့် ကြာပြီးနောက် စတန်းဝစ်နှင့် ဝေါ့ကာတို့သည် မြို့လယ်ရှိ တိုက်တစ်လုံး၏ တတိယထပ်ရှိ ခပ်ချာချာ အခန်းတစ်ခုအတွင်း ရောက်ရှိနေကြပြီ ဖြစ်သည်။ တိုက်ခန်းအတွင်း အိပ်ခန်းတစ်ခန်း ကျိုးတိုး

www.burmeseclassic.com

www.burmeseclassic.com

ကျဲတဲ သဘောမျှသာ ပြင်ဆင်ထားသော ညှော်ခန်းနှင့် မီးဖိုခန်းတစ်ခန်း ပါဝင်သည်။ ညှော်ခန်း၏ အလယ်တွင် လေးထောင့် သစ်သားစားပွဲတစ်လုံး ရှိနေ၏။ စားပွဲပေါ်တွင် ခရမ်းရောင်အရည်များ တစ်ဝက်တစ်ပျက် ပါရှိသည့် ကရားတစ်လုံး၊ ဘာမှမရှိတော့သော ဖန်ခွက်နှစ်လုံး၊ ဖယောင်းတိုင်များ၊ ပေါင်ဒါမှုန့် အစုအပုံကလေးများနှင့် လက်မှတ်နှစ်ခု ရေးထိုးထားသော စာတစ်စောင်တို့သည် ရှိနေကြ၏။

စားပွဲအနီး ကြမ်းပြင်ပေါ်တွင်မူ လူလတ်ပိုင်းအရွယ် လူနှစ်ယောက်၏ အလောင်းနှစ်လောင်းသည် ဖရိုဖရဲ လဲလျက်ရှိသော ကုလားထိုင်တစ်လုံးစီ၏ အနီးတွင် ရှိနေကြသည်။ ဝေါ့ကာနှင့် စတန်းဝစ်တို့ ရောက်လာသော အခါတွင် ရဲတပ်ကြပ်ကြီး ဟက်ချ်နှင့် မှုခင်းကွင်းဆင်းအဖွဲ့သည် အလုပ်ပင် စတင်နေခဲ့ကြပြီ ဖြစ်၏။

"အောက်ခံအကျီနဲ့လူက ဂျော့ ဘားနက်စ်ပါ။ သူက ဒီတိုက်ခန်းမှာ နေပါတယ်"ဟု ဟက်ချ်က သတင်းပို့လိုက်၏။ 'ဝတ်စုံဝတ်ထားတဲ့ သူကတော့ သီရို ဟန့်တားလို့ခေါ်ပြီး အာမခံစာချုပ် ရောင်းတဲ့သူပါ။ ကျွန်တော်တို့ သူတို့ရဲ့ အိတ်ကပ်တွေကို စစ်ဆေးကြည့်ပြီးပါပြီ။ ဖယောင်းတိုင်တွေ၊ ဆေးဝါးတွေကတော့ အယူသီး အစွဲအလမ်းကြီးတဲ့ အနောက်ပိုင်းဒေသမှာ အသုံးပြုကြတာနဲ့ အတူတူပါပဲ။ နှစ်ယောက်စလုံး လက်မှတ်ရေးထိုးထားတဲ့ စာရွက်ကတော့ ကိုယ့်ကိုယ်ကို သတ်သေကြောင်း ဝန်ခံထားတဲ့ စာဖြစ်ပါတယ်။ အတော်လေး ထူးဆန်းနေပါတယ် ဆရာ'

'ဒီစကားကိုကော ခင်ဗျားရဲ့ အစီရင်ခံစာမှာလည်း ထည့်ရေးမှာလား ... ဆာဂျင်' ဝေါ့ကာက မပြုံးတပြုံးဖြင့် ပြောလိုက်ပါသည်၊ 'ကဲ သူတို့ အိတ်ကပ်ထဲကဟာတွေကို ကြည့်လိုက်ကြရအောင်'

'ဒီလမ်းအတိုင်း လာပါဆရာ။ ဆာဂျင် ဟက်ချ်က စားပွဲရှိရာသို့ သူတို့အား ဦးဆောင်၍ ခေါ်ဆောင်လာခဲ့သည်။ 'ဘားနက်စ်မှာ ဒီတစ်သျှူးစက္ကူတွေ၊ သော့တွေနဲ့ ဒီဘီးရယ်၊ ပိုက်ဆံအိတ်ရယ် ပါပါတယ်။ ကျန်တာတွေကတော့ ဟန့်တားရဲ့ ပစ္စည်းတွေပါ။ လက်ကိုင်ပဝါ၊ သော့တွေနဲ့ အိတ်ဆောင်ဓား၊ လုပ်ငန်း လိပ်စာကတ်၊ ပိုက်ဆံအိပ်၊ ဘီး၊ ဒီနေ့ နံနက်စောစောပိုင်းက ခာတ်ဆီဖိုး ဖြတ်ပိုင်းရယ်၊ လွန်ခဲ့တဲ့ သီတင်းပတ်က လုပ်ထားတဲ့ အာမခံစာချုပ် စတာတွေ ပါပါတယ်'

'အင်း' ဝေါ့ကာသည် ဆေးဘက်ဆိုင်ရာ အထောက်အထားများ ရှာဖွေနေသော ဆရာဝန်ဘက်သို့ လှည့်လိုက်သည်။

'ဆုံးဖြတ်ချက်ချလို့ရတဲ့ အထောက်အထားရှိလား ဒေါက်တာ'

'အခုထက်ထိတော့ မရှိသေးဘူး' ဒေါက်တာ ဖီးလ် စဘာရီက ပြန်ဖြေလိုက်သည်။ ရင်ခွဲစစ်ဆေးပြီးတဲ့အထိ ခင်ဗျား စောင့်ရလိမ့်မယ်။ အပြင်ပန်း လက္ခဏာတွေ အရကတော့ အလွန်ပြင်းတဲ့ အဆိပ်ဆိုတာလောက်ပဲ ပြောနိုင်တယ်'

ဝေါ့ကာသည် စတန်းဝစ်ဘက်သို့ လှည့်လိုက်ပြီး ' တွမ် ... ခင်ဗျားက ငြိမ်ချက်သား ကောင်းလှချည်လား'

နံရံကိုမှီပြီး စားပွဲအား စိုက်ကြည့်နေသော စတန်းဝစ်သည် အတွေးနယ်ချဲ့နေရာမှ လန့်နိုးသွားခဲ့သည်။

'ဒီအခန်းက သေးသေးလေးရယ်၊ နောက်ပြီး စစ်ဆေးနေတာတွေကလည်း ရှုပ်ယှက်ခတ်နေတယ်လေ။ ဒါနဲ့ ခပ်ဝေးဝေးမှာ နေနေတာပါ။ ဘာပဲဖြစ်ဖြစ် ခင်ဗျားအနေနဲ့ လက်မှတ်တွေကိုတော့ သေသေချာ ချာ စစ်ဆေးသင့်တယ်'ဟု သူက ပြန်ပြောလိုက်ပါသည်။

'ဒီလိုလား'ဝေါ့ကာသည် မျက်မှောင်ချိုလိုက်သည်။ 'ဒါကလည်း လုပ်ရိုးလုပ်စဉ်ပါပဲ။ ဒါပေမဲ့ ခင်ဗျား အဲ့ဒီလို ဘာကြောင့်ပြောရတာလဲ'

'လက်မှတ်တစ်ခုက အတုလို့ ကျွန်တော်ထင်တယ်။ ဒီအမှုက ကျွန်တော်အဖို့ လူသေမှုယောင်ဆောင်ထားတဲ့ လူသတ်မှု ဖြစ်ပုံပေါက်နေတယ်။ တစ်ယောက်က ကျန်တစ်ယောက်ကို အဆိပ်ခတ်သတ်လိုက်ပြီး အဲ့ဒီနောက် နှစ်ယောက်ပေါင်းပြီး သတ်သေတဲ့ပုံပေါက်အောင် လုပ်ထားတာ။ နောက်ပြီး ဘယ်သူဟာ လူသတ်သမားဆိုတာကို ကျွန်တော် ခင်ဗျားကို ပြောပြနိုင်တယ်'

မည်သူသည် လူသတ်သမား ဖြစ်သနည်း။ စတန်းဝစ်သည် မည်ကဲ့သို့ သိသနည်း။

အဖြေကို စာမျက်နှာ (၁၂၀) တွင်ကြည့်—

■

www.burmeseclassic.com

www.burmeseclassic.com

ဘာစ်ဂျိတ်မှ လူသတ်မှု

ခြေခင်းလက်ခင်းသာသည့် နွေဦးရာသီ၏ တစ်ညနေခင်း နှောင်းပိုင်းတွင် သောမတ်စ်ပီ စတန်းဝစ်သည် အင်စပက်တာ မက်သယူး ဝေါ့ကာအား သူပိုင် ဘန်ဂလိုအိမ်၏ ဧည့်ခန်းအတွင်း ဝင်ခဲ့ရန် လက်ဟန်ခြေဟန် ပြလိုက်၏။ တုပ်ကွေးရောဂါမိရာမှ ပြန်၍ သက်သာလာသော စတန်းဝစ်သည် ညဝတ်အင်္ကျီ၊ ခြေညှပ်ဖိနပ်၊ နက်ပြာရောင် အပေါ်ဝတ်ရုံတို့ကို ဝတ်ဆင်ထား၏။ သူ၏ အနက်ရောင် လာဘရာဒိုခွေးကြီး 'ရူးဖတ်စ်'က သူတို့နှစ်ဦး ဧည့်ခန်းအတွင်း ဝင်လာသောအခါ မော့ကြည့်လိုက်ပြီး အမြီးကို နန့်ပြခဲ့သည်။ ထို့နောက် ခွေးကြီးသည် ပလတ်စတစ် အမဲရိုးအား ပြန်၍ ကိုက်နေခဲ့၏။

''သက်သာသွားပြီဆိုလို့ ဝမ်းသာပါတယ် . . . တွမ်'' ဟု ဝေါ့ကာက ပြောလိုက်သည်။ သူက ထိုင်လိုက်ပြီး စတန်းဝစ် ကမ်းပေးသော ဘီယာဘူးကို ယူလိုက်၏။

''ကျွန်တော် နေကောင်းနေပါပြီ . . . ကျေးဇူးပဲ'' ဟု စတန်းဝစ်က အားနည်းစွာ ပြုံးပြလိုက်ရင်း ပြောလိုက်၏။ သူက လက်တင်ကုလားထိုင်တွင် ထိုင်ချလိုက်ပြီး ခြေထောက်များကို ခုံပုကလေးအပေါ် တင်ထားလိုက်သည် ''စာဖတ်ရုံကလွဲလို့ များများ လုပ်နိုင်လောက်အောင်တော့ အားမရှိသေးဘူး။ ဒါပေမဲ့ သတင်းစာမှာပါတဲ့ သတင်းတွေနဲ့တော့ အဆက်မပြတ်ပါဘူး။ မြို့ထဲမှာရော ရာဇဝတ်မှုအသစ်တွေ ဖြစ်သေးသလား''

''ကဲ . . . ကြည့်ကြရအောင်''ဝေါ့ကာက ဘီယာကို တစ်ချက်ငုံလိုက်သည်။ ''လွန်ခဲ့တဲ့ ညအနည်းငယ်လောက်က နံက် ၂နာရီလောက်မှာ ဗာလန်ဇီလို့ခေါ်တဲ့ မူးယစ်ဆေး ရောင်းသူတစ်ယောက်ဟာ ဘာစ်ဂျိတ် အရက်ဘားရဲ့ ရှေ့ဘက် လူသွားလမ်းပေါ်မှာ သေနတ်နဲ့ပစ်သတ်တာ ခံလိုက်ရတယ်။ အခင်းဖြစ်ရာ နေရာအနီးမှာရှိနေတဲ့ အဲလ်ဘတ် ဂမ်းမွန်လို့ခေါ်တဲ့ မူးယစ်ဆေးသုံးသူ တစ်ဦးကို ဖမ်းထားလိုက်တယ်။

''ပစ်သတ်လိုက်တာကိုတော့ ဘယ်သူမှ မတွေ့လိုက်ကြပေမယ့် အခင်းမဖြစ်မီကလေးမှာပဲ ဂမ်းမွန်းဟာ ဗာလန်ဇီနဲ့ စကားများခဲ့ကြတယ်ဆိုတာကို ဘာစ်ဂျိတ် အရက်ဆိုင်ထဲက မျက်မြင်သက်သေတွေက ထွက်ချက်ပေးခဲ့ကြပါတယ်။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တာတော့ မဟုတ်ဘူး။ မိန်းမတစ်ယောက်နဲ့ ပတ်သက်ပြီး စကားများခဲ့ကြတာပါ။ ဗာလန်ဇီဟာ အရက်ဆိုင်က ထွက်သွားပြီးနောက် ဂမ်းမွန်းကလည်း ချက်ချင်း အရက်ဆိုင်က ထွက်သွားခဲ့တယ်။ သေစဉ်က သူ့ရဲ့ ဂျာကင်အင်္ကျီမှာ သွေးစတွေ စွန်းနေတယ်။ သွေးကို စစ်ဆေးကြည့်နေပါပြီ''

စတန်းဝစ်က ဆေးတံကို မီးညှိလိုက်၏။ ''ဂမ်းမွန်းက ထွက်ချက် ပေးခဲ့သေးလား''

''သူ့ကို စိတ်ပိုင်းဆိုင်ရာ အခြေအနေကို စစ်ဆေးဖို့ ပို့လိုက်တုန်းက သူက ထွက်ချက်တွေ အများကြီးပေးခဲ့တာပါ'' ဝေါ့ကာက ပြောပြခဲ့၏။ ''သူ့ကိုစစ်ဆေးတဲ့ ဆရာဝန်ရဲ့ အဆိုအရ သူဟာ ရှားရှားပါးပါး စိတ်ကစဉ့်ကလျား ရောဂါတစ်မျိုးဖြစ်တဲ့၊ မဖြစ်မနေ လိမ်ညာပြောတတ်တဲ့ ရောဂါတစ်မျိုး ခံစားနေရတယ်လို့ ဆိုပါတယ်''

'' မဖြစ်မနေ လိမ်ညာပြောတဲ့ ရောဂါ ဟုတ်လား''

''ဟုတ်ပါတယ်''ဟု ဝေါ့ကာက ပြုံး၍ပြောလိုက်၏။''ဆရာဝန်က ကျွန်တော့်ကို ပြောပြတာက ဒီလို စိတ် ကစဉ့်ကလျား ရောဂါတစ်မျိုးမှာ ရောဂါရှိသူဟာ ထွက်ဆိုချက် တစ်ခုကျော်စီမှာ လိမ်ပြောတတ်တယ်လို့

www.burmeseclassic.com

www.burmeseclassic.com

ဆိုပါတယ်။ နောက်ကျန်တဲ့ တစ်မျိုးမှာတော့ ရောဂါရှိသူဟာ ထွက်ဆိုချက် သုံးခုမြောက်တိုင်း လိမ်ပြောတတ်တယ်လို့ ဆိုပါတယ်။ ဆရာဝန်အနေနဲ့ ဂမ်းမွန်ရဲ့ ရောဂါဟာ ဘယ်အမျိုးအစား ဖြစ်တယ်ဆိုတာကို လက်ရှိမှာ မပြောနိုင်သေးပါဘူး''

''သိပ်ကောင်းတယ်ဗျို့''စတန်းဝစ်၏ မျက်လုံးများသည် အရောင်လက်လာခဲ့၏။ ''သူ ဘာတွေ ထွက်ဆိုခဲ့တယ်ဆိုတာ ခင်ဗျားမှတ်မိသေးလား''

''ကျွန်တော့်မှာ ရှိတယ်လို့ ထင်တယ်'ဝေါ့ကာသည် သူ၏မှတ်စုစာအုပ်ကို ဆွဲထုတ်ပြီး လှန်လှောကြည့်လိုက်သည်။ 'ဂမ်းမွန်က ထွက်ဆိုချက် ငါးခုပေးခဲ့တယ် ၁။ ကျွန်တော့်ဘဝမှာ တစ်ခါမှ ဘစ်ဂျိတ်ကိုမရောက်ဖူးဘူး။ ၂။ ကျွန်တော် ရှိုင်းစတန်မှာ ရောက်နေတာ သီတင်းနှစ်ပတ်လောက်ရှိပြီ။ ၃။ ဗာလန်ဇီ ဆိုတဲ့လူကို ကျွန်တော် ပစ်သတ်တာ မဟုတ်ဘူး။ ၄။ လွန်ခဲ့တဲ့ ငါးရက်လောက်က ကျွန်တော် ဒက်ထရိုက်မှာ ရှိခဲ့တယ်ဆိုတာ မမှန်ဘူး။ ၅။ ကျွန်တော့်မှာ သေနတ်တစ်လက် အပိုင်ရှိတယ်။ ဒါပေမဲ့ အဲ့ဒီသေနတ်က ချီကာဂိုမှာနေတဲ့ ကျွန်တော့်ညီမဆီမှာ ထားတာ''

'စိတ်ဝင်စားစရာပဲ' စတန်းဝစ်က ခပ်တိုးတိုး ပြောလိုက်သည်။ 'ဒါ့ထက် ဂမ်းမွန်က အခုဘယ်မှာလဲ'

'စိတ်ပညာအရ စစ်ဆေးနေတဲ့ အဆင့်မှာရှိနေဆဲ ဖြစ်ပါတယ်' ဟု ဝေါ့ကာက ပြောလိုက်သည်။ 'တွေးမိတာ ရှိလို့လား'

'တစ်ခုနှစ်ခုလောက် ရှိတယ်ဆိုပါတော့' စတန်းဝစ်က သမ်းဝေရင်း ပြန်ဖြေလိုက်သည်။ 'တစ်ချက်က ဂမ်းမွန်ဟာ စိတ် ကစဉ့်ကလျားဖြစ်မှုရဲ့ ပထမအမျိုးအစား ရောဂါ ခံစားနေရတယ်ဆိုတာကို ခင်ဗျားရဲ့ ဆရာဝန်ကို ပြောပြနိုင်တယ်။ နောက်တစ်ချက်က ဂမ်းမွန်က သေနတ်နဲ့ ပစ်သတ်ခဲ့တာလို့ ခင်ဗျားရဲ့အကြီးအကဲကို ပြောနိုင်တယ်'

ဤသည်ကို စတန်းဝစ်သည် မည်သို့သိနိုင်သနည်း။

အဖြေကို စာမျက်နှာ (၁၁၃) တွင်ကြည့်-

■

ဝေးဝါဒ် တည်းခိုရိပ်သာအနီးမှ လူသတ်မှု

ရှေ့နေတစ်ဦးဖြစ်သူ အာမန်ဒါ တပ်ကားသည် စတန်းဝစ်က လှမ်းပေးသော လက်ဖက်ရည်ပုဂံကို ပြုံး၍လှမ်းယူလိုက်သည်။ စတန်းဝစ်က သူမနှင့် မျက်နှာချင်းဆိုင်ရှိ ထိုင်နေကျ လက်တင်ကုလားထိုင်ပေါ်တွင် ထိုင်လိုက်၏။

''ခင်ဗျား ခရီးကြုံဝင်လာတဲ့အတွက် ဝမ်းသာပါတယ် အာမန်ဒါ'' ဟု စတန်းဝစ်က ဖော်ဖော်ရွေရွေ ပြောလိုက်ပါသည်။ ''ခင်ဗျားနဲ့ မတွေ့ရတာ အတန်ကြာပြီပဲ။ နေကောင်းလား။ နောက်ပြီး ရော်ဂျာရော''

''နေကောင်းပါတယ် တွမ်'' သူမက ပြန်ပြောခဲ့၏ ''နောက်ပြီး ကလေးလည်း နေကောင်းပါတယ်။ သူက ဒီအပတ် သူ့အဖေဆီ သွားလည်နေတယ်လေ။ အခုဟာက နွေဦးရာသီ ကျောင်းပိတ်ရက်လေ''

''ဟုတ်ပါရဲ့။ ကျွန်တော် ခရီးမသွားရတာ ကံကောင်းတာပဲ''ဟု စတန်းဝစ်က ပြုံးပြရင်း ပြောလိုက်သည်။

'ကလေးက အဝေးရောက်နေတာပဲ ရှိတာပါ။ [illegible]တော့ နား

www.burmeseclassic.com

www.burmeseclassic.com

မနေရပါဘူး။ အခုဆိုရင် မာရဲလင်း ဘီချာဆီကနေ လွှဲယူထားရတဲ့ မြေယာပိုင်ဆိုင်မှုနဲ့ဆိုင်တဲ့ အမှုတစ်ခုနဲ့ နပန်းလုံးနေရတာ။ အမှန်က ကျွန်မအနေနဲ့ ကောင်းကောင်း အနားယူနေရမှာ''

'မာရဲလင်းကလည်း အမှုကို ထားခဲ့မှဖြစ်တော့မှာ။ သူက လပ်ဘော့လူသတ်မှုမှာ အဓိကသံသယဝင်တာ ခံနေရတဲ့ လူဘက်က အမှုကို လိုက်ပေးနေရတာလေ''

''လပ်ဘော့ဟုတ်၊ အရှေ့ဖရိုင်လီက ဝေးဝဲ့ဒ် တည်းခိုရိပ်သာရဲ့ ကားရပ်ကွင်းမှာ သေနတ်နဲ့ ပစ်သတ်ခံရတဲ့လူ မဟုတ်လား'' ဟု စတန်းဝစ်က မေးလိုက်၏။

''အမှန်ပေါ့ရှင်။ ဒီအကြောင်း ရှင် တော်တော်များများ သိထားသလား''

''သိချင်သလောက်တော့ မဟုတ်ပါဘူး''

''ဒါဆိုရင် ကျွန်မ ပြောပြမယ်''ဟု တပ်ကားက ပြောပြခဲ့သည်။

''အာချီလပ်ဘော့၊ အသက်က ၄၇ နှစ်၊ ဘဏ်တစ်ခုရဲ့အုပ်ချုပ်သူ၊ နောက်ပြီး မုဆိုးဖို၊ သူဟာ လေကြောင်းအင်ဂျင်နီယာဖြစ်တဲ့ မဂ္ဂီသပ်စတန်နဲ့ တွဲနေတာ နှစ်နှစ်လောက်ရှိပြီ။ မဂ္ဂီကအသက် ၃၅ နှစ်၊ လွန်ခဲ့တဲ့ တနင်္လာနေ့ညနေက သူတို့တွေ အဲဒီ တည်းခိုရိပ်သာမှာ ဆုံပြီး ညစာ အတူစားခဲ့ကြတယ်။ သူတို့က ညနေ ၇ နာရီခွဲလောက်မှာ ကားတစ်စီးစီနဲ့ ရောက်လာကြပြီး အတွင်းကို အတူဝင်သွားခဲ့ကြတယ်''

''ညစာ စားနေစဉ်မှာပဲ သူတို့ စကားများခဲ့ကြတယ်။ လပ်ဘော့ဟာ လာမယ့်နွေရာသီမှာ ကင်တပ်ကီမှာ ရှိတဲ့မဂ္ဂီရဲ့ မိဘတွေနဲ့ သွားတွေ့ဖို့ တွန့်ဆုတ်တွန့်ဆုတ် လုပ်နေတာကြောင့် မဂ္ဂီက စိတ်ဆိုးတယ်ဆိုပြီး ပြောတယ်။ မျက်မြင်သက်သေတွေရဲ့ အပြောအရကတော့ မဂ္ဂီဟာ သူမရဲ့ အပေါ်အင်္ကျီကို ကောက်ယူပြီး ဒေါနဲ့မောနဲ့ ထွက်သွားတယ်လို့ ဆိုပါတယ်။ သူကလည်း ပိုက်ဆံအိတ်ထဲက ငွေစက္ကူတစ်ရွက် ဆွဲထုတ်ပြီး စားပွဲပေါ် ပစ်တင်ထားခဲ့လိုက်တယ်။ အဲဒီနောက် သူက အပေါ်ကုတ်အင်္ကျီကို ကောက်ယူပြီး မဂ္ဂီနောက်ကို အပြေးအလွှား လိုက်သွားခဲ့တယ်''

ဆယ်မိနစ်လောက် ကြာပြီးတဲ့နောက် ဆိုင်ကထွက်လာတဲ့ လူတစ်ယောက်က သူ့ကားရဲ့ နောက်ဘက်မှာ ပစ်သတ်ခံရပြီး လဲနေတာကို တွေ့ရှိတာပါ။ သော့တွဲက သူ့လက်ထဲမှာ ကိုင်ထားရက် ရှိနေတယ်။ နောက်

ပြီး သူဟာ အဲဒီ တွေ့တဲ့နေရာမှာပဲ ပစ်သတ်ခံရတယ် ဆိုတာကို သွေးကွက်တွေက ပြနေတယ်။ သူ့ရဲ့ ပိုက်ဆံအိတ်က မရှိတော့ဘူး''

''မဂ္ဂီမှာ သေနတ်ရှိလို့လား''

''မှတ်တမ်းတော့ မရှိဘူး။ နောက်တစ်နေ့ မနက်မှာပဲ ရဲက သူ့ကို မေးမြန်းစစ်ဆေးဖို့ အိမ်ကနေ ခေါ်လာခဲ့တယ်။ သူ့ကို လက်ရှိတော့ ဖမ်းချုပ် မထားသေးပါဘူး။ ဒါပေမဲ့ သံသယဖြစ်စရာ အကောင်းဆုံး လူအဖြစ် ဆက်ပြီး ရှိနေဦးမှာပါ။ ဒါကြောင့် သူကလည်း ကြိုတင်ပြင်ဆင်ထားတဲ့အနေနဲ့ မာရဲလင်းကို ငှားထားတာပါ။ ရဲတပ်ဖွဲ့ရဲ့ အတွေးကတော့ မဂ္ဂီဟာလပ်ဘော့ရဲ့ ကားနားကနေ စောင့်နေမယ်။ ပေါ်ပေါ်တင်တင်ပဲဖြစ်ဖြစ် ကာရပ်ကွင်းကို ပတ်ပြီးစိုက်ထားတဲ့ ခြံစည်းရိုးပင်တွေထဲကနေ စောင့်နေပြီး သူ့ကို သေနတ်နဲ့ ပစ်လိုက်တာပဲ။ ကျည်သွားရာလမ်းကြောင်းကလည်း အဲဒီနေရာကနေ ပစ်လိုက်တဲ့ အနေအထားမှာ ရှိနေတယ်။ နောက် သူ့ရဲ့ ပိုက်ဆံအိတ်ကိုယူပြီး ထွက်ပြေးသွားတယ်လို့ ရဲဘက်က ကောက်ချက်ချထားတယ်''

''အဟမ်း''စတန်းဝစ်က လက်ဖက်ရည်ကို အနည်းငယ် သောက်လိုက်ရင်း မေးလိုက်ပါသည်။ ''သူတို့နှစ်ယောက် တစ်ချိန်တည်းမှာ ရောက်လာခဲ့တယ်ဆိုတာ သေချာရဲ့လား''

'သူတို့နှစ်ယောက်ရဲ့ ကားတွေအကြားမှာ ရပ်ခဲ့တဲ့ ကားမောင်းသူကတော့ အဲ့ဒီလို ပြောခဲ့တာပဲ။ သပ်စတန်က သူ့ရဲ့ကားကို တည်းခိုဆောင်တံခါးနားမှာ ရပ်ခဲ့တာပဲ။ တခြား ညစာလာစားသူတွေကလည်း သူတို့နှစ်ယောက် စကားများခဲ့ကြပြီး ပြန်ထွက်သွားကြတာကို အတည်ပြု ထွက်ဆိုခဲ့ကြပါတယ်''

''ကျွန်တော် သဘောပေါက်ပြီ'' စတန်းဝစ်က စိတ်ကို ဒုန်းဒုန်းချလိုက်သကဲ့သို့ လက်ဖက်ရည်ခွက်ကို ချထားလိုက်၏''ခင်ဗျားရဲ့ လုပ်ဖော်ကိုင်ဖက် ဘယ်ရှေ့နေမဆို သပ်စတန်အပေါ်ဝင်နေတဲ့ သံသယတွေကို ရှင်းသွားအောင် လုပ်ပေးနိုင်မှာ သေချာပါတယ်။ မဂ္ဂီသပ်စတန်ဟာ လပ်ကော့ကို မသတ်ခဲ့ပါဘူး''

သပ်စတန်တွင် အပြစ်မရှိကြောင်း စတန်းဝစ် မည်ကဲ့သို့ သိပါသနည်း။

အဖြေကိုစာမျက်နှာ (၁၂၄) တွင်ကြည့်–

■

www.burmeseclassic.com

www.burmeseclassic.com

ဆေးခန်းမှ လူသတ်မှု

'မကြာသေးခင်ကမှ ရွှေ့ကွက်အသစ်တွေကို လေ့လာဖြစ်လိုက်တာ၊ ခင်ဗျား ကံဆိုးသွားတာပေါ့ဗျာ'ဟု သောမတ်စ်ပီ စတန်းဝစ်က ပြောလိုက်သည်။ 'အဲ့ဒီ ရွှေ့ကွက်အသစ်တွေကြောင့် ခင်ဗျားရဲ့ ခံစစ်ကို ဖျက်ပစ်နိုင်တဲ့ ရွှေ့ကွက်တွေ တီထွင်နိုင်လိုက်တာ၊ ကနေ့ည ကျွန်တော် အနိုင်ရအောင် အကူအညီ ရသွားခဲ့တာပဲ'

အင်စပက်တာ မက်သရူး ဝေါ့ကာကလည်း ' ကံမကောင်းတာက အလုပ်လုပ်နေရတဲ့ ရဲတစ်ယောက်အဖို့ ခင်ဗျားရဲ့ သီအိုရီပိုင်းအရ ပိုင်ပိုင်နိုင်နိုင်ရှိမှုတွေကို လိုက်မီအောင်လုပ်ဖို့ အချိန် မရှိတာပါဘဲ။ ဘာပဲဖြစ်ဖြစ် ပွဲကတော့ ပွဲကောင်းတစ်ပွဲပါပဲ' ဟု ပြန်ပက်လိုက်ပါသည်။

စတန်းဝစ်နှင့် ဝေါ့ကာတို့သည် အပတ်စဉ် ကစားနေကျ အစဉ်အလာအတိုင်း စစ်တုရင် ကစားခဲ့ကြပြီးနောက် ရှိုင်းစတန် စစ်တုရင်ကလပ် ညှိခန်းထဲရှိ လက်တင် ကုလားထိုင်များပေါ်တွင် ထိုင်ရင်း နားနေခဲ့ကြသည်။

'အဲလီဇဘက်နဲ့ ကလေးတွေ နေကောင်းကြရဲ့လား' စတန်းဝစ်က ဆေးတံကို မီးညှိရင်း မေးလိုက်ပါသည်၊

'နေကောင်းကြပါတယ် ...ကျေးဇူးပါ' ဝေါ့ကာက ပြန်ဖြေခဲ့သည်။ 'ကျွန်တော် ထွက်လာတော့ အဲ့လီဇဘက်က သူ့မိတ်ဆွေတစ်ယောက်ကို တယ်လီဖုန်းနဲ့ သူကြည့်ခဲ့တဲ့ အော်ပရာအကြောင်း ပြောရင်း ကျန်ခဲ့လေရဲ့'

'အလွန်ညံ့တဲ့ အော်ပရာဆိုတာ ဘယ်အော်ပရာကို ပြောတာ

လဲ'

'အော်လ်မိုင်နိုက်'ဆိုတဲ့ အော်ပရာပါ။ ဒီမြို့က အကောင်းဆုံး အာဟာရဓာတ်ဆိုင်ရာ ဆေးခန်းတစ်ခုမှာ ကျွန်တော် သိခဲ့ရတာက ဒီ အော်ပရာကို တယ်ပြီး လူကြိုက်များဆိုပဲ'

'တကယ်ပဲလား' စတန်းဝစ်က မျက်ခုံးကိုပင့်လိုက်ပြီး ပြုံးကာ မေးလိုက်ပါသည်။ 'ခင်ဗျားလို ကောင်းကောင်းစားနေရတဲ့ သူက ဒီဆေးခန်းအကြောင်းကို ဘယ်လိုသိတာလဲ'

'လူသတ်မှု တစ်မှုကြောင့်ပါ။ ဒေါက်တာမိလာ ဒစ်ဆင်က အိမ်အဲန်အရပ်မှာ ပုဂ္ဂလိက ဆေးခန်းတစ်ခန်း ဖွင့်ထားတယ်။ သူ့ဆေးခန်းက အာဟာရဓာတ်ပညာရှင် လိုလာ အဲလ်ဗားရက်ဇ်ဟာ လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့က သေနတ်နဲ့ပစ်သတ်တာ ခံလိုက်ရပါတယ်'

'ကျွန်တော် သဘောပေါက်ပြီ' စတန်းဝစ်၏မျက်နှာသည် စိတ်မကောင်းဖြစ်ဟန် ပေါက်သွားပါသည်။ 'သံသယဖြစ်စရာလူကော တွေ့ပြီလား။ နောက်ပြီး အော်လ်မိုင်နိုက် အော်ပရာနဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

'သံသယဖြစ်စရာ လူ သုံးယောက် ရှိနေတယ်။ သုံးယောက်စလုံးက သေသူ လိုလာရဲ့ ပုံမှန်ဖောက်သည်တွေပါ။ တစ်ယောက်က အာရုံကြော ဆရာဝန်တစ်ယောက်ဖြစ်တဲ့ မဲလ်ကွန်းဘတ်ပါ။ သူက ၁နာရီ ခွဲမှာ စတင်ကပြခဲ့တဲ့ အော်ပရာ ပြီးသွားတဲ့ အချိန်ကလေးမှာပဲ ရောက်လာခဲ့ပါတယ်။ သူဟာ လိုလာရဲ့ ဆေးခန်းထဲကို ဝင်သွားခဲ့ပြီး ကသုတ်ကရက် မျက်နှာ ဖြူဖပ်ဖြူရော်နဲ့ ပြန်ထွက်သွားခဲ့တယ်။ အဲလင်တစ်ဖနီလို့ခေါ်တဲ့ နောက်အာဟာရပညာရှင်တစ်ယောက်က မြို့လယ်က ရှိဆယ်လာလို့ခေါ်တဲ့ အထည်ဆိုင်မှာ ဈေးဝယ် ထွက်နေတာပါ။ ဆိုင်ဖွင့်ပြီးနောက် နှစ်နာရီလောက်ကြာအောင် ဈေးဝယ်နေခဲ့ပါတယ်။ ဆေးခန်းကို ၁နာရီခွဲလောက် နောက်ကျပြီးမှ ပြန်ရောက်လာပါတယ်၊ သူမ ပြန်ရောက်တဲ့ အချိန်မှာ အဆောက်အအုံ ကန်ထရိုက်တာ ဖရန့်မက်ဂိုဝမ် ရောက်နေတာ တွေ့ပါတယ်။ မက်ဂိုဝမ်ဟာ လေးလမ်းလောက်အကွာက စက်ရုံကနေ နေ့လယ် ဥသြဆွဲတဲ့အချိန် အဲ့ဒီမှာ ရှိနေတဲ့အတွက် စက်ရုံ ဥသြမဆွဲခင်ကတည်းက အဲ့ဒီမှာ ရောက်နေတာ သေချာတယ်'

'ရှိဆယ်လာ အထည်ဆိုင်က ဘယ်အချိန်မှာ ဖွင့်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com

'ကိုးနာရီမှာပါ'

'နောက်ပြီးတော့ တတိယ သံသယဖြစ်စရာ လူကကော'

'အာသာ ဝါ့က်မင်းလို့ခေါ်တဲ့ ထိနိုက်ဒဏ်ရာတဲ့ အမှုတွေကို လိုက်တဲ့ ရှေ့နေပါ။ ကျွန်တော်တို့ရထားတဲ့ သက်သေတွေရဲ့ အဆိုအရ မက်ဂိုဝမ် ထွက်ခွာသွားပြီးနောက် ၄၅ မိနစ်အကြာမှာ သူ ရောက်လာတယ်လို့ ဆိုပါတယ်။ သူဟာ နာရီဝက်၊ တစ်နာရီလောက် နေသွားတယ်လို့ သိရပါတယ်'

စတန်းဝစ်သည် သူ၏ အညိုရောင်သမ်းနေသော မုတ်ဆိတ်မွေး အဖျားအား အသာအယာ လိမ်ကျစ်နေ၏။

'စိတ်ဝင်စားစရာပဲ'ဟု သူကပြောလိုက်ပါသည်။ 'သေသူရဲ့ အလောင်းကို ဘယ်သူတွေ့တာလဲ'

'မီလာပါ။ သုံးနာရီလောက်မှာပါ။ သေနတ်ကို အသံတိတ်ကိရိယာ တပ်ပြီး သုံးသွားတာပါ။ လိုလာဟာ ပေါင်ချိန်ကိရိယာရဲ့ ဘေးနားမှာ လဲကျနေပါတယ်။ သူမရဲ့အောက်မှာ ကွဲကြေနေတဲ့ နာရီတစ်လုံး ရှိနေပါတယ်။ နာရီက ၁နာရီ ၄၄ မိနစ်လို့ ပြနေတဲ့အတွက် ဒေါ့ဖီးလ်စ် ဘာရီကတော့ အသတ်ခံရတဲ့အချိန်လို့ အခိုင်အမာ ပြောနေတယ်။ သတ်တဲ့သူဟာ နောက်ဆုံး ရောက်လာတဲ့ သူလို့တော့ ပြောလို့မရဘူး။ ဘာပြုလို့လဲ ဆိုတော့ သူတို့တွေထဲက ဘယ်သူမဆို လူသေတွေ့တာကို သတင်းမပို့နိုင်လောက်အောင်ကို သိပ်ကြောက်နေနိုင်တယ်'

'ခင်ဗျား အခု ဖမ်းလားပြုလား လုပ်ပြီးပြီလား'

ဝေါ့ကာက ဦးခေါင်းကို ယမ်းပြလိုက်သည် 'ကျွန်တော်တို့ စုံစမ်းစစ်ဆေးနေတုန်းပါ'

'တရားမျှတပါတယ်' စတန်းဝစ်သည် သူ၏ ဆေးတံထဲမှ ပြာများကို တဒေါက်ဒေါက် ခေါက်ချလိုက်သည်။ 'ဘယ်လိုပဲဖြစ်ဖြစ် သံသယဖြစ်စရာ အကောင်းဆုံး လူသုံးယောက်ထဲက တစ်ယောက်ဟာ လူသတ်သမားလို့ မှတ်ယူရင် ဘယ်သူလဲဆိုတာကို နည်းနည်းလောက် ဆင်ခြင်လိုက်ရင် ဖော်ထုတ်လို့ရပါပြီ'

လိုလာ အဲလ်ဗားရက်ဇ်ကို ဘယ်သူ သတ်ပါသလဲ။

အဖြေကိုစာမျက်နှာ (၁၂၀) တွင်ကြည့်—

■

စစ်တင်းပုတ် အခိုးခံရမှု

အပျော်တမ်း ယုတ္တိဗေဒပညာရှင် သောမတ်စ်ပီ စတန်းဝစ်သည် အင်စပက်တာ ဝေါ့ကာ၏ ရုံးခန်းအတွင်းရှိ သူထိုင်နေကျ ကုလားထိုင်တွင် ထိုင်လိုက်စဉ်တွင် ထူးထူးခြားခြား ရွှင်ရွှင်ပျပျ ရှိနေ၏။

'ဟလို . . . တွမ်'ဟု သူက နှုတ်ဆက်လိုက်ပါသည်။ 'တနင်္လာလိုနေ့မျိုးမှာ ခင်ဗျားက ဒီကို လာလေ့ရှိတာမှ မဟုတ်တာ။ ဘာပဲဖြစ်ဖြစ် ခင်ဗျား လာတဲ့အတွက် ဝမ်းသာပါတယ်'

'ကျေးဇူးတင်ပါတယ်ဗျာ။ ခင်ဗျားပြောတာလဲ မှန်ပါတယ် မက်' စတန်းဝစ်သည် ခြေချင်းချိတ်၍ ထိုင်လိုက်ပြီး သူ၏ ဆေးတံအား ဆေးထပ်ဖြည့်လိုက်သည်။ 'ကျွန်တော် အားလပ်ရက် ခရီးမထွက်ခင် တွေ့ချင်လို့ ဝင်လာခဲ့တာပါ။ လွန်ခဲ့တဲ့ညကပဲ စစ်ပြီးခေတ် အမေရိကန်သမိုင်းစာအုပ်ကို ပြုစုပြီးသွားလို့ မနက်ဖြန်ဆိုရင် ကျွန်တော် အင်္ဂလန်ကို သွားတော့မယ်။ လန်ဒန်မှာ ချာချီဆိုဆိုက်ယဲတီး ညစာစားပွဲကို တက်မယ်။ အဲ့ဒီနောက် ကိန္နဘရစ်ချ်မှာ မိတ်ဟောင်းဆွေဟောင်းတွေနဲ့ တွေ့မယ်။ ကုန်းမြင့်ဒေသမှာ တောင်တက်မယ်၊ သီတင်းသုံးပတ်လောက်ဆို ပြန်ရောက်မှာပါ'

ဝေါ့ကာက နှာခေါင်းရှုံ့လိုက်သည် 'တစ်နေ့မှာတော့ ခင်ဗျားလည်း ကျွန်တော်တို့လိုပဲ တကယ့် အလုပ်တစ်ခုခု ရမှဖြစ်လိမ့်မယ်'

'သံသယရှိစရာ မလိုပါဘူးဗျာ။ ဒါပေမဲ့ ဒီနေ့တော့ မဟုတ်ဘူး' စတန်းဝစ်က ရယ်မောရင်း ပြောလိုက်သည်။ 'ဘာပဲဖြစ်ဖြစ် အသစ်အဆန်း စိတ်ဝင်စားစရာ ခင်ဗျားမှာ ဘာများ ရှိနေသလဲ'

'သိပ် များများစားစားတော့ မဟုတ်ပါဘူး' အင်စပက်တာ ဝေါ့ကာက သူ၏ စားပွဲပေါ်ရှိ စာရွက်ပုံထဲမှ အစီရင်ခံစာတစ်စောင်ကို ဆွဲထုတ်လိုက်သည် 'လူပြောင်လူနောက် တစ်ယောက်ယောက်က ရှိုင်းစတန်ပြည်နယ်မှာ အလုပ်ရှုပ်သွားအောင် လုပ်ခဲ့တယ်။ ကာရိုးကာလူမျိုး စုခေါင်းဆောင်ရဲ့ စစ်တင်းပုတ်နဲ့ ပတ်သက်တဲ့သတင်း ခင်ဗျား ကြားပြီးပြီလား'

'ဘယ်နှယ့် မကြားဘဲ ရှိပါမလဲ' စတန်းဝစ်က သူ၏ဆေးတံကို

www.burmeseclassic.com

www.burmeseclassic.com



ဖွာလိုက်သည်။ 'ဒီတင်းပုတ်က အလွန် အဖိုးတန်တဲ့ ၁၈ ရာစုခေတ် အနုပညာလက်ရာ တစ်ခုဖြစ်ပြီး ကောလိပ်ပြတိုက်မှာ ထိန်းသိမ်းထားတယ်လေ။ ကျွန်တော် အဲ့ဒီပြတိုက်မှာ တင်းပုတ်ကို မြင်ဖူးတယ်'

'အတိအကျပဲဗျို့။ အဲ . . . လွန်ခဲ့တဲ့ စနေနေ့ညက တစ်ယောက်ယောက်က စစ်တင်းပုတ်ကို ပြတိုက်ကနေ ယူလာပြီး အုပ်ချုပ်ရေးရုံး အဆောက်အအုံရှေ့က အလံတိုင်မှာ ချည်ထားခဲ့တယ်'

စတန်းဝစ်သည် အူလှိုက်သည်းလှိုက် ရယ်မောမိလိုက်သည်။ 'ကောလိပ်ကျောင်းအုပ်ကြီး ရက်ဖ်ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး သိပ်ပြီး နှလုံးကောင်းဝမ်းကြီးဖြစ်နေမယ် မဟုတ်ဘူးဆိုတာ ကျွန်တော်လောင်းမယ်'

'ဘယ် သဘောကောင်းနိုင်ပါ့မလဲ။ သူက ကောလိပ်ဝင်းကရဲအဖွဲ့ကို ချက်ချင်း စုံစမ်းစစ်ဆေးဖို့ တောင်းဆိုခဲ့တယ်။ နောက်ပြီးသူက ရဲအဖွဲ့ရဲ့ ကနဦး အစီရင်ခံစာကို ကျွန်တော့်ဆီကို ပို့ပေးထားပါတယ်။ အစီရင်ခံစာက အလကား အမှိုက်သက်သက်ပါပဲ။ တကယ်လို့ ကျောင်းအုပ်ကြီးအနေနဲ့ ဒီအမှုကို ကျွန်တော်တို့အပေါ် လွှဲအပ်ချင်တယ်ဆိုရင် သူ့အနေနဲ့ ပိုပြီး လောက်လောက်လားလားရှိတဲ့ အစီရင်ခံစာမျိုးကို ပို့ပေးသင့်တယ်လို့ ခင်ဗျား ထင်မှာပါ'

'ဒီလောက်တောင် ဆိုးနေသလား'

'သိပ်ကိုဆိုးပါ့ဗျာ။ အခုဆိုရင် တရားခံဟာ ကျောင်းသားတစ်ယောက်လို့ ကျောင်းဝင်းရဲအဖွဲ့က အနိုင်အမာ ယူဆထားတယ်။ သူတို့က သံသယဖြစ်စရာ လူစာရင်းကို သုံးယောက်အထိ လျှော့ချလိုက်တယ်။ သူတို့ သုံးယောက်စလုံးဟာ ကောလိပ်ပြတိုက်နဲ့ အဆက်အသွယ်ရှိတဲ့ သူတွေဖြစ်တယ်။ သူတို့အထဲက ဘယ်သူမဆို အထဲကို ဖောက်ထွင်းဝင်စရာမလိုဘဲ အလွယ်တကူ ဝင်ရောက်နိုင်ကြသူတွေ ဖြစ်ပါတယ်။ သူတို့ရဲ့ နာမည်တွေက ကယ်လီရာပိုဆာ၊ အီးရစ်ဝေါလ်တာနှင့် ဂျေဆင်ဗိုကန်နီးယားတို့ ဖြစ်ပါတယ်။ တစ်ဦးချင်းစီဟာ လျှို့ဝှက်အသင်း တစ်သင်းချင်းစီနဲ့ သက်ဆိုင်ပါတယ်။ အသင်းတစ်သင်းကတော့ မူဆိုလိုနီလို နာမည်မျိုးနဲ့ ခေါ်ကြတယ်။ တစ်ဦးချင်းစီဟာ အဓိက ဘာသာရပ်တစ်ခုစီကို သင်ယူနေကြကာ ဖြစ်တယ်။ (သူတို့အထဲက တစ်ယောက်က အင်ဂျင်နီယာ ဘာသာရပ်ကို သင်ယူနေသူ ဖြစ်တယ်။) နောက်ပြီး တစ်ဦးချင်းစီမှာ သ[illegible]သေ တွေ အသီးသီးရှိကြတယ်'

www.burmeseclassic.com

www.burmeseclassic.com

'သိပ်ကောင်းတယ်ဗျို့' စတန်းဝစ်က မှတ်ချက်ချလိုက်သည်။

'ဒါဆို ဘာပြဿနာရှိလို့လဲ'

'ဘယ်နှယ့်ရမလဲခင်ဗျ။ အရှုံးတွေက ဘယ်သူက ဘယ်သူဆိုတာကို ခွဲခြားပေးလိုက်တာ မဟုတ်ဘူး' မက်ဝေါ့ကာက စိတ်ဆိုးမာန်ဆိုးဖြင့် အစီရင်ခံစာကို လက်ဖြင့် ဆုပ်ခြေလိုက်ရင်း ပြောလိုက်ပါသည်။ 'ဒါကို နားထောင်ကြည့်ပါဦး။ ဖလက်အဲန်ဖဲသာ အဖွဲ့ဝင်ဖြစ်တဲ့ သူက သူဟာ အဲ့ဒီညက စာကြည့်တိုက်ထဲမှာ စာဖတ်နေတယ်လို့ ဆိုတယ်။ တကယ်ပါပဲ သူတို့ဟာ အဲ့ဒီသူဟာ ဘယ်သူဆိုတာကို ဖော်ပြဖို့ ပျက်ကွက်ခဲ့ကြတယ်။ ပထဝီဝင်အဓိကကျောင်းသား မဟုတ်တဲ့ ရာပိုဆာဟာ အယ်လ် ဖာဂန်မာ ကွပ်အဖွဲ့ဝင် တစ်ယောက်ဖြစ်တယ်။ ဖလက်အဲန်ဖဲသာ အဖွဲ့ဝင်ကတော့ သံသယ မရှိလောက်အောင် ရှင်းပါတယ်။ မိုကန်နီးယန်းကတော့ သူဟာ အဲ့ဒီညက မြို့ထဲဆင်းပြီး အရက်သောက်နေတယ်လို့ ပြောတယ်။ ဝေါလ်တန်က သမိုင်းမေဂျာကျောင်းသား ဖြစ်တယ်။ နောက်ဆုံးအနေနဲ့ အဲ့ဒီညက ကွန်ပျူတာစင်တာမှာ တစ်ညလုံး အလုပ်လုပ်နေခဲ့တဲ့သူကတော့ သူခိုး မဟုတ်ဘူး ဆိုတာပဲ။ ဒါဟာ အဓိပ္ပာယ်ရှိလောက်တယ်။

'ကျွန်တော် အဲ့ဒါကိုကြည့်ပါရစေ' စတန်းဝစ်က ပြောလိုက်သည်။ ဝေါ့ကာက သူ့အား အစီရင်ခံစာကို ကမ်းပေးလိုက်သည်။

'ခင်ဗျား ကျွန်တော်ကို ပြောပြတော့မယ်ထင်တယ်'ဟု ဝေါ့ကာက ခပ်လှောင်လှောင် ပြောလိုက်ပါသည်။ 'ဘယ်ကျောင်းသားက ဘယ်အဖွဲ့ဝင်၊ ဘယ်အဓိကဘာသာကို ယူတယ်၊ ဘယ်လို သက်သေ အထောက်အထားရှိတယ် ဆိုတာကိုပြောဖို့ ဖြစ်နိုင်ရုံသာမက ဘယ်သူကဖြင့် စစ်တင်းပုတ်ကို ခိုးခဲ့တယ် ဆိုတာကိုပေါ့'

စတန်းဝစ်သည် အစီရင်ခံစာကို ဖတ်နေရင်း ရယ်လိုက်ပါသည်။

'ခင်ဗျားရဲ့ ကြိုတင်ပြောဆိုနိုင်တဲ့ အစွမ်းက တိုးသထက်တိုးနေပါလား ... မက်။ တကယ်လည်း ဆင်ခြင်ကြည့်ရင် ရနိုင်တာမို့ အခုပဲ ဘယ်သူက ဘယ်လိုဆိုတာကို ကျွန်တော် ခင်ဗျားကို ပြောပြနိုင်ပါတယ်'

သင်ကော ပြောပြနိုင်မှာလား။

အဖြေကိုစာမျက်နှာ (၁၁၃) တွင်ကြည့်-

■

ဂျိုင်းစတန် ဂိုန်းဒီးယားအမှု

'သင်္ဘောတစ်စင်းပေါ်ကနေ ပစ်လိုက်တာ ဖြစ်နိုင်တယ်။ ဆိပ်ကမ်းအဝမှာလည်း သင်္ဘောနှစ်စင်း ရှိနေတယ်။ တစ်စင်းက ဒန်းဖစ်ရှင်း၊ တစ်စင်းက စိန့်အဲလ်မိုး၊ အဲ့ဒီသင်္ဘောတွေကို ကြည့်လေ'၊ ဒေါသဖြစ်နေသော အစိုးရရှေ့နေ ဂျိမ်းကောချ်လင်းသည် လက်ကိုပိုက်လိုက်ပြီး ကုလားထိုင်တွင် နောက်မှီပြီး ထိုင်ချလိုက်ပါသည်။

သူနှင့် မျက်နှာချင်းဆိုင် စားပွဲတစ်ဖက်တွင် အင်စပက်တာ မက်သရူး ဝေါ့ကာသည် စာရွက်တစ်ရွက်ကို ခပ်အေးအေးပင် ကောက်ယူလိုက်သည်၊

'ကျွန်တော့်မှာ ပေါက်ကွဲသွားလောက်တဲ့ အစီရင်ခံစာ ရထားပြီးပါပြီ ကောင်ဆယ်လာ' ဟု သူကပြောလိုက်သည်၊ 'အဲလင်နာ ဖရီးမင်းဟာ ခင်ဗျား ပိုင်ဆိုင်ထားတယ်လို့ သိထားကြတဲ့ ရိုင်ဖယ်မျိုးနဲ့ ပစ်သတ်တာကို ခံလိုက်ရတာပါ။ သူမဟာ အောင်မြင်မှုရနေတဲ့ ကုန်မာစထ်ဆိုင် လုပ်ငန်းကို ပိုင်ဆိုင်ထားပြီး အမွေအမြောက်အမြား ချန်ထားခဲ့တယ်။ အမွေဆက်ခံမယ့် မိသားစုလည်း တစ်ယောက်မှမကျန်ခဲ့ဘူး၊ သူမရဲ့ ရှေ့နေ

www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်၊ အမှုကိုကိုင်တွယ်ရတဲ့ သူလည်းဖြစ်တဲ့ ခင်ဗျားဟာ သူမသေတဲ့အတွက် ငွေရေးကြေးရေးအရ အကျိုးကျေးဇူး ရှိစရာဖြစ်တယ်'

ကောချ်လင်းက နှာခေါင်းကို ရှုံ့လိုက်သည်။

'လွန်ခဲ့တဲ့ ငါးနှစ်လောက်က အလယ်ပိုင်းအမေရိကားမှာ အမဲလိုက်ရင်း ကျွန်တော်ရဲ့ ရိုင်ဖယ်သေနတ် ပျောက်သွားခဲ့တာ။ မြေပြိုကျတာမှာ ပိတ်မိသွားခဲ့ရာက ကံကောင်းလို့ အသက်မသေခဲ့တာ။ ကျွန်တော် ရိုင်ဖယ် သေနတ်ကတော့ အဲ့ဒီ တစ်နေနေရာမှာ မြုပ်ကျန်ခဲ့ပြီ'

'အဲ့သလိုဖြစ်ခဲ့တာကို မျက်မြင်သက်သေရှိသလား'ဟု သောမတ်စ်ပီ စတန်းဝစ်က မေးလိုက်ပါသည်။ သူသည် စစ်ဆေးမေးမြန်းခန်းထဲတွင် ရှိနေသည်။

'မရှိပါဘူး။ ကျွန်တော်နဲ့အတူ အမဲလိုက်ဖော်က နောက်ပိုင်းကျမှ

ကျွန်တော်ကို ရှာမတွေ့ခဲ့တာ'

'လွန်ခဲ့တဲ့ ကြာသပတေးနေ့က အဖြစ်အပျက်ကို ပြန်ကြည့်ကြရအောင် မစ္စတာကောချ်လင်း'ဟု ဝေါ့ကာက ပြောလိုက်သည်။ 'မစ္စဖရီးမင်းဟာ ရှိုင်းစတန် ရိန်းဒီးယားအသင်းဝင် တခြား ၁၈ဦးနဲ့အတူ နေထွက်စအချိန် ဆိပ်ကမ်းမှာ နှစ်သစ်ကူးရေကူးပွဲမှာ ဝင်ရောက်ဆင်နွှဲနေတာပါ။ သူတို့တွေက နှစ်စဉ်နှစ်တိုင်း အဲ့ဒီလို အေးစက်နေတဲ့ ရေထဲမှာ ရေကူးပွဲ ဆင်နွှဲနေကျပါ။ ဆိပ်ကမ်းကနေ တစ်ပြလောက် အကွာမှာရှိတဲ့ ခင်ဗျားရဲ့ ရုံးခန်းရှိရာ ၁၁ ထပ်ကနေ ရေကူးနေတာကို မြင်ခဲ့ရတယ်လို့ ခင်ဗျား ထွက်ဆိုခဲ့တယ်'

'ဒါ အမှန်ပါပဲ။ ကျွန်တော်နေရာက တိုက်ရိုက် လှမ်းမြင်ရလောက်အောင် အမြင့်မှာ ရှိနေတယ်လေ။ နောက်ပြီး အဲ့ဒီနေ့နံနက်က ရာသီဥတုကလည်း သာယာနေတယ်'

'နောက်ပြီး ခင်ဗျားက နှစ်သစ်ကူးနေ့မှာ အလုပ်ဆင်းနေတာလား'

'ကျွန်တော့်အနေနဲ့ လျှောက်လဲချက် တစ်ခုအတွက် ပြင်ဆင်စရာရှိနေလို့ပါ။ နောက်ပြီး အဲ့ဒီမှာ တခြား ဘယ်သူမှမရှိဘူး'

နာရီဝက်ခန့် ကြာပြီးနောက် ဝေါ့ကာနှင့် စတန်းဝစ်တို့သည် ဝေါ့ကာ၏ ရုံးခန်းအတွင်းရှိ ခန်းမထဲသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

'ရိုင်ဖယ်သေနတ်ကို ပစ်ခတ် စမ်းသပ်ကြည့်ဖို့ အတွက်လည်း ရိုင်ဖယ်သေနတ်ကို ထုတ်မပေးနိုင်ဘူး။ နောက် သူရဲ့ထွက်ဆိုချက်ကို အထောက်အကူဖြစ်စေနိုင်မယ့် သက်သေရယ်လို့လည်း မရှိဘူး ဖြစ်နေတာကတော့ သူ့အတွက် သိပ်အဆင်မပြေလှဘူး' ဟု စတန်းဝစ်က မှတ်ချက်ချလိုက်ပါသည်။

'ဟုတ်တယ်'ဟု ဝေါ့ကာကပြောလိုက်သည်။ 'ကျွန်တော်တို့တွေ သူပြောတဲ့ မော်တော်နှစ်စင်းကို ခြေရာခံ လိုက်ကြည့်မယ်။ ဘာကြောင့်လဲဆိုတော့ ရေကူးတဲ့သူတွေဟာ လှည့်ပတ်ကူးခပ်ခဲ့ကြတာ၊ သေနတ်နဲ့ ပစ်လိုက်တဲ့ အမြင့်၊ ဦးတည်ရာလမ်းကြောင်း စတာတွေကို ကျွန်တော်တို့ သေသေချာချာ မပြောနိုင်ဘူး'

'ရှိုင်းစတန်ရိန်းဒီယား မဟုတ်လား' စတန်းဝစ်က ပြုံးပြုံးပြောလိုက်သည်။ 'ဒီလိုအချိန်မျိုးဆိုရင် ရိန်းဒီယားတွေဟာ ပျံသန်းနိုင်ကြတယ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာကိုတော့ သိထားတယ်။ ဒါပေမဲ့ သူတို့တွေ ရေကူးနိုင်တယ် ဆိုတာကိုတော့ မသိဘူး။ အနည်းဆုံးတော့ ဒက်ရာနဲ့ ဒန့်ဆာတို့ကတော့ အေးစက်နေတဲ့ ရေထဲကို ပစ်ချလိုက်ရင် သူတို့ရဲ့နာမည်ကို ဆက်ထိန်းထားလိမ့်မယ်ဆိုတာ သေချာတယ်။ သေဆုံးသူနဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာ ဘာများရှိသေးသလဲ'

ဝေါ့ကာက ခေါင်းခါပြလိုက်သည်။ ' သူမရဲ့ အပေါ်ရုံ အင်္ကျီတစ်ထည်၊ မျက်နှာသုတ်ပဝါ တစ်ထည်၊ နောက်သူရဲ့ အဝတ်တွေ ကျန်နေခဲ့တယ်။ နောက်ပြီး သူမရဲ့ ပိုက်ဆံအိတ်လည်း တခြားသူတွေရဲ့ ဟာတွေလိုပဲ ကလပ်အဆောက်အအုံထဲမှာရှိတဲ့ လော့ကာထဲမှာ ကျန်ရစ်ခဲ့တယ်။ နည်းနည်း ထူးဆန်းတာက သူတစ်ယောက်ထဲပဲ ခေါင်းစွပ်အဖြူကို ဆောင်းထားတဲ့အတွက် သူမဟာ ထင်းထင်းကြီး ပေါ်လွင်နေတာပေါ့၊ သေနတ်သံကို မကြားလိုက်ကြဘူး။ တခြားသူတွေကတော့ သူမဟာ နှလုံးရောဂါဖောက်လို့ပဲဖြစ်ဖြစ်၊ ရေထဲမှာ ကြွက်တက်လို့ဖြစ်ဖြစ် သေဆုံးတာလို့ ထင်ကြတယ်'

'နောက်ပြီး ကောချ်လင်းရဲ့ ရုံးခန်းပြတင်းပေါက်ဟာ ရေကူးတဲ့သူတွေကိုကော၊ စက်လှေတွေကိုပါ လှမ်းမြင်နိုင်လား'

'အို ... မြင်ရတာပေါ့။ ကျွန်တော် ဆိုလိုတာကို ခင်ဗျား သဘောပေါက်မယ်ဆိုရင် ပြတင်းပေါက်ကလည်း ပွင့်နေတယ်လေ'

'ကျွန်တော် သဘောပေါက်တယ်လို့ ထင်တယ်' စတန်းဝစ်က သူ၏ မုတ်ဆိတ်မွေးကို လက်ဖြင့်သပ်ရင်း ပြောလိုက်ပါသည် 'ကောချ်လင်းရဲ့ သက်သေပြချက်ဟာ လိမ်ထားတယ်လို့လည်း ကျွန်တော်ထင်တယ်'

ကောချ်လင်း လိမ်ပြောနေသည်ဟု စတန်းဝစ်မည်ကဲ့သို့ သိပါသနည်း။

အဖြေကို စာမျက်နှာ (၁၂၅) တွင်ကြည့်-

■

BURMESE CLASSIC .com

အမှတ်တရနေ့ပွဲတော်

သောမတ်စ်ပီ စတန်းဝစ်သည် သူ၏ ဇာတိမြေဖြစ်သော ဘာစကာဗီးမြို့တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သည့် အမှတ်တရနေ့ အထိမ်းအမှတ်ပွဲတော်သို့ စိတ်အားထက်သန်စွာ တက်ရောက်ဆင်နွှဲနေ၏။

ပင်ကိုတ်ဖြင့် တည်ခင်းဧည့်ခံသော နံနက်စာ စားနေစဉ် အပျော်တမ်း ယုတ္တိဗေဒရှင် စတန်းဝစ်အဖို့ ဒေသခံများ ပြောကြားကြသော တီးတိုးစကားများကို ကြားနာခွင့် ရခဲ့ရသည်။ ပင်မလမ်းမကြီးပေါ်တွင် ချီတက်ပွဲကြီးမှာလည်း ၁၀ နာရီအတိတွင် စတင်ခဲ့သည်။ အလံကိုင်တပ်ဖွဲ့များ၊ စစ်ပြန်များ၊ ပြည်သူ့စစ်များသည် ကိုလိုနီခေတ် စစ်ဝတ်စစ်စားများဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ချီ တက်ပြသခဲ့ကြသည်။ ကျောင်းသားကျောင်းသူများ၏ ဘင်ခရာတီးဝိုင်းမှာလည်း တက်တက်ကြွကြွ၊ ဖျတ်ဖျတ်လတ်လတ်ဖြင့် ကြည့်ကောင်းလှသည်။ မြို့လူထု ခေါင်းဆောင်များ၊ အစိုးရအရာရှိများ ဂုဏ်ထူးဆောင်စစ်ပြန်များသည် လမ်းတစ်လျှောက် ဖြည်းဖြည်းချင်း ချီတက်သွားကြရင်း အပြုံးကိုယ်စီဖြင့် လက်များကို ဝေ့ယမ်းပြသနေခဲ့ကြ၏။ ချီတက်ပွဲပြီးလျှင် ကစားကွင်းအတွင်း ကြက်သားကင်ပွဲတော် ဆက်လက် ဆင်နွှဲကြမည် ဖြစ်သည်။

စတန်းဝစ်သည် အိုလီ၏ အာမီအဲန်နေဗီ စတိုး အပြင်ဘက်ရှိ လမ်းဘေး ပလက်ဖောင်းပေါ်တွင် ရပ်ရင်း ချီတက်ပွဲကို စောင့်စားကြည့်ရှုနေခဲ့သည်။ ရိုင်ဖယ်သေနတ်ကိုင်တပ်ဖွဲ့ သူ၏ရှေ့မှ ဖြတ်သွားပြီးနောက် ချီတက်ပွဲသည် ခေတ္တခဏ ရပ်ဆိုင်းသွားခဲ့၏ နှစ်မိနစ်ခန့်ကြာအောင် တိတ်ဆိတ် ငြိမ်သက်သွားခဲ့ပြီး ရိုင်ဖယ်သေနတ်များကို မြှောက်လိုက်၊ ချလိုက်ဖြင့် တညီတညာတည်း အချိန်ကိုက် လှုပ်ရှားပြသခဲ့သည်။ ရိုင်ဖယ်သေနတ်ကိုင်တပ်ဖွဲ့၏ စစ်ရေးပြမှုပြီးသောအခါ ဘင်ခရာအဖွဲ့သည် ပြန်လည်တီးခတ်ကာ ချီတက်သွားခဲ့ကြရင်း ချီတက်ပွဲအား ဆက်လက်ပြသခဲ့ကြသည်။ ဘေးဘက်မှ ရပ်ကြည့်နေကြသော လူထုပရိသတ်ထံမှလည်း

BURMESE CLASSIC .com

လက်ခုပ်ဩဘာသံများ ထွက်ပေါ်လာခဲ့သည်။

တစ်ခဏမျှ ကြာပြီးနောက် စတန်းဝစ်သည် သူ၏နောက်ဘက်ရှိ စတိုးဆိုင်မှ ဒေါသတကြီး အော်ဟစ်ပြောဆိုသံကို ကြားလိုက်ရသည်။ စတန်းဝစ်သည် ဆိုင်အတွင်းသို့ ဝင်လိုက်ရာ ဆိုင်ပိုင်ရှင်ဖြစ်သူ အိုလီ ဖော့တီဆန်သည် မျက်နှာနီမြန်းလျက် အရောင်းကောင်တာ နောက်ဘက်တွင် ငွေတစ်ပြားမှ မရှိတော့သည့် အံဆွဲအား ကိုင်ထားရင်း ရပ်နေသည်ကို တွေ့လိုက်ရသည်။ လေ့ကျင့်ရေး ဆရာချင်တစ်ဦး ဖြစ်ခဲ့ဖူးသည့် ဖော့တီဆန်သည် အထိတ်တလန့်ဖြစ်နေသော ဈေးဝယ်သူလေးယောက်အား ဟိန်းဟောက် ပြောဆိုလျက်ရှိသည်။

'ဘာတွေများ အမှားအယွင်း ရှိနေလို့လဲ အိုလီ' စတန်းဝစ်က သူ့ထံသို့ လျှောက်လာရင်း မေးလိုက်သည်။

'ဘာမှားသလဲဆိုတော့ ဒီမှာလေ' ဖော့တီဆန်က ငွေသိမ်းအံဆွဲအား ထုတ်ပြလိုက်ရင်း မြည်တွန် တောက်တီးလိုက်သည်။ 'လွန်ခဲ့တဲ့ ငါးမိနစ်လောက်က ဒီအံဆွဲထဲမှာ ဒေါ်လာ၃၀၀ ရှိနေတယ်။ အခု ငွေတွေ တစ်ပြားမှ မကျန်တော့ဘူး'

'ဘာဖြစ်ခဲ့တယ် ဆိုတာကို ပြောပြပါဦး'

ဖော့တီးဆန်က သက်ပြင်းရှည်ကြီး ချလိုက်၏။

'ရှင်းရှင်းလေးပါ တွမ်'ဟု သူက ပြောလိုက်သည် 'ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်က အမှတ်တရနေ့မှာ ချီတက်လှည့်လည်ပွဲ ပြီးတဲ့အထိ အလံတွေနဲ့ နောက်ဆုံးရောက်လာတဲ့ ပစ္စည်းတွေရောင်းဖို့ ဆိုင်ကို ဖွင့်ထားတတ်တယ်လေ။ ကျွန်တော်က ငွေထည့်တဲ့အံဆွဲကို ဖွင့်ပြီး ငွေတွေကို စီဖို့လုပ်နေတုန်း အပြင်ဘက်လူအုပ်က ငြိမ်ကျသွားတယ်။ အဲ့ဒီအခါမှ မြို့ပြင်က ရိုင်ဖယ်တပ်ရင်းရဲ့ စစ်ရေးပြပွဲ စတော့မယ်ဆိုတာကို ကျွန်တော် သတိရလိုက်မိတယ်'

'ကျွန်တော် ဒီစစ်ရေးပြပွဲကို ကြည့်ချင်ခဲ့တယ်။ ဒါနဲ့ အရှူးတစ်ယောက်လို ငွေထည့်တဲ့ အံဆွဲကို ဖွင့်လျက်သား ထားခဲ့ပြီး ပြတင်းပေါက်ရှိရာကို လာခဲ့တယ်။ အနည်းဆုံး ဈေးဝယ်သူ အနည်းငယ်လောက်ကလည်း အဲ့ဒီလိုပဲ ပြတင်းပေါက်ရှိရာကို ရောက်လာခဲ့ကြတယ်။ ဒါပေမဲ့ ဘယ်သူ တွေလဲ ဆိုတာကိုတော့ ကျွန်တော် သတိမထားမိလိုက်ဘူး၊ စစ်ရေးပြပွဲအတွင်းမှာ သေနတ်မောင်းတင်လိုက်တဲ့ အသံကို ခင်ဗျား ကြားရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

စစ်ရေးပြပွဲ အခမ်းအနားပြီးတော့ ကျွန်တော် ငွေသိမ်းကောင်တာကို ပြန်လာခဲ့ရော ငွေတွေက မရှိကြတော့ဘူး’

‘နောက်ပြီး ခင်ဗျားရဲ့ တုံ့ပြန်မှုကို အပြင်ဘက် ပလက်ဖောင်းပေါ်ကနေ ကျွန်တော် ကြားလိုက်ရပါတယ်’ စတန်းဝစ်သည် ပြုံးချင်သော စိတ်ကို ထိန်းထားလိုက်ရသည်။ ‘ရဲစခန်းကို ဖုန်းလှမ်းဆက်လိုက်ပါ အိုလီ၊ နောက်ပြီးတော့ သူက တခြားသူများဘက်သို့ လှည့်လိုက်ရင်း ဆက်ပြောလိုက်သည်။ ‘ကျုန် ခင်ဗျားတို့အားလုံး ခင်ဗျားတို့ဆီက ထွက်ချက်ယူဖို့အတွက် ရဲအရာရှိ ရောက်လာတဲ့အထိ ဆက်ပြီး နေပေးကြဖို့ အကြံပေးချင်တယ်’

စတန်းဝစ်သည် ဈေးဝယ်သူနှစ်ယောက်နှင့် သိကျွမ်းပြီးဖြစ်သည်။ တစ်ဦးမှာ အဲလင် လီလီယော့ဖြစ်ပြီး သူမသည် မြို့ထဲတွင် ပန်းဆိုင်တစ်ဆိုင်ကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။ နောက်တစ်ဦးမှာ ပေါလ် ဘရီးန်ဖြစ်သည်။ သူသည် သဲရောင်ဆံပင် ရှိသော်လည်း နဖူးပြောင်နေသူ ဖြစ်သည်။ သူသည် အသက်ငါးဆယ်အတွင်းရှိ အမှုဆောင်အရာရှိတစ်ဦး ဖြစ်သည်။ ဘရီးန်သည် ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားခြင်းမရှိဘဲ ဦးချွန်ဖိနပ်ကို ဝတ်ဆင်ထားသည်။ တခြားနှစ်ယောက်မှာ လူငယ်များဖြစ်ကြသည်။ တစ်ယောက်သည် ဆံပင်ခပ်တိုတို၊ စစ်ယူနီဖောင်းခပ်ပွပွနှင့် ဘွတ်ဖိနပ်တို့ကို ဝတ် ဆင်ထားသည်။

စတန်းဝစ်အဖို့ စတိုးဆိုင်တစ်ဆိုင်လုံးကို လှည့်ပတ်ကြည့်သော်လည်း ထူးထူးခြားခြား ဘာမျှ မတွေ့ရချေ။ ခင်းကျင်း ပြသထားသည်မှာလည်း အဝတ်အထည်များ၊ စခန်းချပစ္စည်းများ၊ စစ်အသုံးအဆောင်များနှင့် အတိုအထွာ ပစ္စည်းများသာ ဖြစ်ကြသည်။ သစ်မာသား ခင်းထားသော ကြမ်းပြင်သည် ရှုမြဲအတိုင်း တဖိတ်ဖိတ် တောက်ပြောင်နေသည်။

တပ်ကြပ်ကြီးက တယ်လီဖုန်းကို ဆောင့်ချလိုက်သည်နှင့် စတန်းဝစ်သည် သူ့ဘက်သို့ လှည့်လိုက်သည်။

‘အိုလီ’ သူက တိုးတိုးပြောလိုက်၏။ ‘အခိုးခံရပြီးကတည်းက ဒီကနေ ထွက်သွားသူ ရှိသေးသလား’

‘မဖြစ်နိုင်ဘူး။ ဒီမှာ တံခါးက တစ်ပေါက်တည်းရှိတာ။ နောက်ပြီး ခေါင်းလောင်းကလည်း အလုပ်လုပ်ပါတယ်။ ခင်ဗျား ဝင်လာတုန်းက ခင်ဗျားကြားမှာပါ။ နောက်ပြီး ဒီမနက် ဒီကို ဘယ်သူမှ ရောက်လာတာ မရှိဘူး’

‘ဒီအတိုင်းဆိုရင် သူတို့ထဲက ဘယ်သူမှ ရဲတွေ ရောက်မလာခင် မပြန်ကြစေနဲ့။ အထူးသဖြင့် . . . . ’ ဟု စတန်းဝစ်က ပို၍ အသံတိုးတိုးဖြင့် ပြောလိုက်ပါသည်။

စတန်းဝစ်သည် သူခိုးအဖြစ် မည်သူ့ကို သံသယဖြစ်နေပါသလဲ။ အဘယ်ကြောင့်ပါလဲ။

အဖြေကို စာမျက်နှာ (၁၁၅) တွင်ကြည့်-

■

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပျောက်စေဆရာအမှု

အင်နီတင်းစ်ဒေးလ်သည် ငယ်ရွယ် ချောမောသော အင်္ဂလိပ် အမျိုးသမီး တစ်ဦးဖြစ်သည်။ သူမသည် အပျော်တမ်း ယုတ္တိဗေဒပညာရှင် သောမတ်စ်ပီ စတန်းဝစ်နှင့် ကင်းဘရစ်ဂျ် တက္ကသိုလ်တွင် ကျောင်းတက်စဉ်က ခင်မင်ရင်းနှီးခဲ့သောသူ ဖြစ်သည်။ စတန်းဝစ်သည် နယူးအင်္ဂလန်သို့ ပြန်လာခဲ့ပြီး ဘာစကာဗီးလ်ရှိ သူ၏ ဘန်ဂလိုအိမ်ကလေးတွင် အခြေချ နေထိုင်ခဲ့ပြီးနောက် သူမသည် ကင်းဘရစ်ဂျ်တွင် အချိုမုန့်ရောင်းသော ဆိုင်ကလေး တစ်ဆိုင်ကို ပိုင်ဆိုင်လုပ်ကိုင်နေ၏။ သူတို့အချင်းချင်း ပုံမှန် စာအဆက်အသွယ် ရှိကြပြီး စတန်းဝစ်သည် ကင်းဘရစ်ဂျ်သို့ လာလည်တိုင်း သူမနှင့် တွေ့ဆုံလေ့ ရှိခဲ့သည်။

သူ၏ ပေးစာတစ်စောင်တွင် ဤသို့ရေးသားခဲ့သည်။

ခင်မင်ရသော အင်နီ

၁၄ရက်နေ့က ပေးပို့ခဲ့တဲ့ သတင်းပလင်း စုံလင်လှတဲ့ ခင်ဗျားရဲ့ စာအတွက် ကျေးဇူးတင်ပါတယ်။ အဘိုးကြီး ဂေါ်ဒွန်၊ ခင်ဗျားရဲ့ ဆိုင်ကို လာတိုင်း ကျွန်တော့်ကို မေးဖော်ရတဲ့တွက် ကျေးဇူးတင်စရာပါ။ ကျောင်းသား ဘဝတုန်းက သူအပေါ် ကူညီခဲ့ဖူးတယ်။ သူရဲ့ ရွှေဖောင်တိန် ပျောက်

သွားတာကို ကျွန်တော်က ပြန်ရအောင် လုပ်ပေးခဲ့တာပါ။ ဒါကို သူက ဘယ်တော့မှ မေ့ပုံမရဘူး။

ကျွန်တော်ကတော့ အခုလောလောဆယ် အထက်တန်းကျောင်းသုံး ဂျီဩမေတြီ စာအုပ်ကို ပြုစုနေလို့ မအားလပ်အောင် ရှိနေရပါတယ်။ စာအုပ်က သီတင်းနှစ်ပတ်လောက်ကြာရင် ပြီးတော့မှာပါ။ ကျွန်တော် နောက်ရေးရမယ့် စာအုပ်ကတော့ အမေရိကန် ပြည်တွင်းစစ်အကြောင်း ရေးထားတဲ့ စာအုပ်ကို တည်းဖြတ်ပေးဖို့ ဖြစ်ပါတယ်။

ပျောက်စေ ဆရာတစ်ယောက်က လန်ဒန်မှာ သရုပ်ပြခဲ့တဲ့ပွဲကို ကျွန်တော်တို့ သွားကြည့်ခဲ့ကြတဲ့အချိန်ကို အမှတ်ရသေးသလား။ အင်း လွန်ခဲ့တဲ့ သီတင်းပတ်က ရှိုင်းစတန်မှာ ဒီလိုသရုပ်ပြတာကို သွားကြည့်ရင်း ခင်ဗျားကို သတိရလိုက်မိတယ်။ တစ်ချိန်တုန်းက မက်ဝေါ့ကာက ပြောဖူးတယ်။ သူ့ကိုယ်သူ ပျောက်စေဆရာဆိုပြီး ကြွေးကြော်နေတဲ့ ဂျူးဇက် ဟောင်းရှမ်းဟာ ဥပဒေကို လက်တစ်လုံးကြား လိမ်လည်နေတဲ့ လူလိမ် တစ်ယောက်လို့ ရဲတွေက သံသယဖြစ်နေတယ်လို့ ပြောဖူးတယ်။ လွန်ခဲ့တဲ့ သီတင်းတစ်ပတ်က ဟောင်းရှမ်းဟာ မင်နွန်ခန်းမမှာ သရုပ်ပြပွဲကို ပြသမယ်လို့ ကြားရတာနဲ့ သူ့ရဲ့ပြပွဲကို ကြည့်ဖို့ ရှိုင်းစတန်ကို ကားမောင်းလာခဲ့တယ်။

တကယ့်ကြီးကျယ်တဲ့ ပြပွဲပါပဲ။ ခန်းမတစ်ခုလုံးလည်း ပရိသတ်တွေနဲ့ ပြည့်လို့။ မုတ်ဆိတ်မွေးအပြည့်နဲ့ ဟောင်းရှမ်းဟာ ခရမ်းရောင်ဝတ်ရုံကို ဝတ်ထားတယ် သူက ယခင် သူ့ရဲ့ စွမ်းဆောင်နိုင်ခဲ့မှု အနည်းငယ်ကို ပြန်ပြောင်းရှင်းပြပြီးနောက် ဆေးကုသခံမယ့်သူတွေ အသင့်ရှိရင် ရှေ့ထွက်လာဖို့ ပြောပါတယ်။

သူ့ရဲ့ ကံမကောင်း၊ အကြောင်းမလှရှာတဲ့ ဝေဒနာသည်က အသက်နှစ်ဆယ်လောက် အရွယ်ကတည်းက မျက်စိနှစ်လုံး မမြင်ရှာတဲ့ လူလတ်ပိုင်းအရွယ် လူတစ်ယောက် ဖြစ်ပါတယ်။ ဟောင်းရှမ်းက အဲ့ဒီ သူ့ကို ဒူးထောက်ပြီး ထိုင်ခိုင်းလိုက်ပါတယ်။ သူက အပေါ်ကို မော့ကြည့်ရင်း ဂါထာတွေ ရွတ်ဖတ်ခဲ့တယ်။ အဲ့ဒီနောက် သူ့ရဲ့လက်ကို ဝေဒနာသည်ရဲ့ ခေါင်းပေါ်ကနေ ဝဲလိုက်တယ်။ သူက ဒူးထောက်ထိုင်နေတဲ့သူကို ဆွဲထူလိုက်ပြီး သူ့ရဲ့လက်ကို လူနာရဲ့ မျက်စိပေါ် တင်ထားလိုက်ပြီး တစ်ခဏကြာတော့ လက်ကို ဖယ်လိုက်တယ်။ လူနာဟာ မျက်စိကို တစ်ခဏလောက် ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်ပြီးနောက် 'ကျွန်တော် မျက်စိ

www.burmeseclassic.com

www.burmeseclassic.com

ပြန်မြင်ရပြီ'လို့ အော်လိုက်တယ်။

'ကျုပ်ဝတ်ထားတဲ့ ဝတ်ရုံက ဘာအရောင်လဲ'လို့ ဟောင်းရှမ်းက မေးလိုက်ပါတယ်။

'ခရမ်းရောင်ပါ'လို့ အဲ့ဒီလူက ပြန်ဖြေလိုက်ပါတယ်။

ဟောင်းရှမ်းက လူနာကို ပရိသတ်ဘက် လှည့်စေလိုက်ပြီး သူ့ရဲ့ ဝတ်ရုံခြုံထားတဲ့ လက်ကိုမြှောက်လိုက်ရင်း 'အောင်ပြီ၊ သူ မျက်စိ ပြန်မြင်ပြီ'လို့ အော်လိုက်ပါတယ်။

အခုကလေးတင် မျက်စိပြန်မြင်သွားတဲ့ လူက ဟောင်းရှမ်းကို ဝမ်းသာအားရ ဖက်လိုက်တယ်။ အဲ့ဒီနောက် ပရိသတ်တွေက ကောင်းချီး ဩဘာပေးနေစဉ် သူဟာ မျက်စိတစ်မှိတ်အတွင်းမှာ စင်ပေါ်ကနေပျောက်သွားပါတယ်။

ဟောင်းရှမ်းရှေ့ကို နောက် ရောက်လာတဲ့သူကတော့ အတူပါလာတဲ့ အမျိုးသမီးရဲ့အဆိုအရ အဲ့ဒီလူဟာ မွေးရာပါ နား လုံးဝမကြားရတဲ့သူ ဖြစ်ပါတယ်။ သူဟာ နှုတ်ခမ်းလှုပ်တာကို ကြည့်ပြီး နားလည်တဲ့သူဖြစ်ပါတယ်။ အဲ့ဒီလိုပဲ သူဟာ စကားကိုတော့ ပြောနိုင်သူဖြစ်ပါတယ်။ ဒါကြောင့် သူဟာ ဟောင်းရှမ်းက ဒူးထောက်ဖို့ ပြောလိုက်တဲ့အခါ သူက ပြောတဲ့အတိုင်း ဒူးထောက်လိုက်ပါတယ်။ ဟောင်းရှမ်းကလည်း ယခင်အတိုင်း ဂါထာတွေရွတ်လိုက်၊ လက်နဲ့ဝဲလိုက်နဲ့ လုပ်လိုက်ပါတယ်။ အဲ့ဒီနောက် ဟောင်းရှမ်းက လူနာကို ဆွဲထူလိုက်ပြီး လူနာရဲ့နားပေါ်မှာ သူ့လက်ကိုတခဏ တင်ထားလိုက်ပါတယ်။ အဲ့ဒီနောက် သူက နောက်ကို နည်းနည်းဆုတ်လိုက်ပြီး လူနာကို 'ကြားရသလား'လို့ မေးလိုက်ပါတယ်။ အဲ့ဒီလူဟာ ဆတ်ခနဲ မော့ကြည့်လိုက်ပြီး မျက်နှာမှာ အပြုံးတွေ ဝေသွားပါတယ်။

'ဟုတ်ကဲ့ ... ကြားတယ်'လို့ သူက ပြောပါတယ်။

ဟောင်းရှမ်းက သူ့ရဲ့လူနာကို ပရိသတ်ဘက် လှည့်စေလိုက်ပြီး တစ်ဖန် သူ့ရဲ့မျက်နှာကိုမော့၊ လက်ကိုမြှောက်လိုက်ပြီး 'အောင်ပြီ ... အောင်ပြီ နားပြန်ကြားရပြီ'လို့ ကြွေးကြော်လိုက်ပါတယ်။

'ဟုတ်တယ်၊ ကျွန်တော် နားပြန်ကြားရပြီ'လို့ အဲ့ဒီလူကလည်း အော်လိုက်ပြီးနောက် သူက ဟောင်းရှမ်းကို အလွန် အထူးကျေးဇူးတင်ကြောင်းပြောရင်း စင်ပေါ်က ဆင်းသွားပါတယ်။

ပရိသတ်က လက်ခုတ်ဩဘာပေးနေစဉ်မှာပဲ ကျွန်တော် ခန်းမထဲက ထွက်လာခဲ့တယ်။ ဟောင်းရှမ်းဟာ လူလိမ်လူညာတစ်ယောက်ဖြစ်တယ်ဆိုတာကို သိနိုင်လောက်အောင် ကျွန်တော် လုံလုံလောက်လောက် သိခဲ့ရပြီး ဖြစ်ပါတယ်။

ဟောင်းရှမ်းသည် လူလိမ်လူညာ တစ်ယောက်ဖြစ်ကြောင်း စတန်းဝစ်မည်ကဲ့သို့ သိလိုက်ပါသနည်း။

အဖြေကို စာမျက်နှာ (၁၁၄) တွင်ကြည့်-

■

www.burmeseclassic.com

www.burmeseclassic.com



ဘရက်ကန်ပန်းခြံ လူယက်မှု

'သူမက တိုက်ခိုက်တဲ့သူကို မတွေ့လိုက်ရဘူးလို့ ပြောတယ်' အင်စပက်တာ ဝေါ့ကာက ပြောပြလိုက်သည်။ 'ကျွန်တော် အခုကလေးတင် ဆေးရုံက ပြန်လာတာ။ သူမဟာ ကောင်းကောင်း သတိမရသေးဘူး။ နောက်ပိုင်းကျရင်တော့ ဒီထက် ပိုပြီး အမှတ်ရလာကောင်းပါရဲ့'

အင်စပက်တာ ဝေါ့ကာနှင့် အပျော်တမ်း ယုတ္တိဗေဒပညာရှင် သောမတ်စ်ပီ စတန်းဝစ်တို့သည် အေးချမ်းလှသော နိုဝင်ဘာဆောင်း၏ အအေးဒဏ်ကို အန်တုရင်း ဘရက်ကန်ပန်းခြံရှိရာသို့ ဦးတည်လျက် ရှိုင်းစတန်လမ်းတစ်လျှောက် ခရီးဆက်လာခဲ့ကြသည်။

ထိုနေ့ နံနက်စောစောပိုင်းက အလုပ်ဖန်တီးရှင် တစ်ဦးဖြစ်သည့် အသက် သုံးဆယ်ကျော်ကျော်သာ ရှိသေးသော အဲလီဆန်ဗားနီးယားသည် ပန်းခြံတစ်လျှောက် အပြေးလျှောက်နေစဉ် ဦးခေါင်းအားရိုက်၍ အလုခံခဲ့ရသည်။

'သူ လဲကျနေတာကို ဘယ်အချိန်မှာ တွေ့ခဲ့ရတာလဲ'

'မနက် ၇ နာရီ ခွဲလောက်မှာ အပြေးလမ်းလျှောက်နေတဲ့ နောက်တစ်ယောက်က တွေ့ခဲ့တာပါ။ နေရာကတော့ သစ်ပင်အုပ် တစ်အုပ်ကို ဖြတ်သွားတဲ့ လမ်းနားမှာပါ။ အလင်းရောင်ထွက်လို့ ၇ နာရီကျော်ကျော်လောက်မှာ သူ့ကို တိုက်ခိုက်ခံခဲ့ရတာ ဖြစ်ပါတယ်။ သူမရဲ့ခါးမှာ ပတ်ထားတဲ့ ငွေတွေထည့်ထားတဲ့ ခါးပတ်ပါသွားတယ်။ သူမလည်း သတိမေ့မြောသွားခဲ့တယ်။ ဒီလို အေးချမ်းလှတဲ့ ရာသီမျိုးမှာ သူမ ဝတ်ထားတာက သိပ်ပြီး ထူထူထဲထဲ မရှိလှဘူး။ တီရှပ်၊ တင်းနစ်စကပ်၊ ရောင်ပြန်စတစ်ကာပါတဲ့ ဂျာကင်နဲ့ ဟားပတ် ဆွယ်တာတွေလောက်ပဲ ဝတ်ထားတယ်။ နောက်ပြီး ဘေ့စ်ဘောဦးထုပ်ကိုလည်း ဆောင်းထားတယ်'

ခင်ဗျားလို တကုပ်ကုပ်ထိုင်ပြီး အလုပ်လုပ်တတ်တဲ့သူ အနေနဲ့ လေ့ကျင့်ခန်းတချို့ လုပ်ခြင်းက လူတစ်ယောက်ကို ဘယ်လောက် နွေးထွေးစေနိုင်တယ်ဆိုတာ သဘောပေါက်မှာ မဟုတ်ဘူး' ဟု စတန်းဝစ်က ခပ်လှောင်လှောင် ပြောလိုက်၏။

ဝေါ့ကာက နှာခေါင်းကို ရှုံ့လိုက်ရင်း 'ခင်ဗျားကော သဘောပေါက်လို့လား'ဟု မေးလိုက်ပါသည်။

သူတို့သည် ပန်းခြံသို့ အဝင်ဂိတ်ပေါက်နှင့် အတော်လှမ်းလှမ်းရှိ သတင်းစာ အရောင်းဆိုင်အနီးတွင် ရပ်လိုက်ကြသည်။

'သူက ဒီနေရာကနေဖြတ်ပြီး ပန်းခြံထဲကို ဝင်လာခဲ့တယ်' ဝေါ့ကာက ပြောပြလိုက်၏။ 'ဒါက သူမ ဝင်လာနေကျ လမ်းကြောင်းပဲ' ဝေါ့ကာက ရဲတံဆိပ်ကိုပြလိုက်ရင်း သတင်းစာရောင်းသူ အော်စကာခရေးမားနှင့် မိတ်ဆက်လိုက်ပါသည်။

'ဒီမနက်က ပန်းခြံထဲမှာ အပြေးလမ်းလျှောက်နေတဲ့ အမျိုးသမီးတစ်ယောက်ကို သတိထားမိလိုက်သလား'ဟု သူက မေးလိုက်၏။

'တကယ်က နည်းနည်းလောက်တော့ တွေ့လိုက်ပါတယ်။ ဘယ်တစ်ယောက်ကို ပြောတာလဲ'ဟု ခရေးမားက ပြန်မေးခဲ့၏။

'ဟားဗတ်ဆွယ်တာ ဝတ်ထားတဲ့ အမျိုးသမီးကို ပြောတာပါ'ဟု စတန်းဝစ်က ပြောလိုက်သည်။

'အိုး . . . ဟုတ်ပြီ ကျွန်တော် ဆိုင်စဖွင့်နေတုံး မနက် ၇ နာရီ ဝန်းကျင်လောက်ပေါ့။ သူက သီတင်းနှစ်ပတ်လောက်ရှိပြီ မနက်တိုင်း အချိန်မှန် ဖြတ်ပြေးနေကျပါ။ ဘာပြုလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com

'သူဟာ ပန်းခြံထဲမှာ တိုက်ခိုက်ပြီး လုယက်တာ ခံလိုက်ရတယ်' ဟု ဝေါ့ကာက ပြောပြလိုက်သည်။ 'ဒီမနက်က ပန်းခြံထဲကို ဒီလမ်းအတိုင်း ဝင်လာတဲ့သူ ဖြစ်ဖြစ်၊ ပြန်ထွက်သွားတဲ့သူဖြစ်ဖြစ် သံသယဖြစ်စရာကောင်းတဲ့သူ တစ်ဦးဦးကို တွေ့လိုက်မိသလား'

ခရေးမားက ခေါင်းကိုခါပြလိုက်သည် 'သတိ မထားမိလိုက်ပါဘူး ဆရာ'

'ကျေးဇူးတင်ပါတယ်။ မကြာခင်မှာ ဆာဂျင်ဟက်ချ်က ခင်ဗျားရဲ့ ထွက်ချက်ကို လာယူပါလိမ့်မယ်' ဟုပြောကာ အင်စပက်တာ ဝေါ့ကာနှင့် စတန်းဝစ်တို့သည် ဆက်၍ လျှောက်လာခဲ့ကြသည်။

'ဆာဂျင်ဟက်ချ်က အခင်းဖြစ်တဲ့ နေရာမှာပဲ ရှိနေသေးတယ်' ဟု ဝေါ့ကာက စတန်းဝစ်အား ပြောပြလိုက်သည်။ 'ဒီလမ်းအတိုင်းကိုက် ငါးဆယ်လောက်ပဲ ဝေးပါတယ်'

'သူ့အနေနဲ့ ခရေးမားကို သေသေချာချာ စစ်ဆေးမေးမြန်းသင့်တယ်လို့ အကြံပေးချင်တယ်' စတန်းဝစ်က မျက်မှောင်ကြုတ်ရင်း ပြောလိုက်သည်။ 'သတင်းစာရောင်းသူဟာ မစ္စပန်းနီးယား ပြေးတတ်တဲ့ အချိန်နဲ့ လမ်းကြောင်းကို လွယ်လွယ်ပဲ မှတ်သား ထားနိုင်လောက်အောင် အခြေအနေရထားတယ်။ နောက်ပြီး သူမအလာကို ပုန်းပြီး စောင့်နေ လို့ရတဲ့ အခြေအနေမှာ ရှိနေတယ်။ သူဟာ ဒီအမှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကို ပြောပြထားတာထက် ပိုပြီးသိနေတယ်။ ဒါကိုတော့ သံသယမဖြစ်နဲ့'

စတန်းဝစ်သည် အဘယ်ကြောင့် သတင်းစာရောင်းသူကို သံသယဖြစ်ရပါသနည်း။

အဖြေကို စာမျက်နှာ (၁၁၁) တွင်ကြည့်-

■

ဂိုက်စား

ရဲဌာနချုပ်ရှိ မှသားဖော်စက်ဖြင့် စစ်ဆေးရာအခန်းသည် တစ်ဖက်တည်းကိုသာ မြင်တွေ့နိုင်သည့် မှန်ကို ကာထားသဖြင့် များစွာအဆင်ပြေလှ၏။ မှန်နောက်ဘက်ရှိ အခန်းကလေး တစ်ခန်းအတွင်းတွင် အင်စပက်တာ မက်သရူး ဝေါ့ကာနှင့် သူ၏ မိတ်ဆွေဖြစ်သူ စတန်းဝစ်တို့ ရှိနေကြသည်။

'ဘူဂေးရိုးယန်း သတ္တုတွင်းကုမ္ပဏီရဲ့ စတော့ရှယ်ယာ လက်မှတ်တွေကို အကြံအဖန် အလုပ်ခံရတဲ့အကြောင်း သတင်းစာတွေမှာပါတာ ခင်ဗျား သိပြီးပြီလို့ ထင်တယ်' အင်စပက်တာ မက်သရူးဝေါ့ကာက ပြောလိုက်၏။ 'ဒေါ်လာ သန်းဝက်ဖိုးလောက် ပါသွားတယ်'

'အခု ဟိုအခန်းထဲမှာ ရှိနေတဲ့သူတွေက ဒီအမှုနဲ့ပတ်သက်နေတဲ့ သူတွေလား' စတန်းဝစ်က မှသားဖော်စက်ဖြင့် စစ်ဆေးရာအခန်း

www.burmeseclassic.com

www.burmeseclassic.com

တွင်းသို့ ကာထားသော မှန်မှတစ်ဆင့် ချောင်းကြည့်လိုက်ရင်း မေးလိုက်ပါသည်။

'ဟုတ်တယ်။ အားလုံးပေါင်း လေးယောက်ပါ။ လူးဝစ္စလန်းဘတ်၊ ဒိုင်ယာနေး ဆိုရန်ဆင်း၊ မော်တီကင်မရွန်းနဲ့ ဂျွန်သော့ပ်တို့လေးဦးက ရိုက်စား လုပ်ခဲ့ကြတာပါ။ တစ်ယောက်က ရောင်းပေးတဲ့သူ၊ လေးယောက်ထဲက တစ်ယောက်က စတော့လက်မှတ်တွေကို အတုလုပ်တဲ့သူ၊ နောက်တစ်ယောက်ကတော့ စာရင်းကိုင်တဲ့သူ၊ နောက်တစ်ယောက်က ဘဏ်မှာ ငွေအသွင်းအထုတ် လုပ်ပေးတဲ့သူပါ။ အခု ကျွန်တော်တို့တွေ သူတို့လေးယောက်က အကြံအဖန် ရိုက်စားလုပ်တဲ့ ကိစ္စမှာ ဘယ်ကဏ္ဍကနေ ပါတယ်ဆိုတာကို စစ်ဆေးနေကြတာပါ'

အင်စပက်တာ ဝေါ့ကာနှင့် စတန်းဝစ်တို့သည် တရားခံလေးဦးအား မုသားဖော်စက်ဖြင့် စစ်ဆေးနေသည်ကို နားထောင်နေခဲ့ကြသည်။ တရားခံ တစ်ဦးစီသည် ထွက်ဆိုချက်နှစ်ခုစီ ပေးကြရ၏။

ပထမဦးစွာ လန်းဘတ်က စတင်၍ ထွက်ဆိုချက် ပေးခဲ့သည်။ 'ကျွန်တော်က စာရင်းကိုင်ရတဲ့သူပါ။ ဘယ်လိုအလုပ်ဆိုတာ သိတယ်မို့လား။ သော့ပ်ကလည်း စာရင်းကိုင်ရတဲ့ သူပါပဲ' သူက တခစ်ခစ်ရယ်လိုက်သည်။

ဒုတိယ အလှည့်တွင် ကင်မရွန်းက ထွက်ဆိုချက်ပေးခဲ့သည်။ 'လန်းဘတ်ဟာ ဘဏ်မှာ ငွေထုတ်ငွေသွင်းလုပ်ရတဲ့သူ မဟုတ်ပါဘူး။ ကျွန်တော်က စတော့လက်မှတ် အတုတွေ လုပ်ပေးခဲ့သူပါ'

တတိယအလှည့်တွင် ဆိုရန်ဆင်းက ထွက်ဆိုချက်ပေးခဲ့၏။ 'လန်းဘတ်ဟာ စတော့လက်မှတ်အတု လုပ်တဲ့သူ မဟုတ်ပါဘူး။ ရောင်းချပေးတဲ့သူကတော့ သော့ပ်ပါ'

စတုတ္ထအလှည့်တွင် သော့ပ်က ထွက်ဆိုချက်ပေးခဲ့၏။ 'ဒိုင်ယန်နေးဟာ စာရင်းကိုင်သူ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် မော်တီဟာစာရင်းကိုင်သူ ဖြစ်ချင်ဖြစ်မယ်။ ဒိုင်ယန်နေးကတော့ လက်မှတ်အတု လုပ်တာနဲ့ပတ်သက်လို့ ဘာမှ မတတ်ပါဘူး'

တရားခံတစ်ဦးစီသည် အချက်နှစ်ချက်စီ ထွက်ဆိုပြီးနောက်တွင် ထပ်မံပြည့်စွက် ပြောစရာ အကြောင်းမရှိတော့သဖြင့် စတန်းဝစ်သည် ထွက်ဆိုချက်များကို ရေးမှတ်နေရာမှ ထွက်ခွာလာခဲ့သည်။

နောက်တစ်နေ့တွင် စတန်းဝစ်သည် အင်စပက်တာ ဝေါ့ကာ၏

ရုံးခန်းသို့ ရောက်ရှိလာခဲ့ရာ ဝေါ့ကာသည် မုသားဖော်စက်မှ ရရှိသော အဖြေကို မကျေမနပ် ပြောဆိုရေရွတ်လျက် ရှိနေ၏။ 'ယုံနိုင်စရာတောင် မရှိတော့ဘူးဗျို့။ မုသားဖော်စက်ကတော့ ပုံမှန်အလုပ်လုပ်နေပုံ မရတော့ဘူး။ တရားခံတစ်ဦးစီရဲ့ ထွက်ဆိုချက်နှစ်ခုအနက် တစ်ခုကမှန်ပြီး တစ်ခုကအမှားလို့ ကျွန်တော့်ကို အသိပေးထားတယ်။ ဒါပေမဲ့ အခု ဘယ်သူက ဘယ်ကဏ္ဍကနေ ပါတယ်ဆိုတာ သိဖို့မလွယ်တော့ဘူး။ စက်အသစ်လဲပေးဖို့ အထက်ကို အစီရင်ခံမှ ဖြစ်တော့မယ်'

စတန်းဝစ်က အားရပါးရ ရယ်မောမိလိုက်ပါသည်။

'မုသားဖော်စက်တွေဟာ သိပ်အလုပ်မဖြစ်ဘူးလို့ နာမည်ပျက်နေတာ ကြားနေရသားပဲ၊ တကယ်လို့ ခင်ဗျားပြောတာသာ အမှန်ဆိုရင် သိပ်မခက်လှပါဘူး။ ဘယ်ထွက်ဆိုချက်ကအမှန်၊ ဘယ်ထွက်ဆိုချက်က အမှား၊ ဘယ်သူက ဘယ်ကဏ္ဍကနေ ပါတယ်ဆိုတာကို ဆက်စပ်ဆင်ခြင်ကြည့်လို့ ရပါတယ်ဗျာ။ သိပ်ပူမနေပါနဲ့ '

ဤအမှုတွင် တရားခံတစ်ဦးစီသည် မည်သည့်ကဏ္ဍမှ ပါဝင် ပတ်သက်နေပါသနည်း။

အဖြေကို စာမျက်နှာ (၁၁၅) တွင်ကြည့်–

■

www.burmeseclassic.com

www.burmeseclassic.com



ဘူဂိုနီးယန်း သူလျှိုအမှု

စိန့်ဂျိမ်းပန်းခြံအတွင်းရှိ ဘဲငန်းများသည် ပစ်ချပေးသော ပေါင်မုန့်စများကို အငန်းမရ စားသောက်ခဲ့ကြ၏။ သောမတ်စ် ပီစတန်းဝစ်သည် သူ၏ မိတ်ဆွေဟောင်း တစ်ဦးဖြစ်သူ အင်စပက်တာ ဂီးလ်ဘတ် ဘော့ဒ်ဒွင်းနှင့်အတူ ခုံရှည်တစ်ခုပေါ်တွင် ထိုင်ရင်း ပေါင်မုန့်စများကို ဘဲငန်းများအား ပစ်ကျွေးနေခဲ့သည်။ စတန်းဝစ်သည် အနားယူရင်း ပညာရေးဆွေးနွေးဖလှယ်ပွဲတစ်ခုသို့ တက်ရောက်ရန် လန်ဒန်မြို့သို့ ရောက်ရှိနေခဲ့သည်မှာ သတင်းတစ်ပတ် ရှိခဲ့ပြီဖြစ်သည်။ သူနှင့် ဘောဒ်ဒွင်းတို့သည် ထုံးစံအတိုင်းပင် ရာဇဝတ်မှုခင်းများအကြောင်း ပြောဆို ဆွေးနွေးနေခဲ့ကြခြင်း ဖြစ်သည်။

'ကျွန်တော့်မှာလည်း သူလျှိုအမှု တစ်ခုရှိတယ်။ စကော့တလန်ယာ့ဒ် ကလည်း အမ်အိုင်-၅ကို ရေငုပ်သင်္ဘော ပစ်ခတ်ရေးနဲ့ ပတ်သက်တဲ့ စီမံကိန်း ကာကွယ်ရေးဝန်ကြီးဌာနကနေ အခိုးခံလိုက်ရတာကို ပြန်တွေ့ဖို့ အကူအညီပေးနေပါတယ်။ မြောက်ဘူဂိုးရီးယား လွတ်လပ်သော ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံရုံးကနေ တစ်ယောက်ယောက်က ခိုးသွားတာကို ခံလိုက်ရတာပါ။ သူတို့က တောင်ဘူဂိုရီးယား သမ္မတနိုင်ငံကို ဆန့်ကျင်ဖို့ စစ်ရေးနည်းပညာတွေကို ရှာဖွေနေခဲ့တာပါ'

'ရေငုပ်သင်္ဘော ပလန်တွေ ဟုတ်လား' စတန်းဝစ်သည် အနည်းငယ် အံ့သြသွားဟန်ဖြင့် ကြည့်လိုက်ပါသည်။ 'ဒီနှစ်နိုင်ငံစလုံးက ကုန်းတွင်းပိတ် နိုင်ငံတွေ မဟုတ်ဘူးလား'

'ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ရေကန်ကြီး တစ်ကန်ကို နိုင်ငံ နှစ်နိုင်ငံစလုံးက တစ်ပိုင်းစီ ပိုင်ဆိုင်ကြပြီး ရေတပ်တွေ ထူထောင်ထားကြတယ်'

စတန်းဝစ်သည် သဘောကျလှသဖြင့် ရယ်လိုက်မိသည်။ 'ဒါထက် စစ်ရေးပလန်တွေကို ဘယ်လို အခိုးခံလိုက်ရတာလဲ'

'အကြီးတန်း ကာကွယ်ရေး အရာရှိတစ်ဦးဖြစ်တဲ့ ဝါရင်းပယ်ရီဟာ ပေါ့ပေါ့သဆနဲ့ ဒီစီမံချက်တွေရဲ့ မိတ္တူကို ယူဆောင်သွားခဲ့ပြီး ဟိုတယ်က အရက်ဘားမှာ မေ့ထားခဲ့ရာကနေ ပျောက်သွားခဲ့တာပါ။ သူ့ကိုလည်း အဲ့ဒီကတည်းက ရာထူးကနေ ချထားလိုက်တယ်။ ဒီစာရွက်စာတမ်းတွေကို ခိုးသွားတဲ့သူဟာ မြောက်ဘူဂိုနီးယန်း သံရုံးဝန်ထမ်း နှစ်ယောက်အနက်က တစ်ယောက်ရဲ့ လက်ချက်လို့ ကျွန်တော်တို့ ယုံကြည်တယ်။ ဗလာဒို အင်ပါးလပ်စ်နဲ့ ဘောရစ်စ် ဂူလ်ကိုဗိုတို့နှစ်ယောက် ဖြစ်ပါတယ်၊ အဲ့ဒီနေ့ ညနေခင်းက သူတို့ နှစ်ယောက်စလုံး ဟိုတယ် အရက်ဘားမှာ ရှိနေကြပါတယ်'

'အဟုတ်လား . . . ဆက်ပါအုံး'

ဘော့ဒ်ဒွင်းက သက်မသာ ညည်းညူလိုက်ပြီး သူ၏ မှတ်စုစာအုပ်ကို ထုတ်လိုက်ပါသည်။ 'ကျွန်တော်တို့တွေ ဘားတင်ဒါ စားပွဲထိုးတွေ၊ ဟိုတယ်ဧည့်ကြိုတွေနဲ့ တခြားသူ အတော်များများကို စစ်ချက်ယူပြီးပါပြီ' ဟုသူက ရှင်းပြလိုက်သည်။ 'ပယ်ရီက အရက်ဘားကို ညနေ ၆ နာရီ ၃၀ မှာ မိန်းမတစ်ယောက်နဲ့ အတူရောက်လာတယ်။ စားပွဲတစ်လုံးမှာ ဝင်ထိုင်ပြီး ကော့တေး မှာသောက်တယ်။ သူတို့တွေ တစ်နာရီခွဲလောက်ကြာအောင် အရက် ထိုင်သောက်နေခဲ့ကြပြီးနောက် အမျိုးသမီးက ပြန်သွားတယ်။ ပယ်ရီက သူ့ရဲ့ လက်ဆွဲအိတ်ကိုဖွင့်ပြီး တစ်နာရီလောက်ကြာအောင် အလုပ် ထိုင်လုပ်နေခဲ့တယ်။ အဲ့ဒီနောက် သူ့ရဲ့ပေဂျာကနေ အသံထွက်လာတဲ့အတွက် သူလည်း ဖုန်းဆက်ဖို့ ၁၅ မိနစ်လောက်ကြာအောင် ထွက်သွားခဲ့ပါတယ်။ သူ ပြန်ရောက်လာပြီးနောက် ဆယ့်ငါးမိနစ်လောက် ကြာတော့မှ သူ့ရဲ့ စာရွက်စာတမ်းတွေ ပျောက်နေတာကို သတိထားလိုက်မိတာပါ'

'အင်ပါးလပ်စ်က ပယ်ရီရောက်ပြီး နာရီဝက်လောက် အကြာမှာ သူ့ရဲ့ မိတ်ဆွေတစ်ယောက်နဲ့အတူ အရက်ဘားကို ရောက်လာတယ်။ သူတို့တွေက ဂျင်နဲ့ တိုးနစ်ကို တစ်နာရီ ဆယ်ငါးမိနစ်လောက်ကြာအောင်

www.burmeseclassic.com

www.burmeseclassic.com

ထိုင်သောက်နေခဲ့ကြပြီး သူ့ရဲ့မိတ်ဆွေက ပြန်သွားခဲ့တယ်။ အဲ့ဒီနောက် ဆယ်ငါးမိနစ်လောက်ကြာတော့ အင်ပါးလပ်စ်က ကိုယ်လက်သန့်စင်ခန်းကို သွားခဲ့တယ်။ နောက်ထပ် ဆယ်ငါးမိနစ်လောက် ကြာတဲ့နောက် သူ ပြန်ရောက်လာတယ်။ နောက်ပိုင်း နာရီဝက်လောက်အကြာမှာ သူ ပြန်ထွက်သွားခဲ့တယ်။

'နောက်တစ်ယောက်ဖြစ်တဲ့ ဂူလ်ကိုဗိုဟာ အင်ပါးလပ်စ် ရောက်လာပြီးနောက် နာရီဝက်လောက်အကြာမှာ အရက်ဘားကို တစ်ယောက်တည်း ရောက်လာခဲ့တယ်။ သူက စားပွဲတစ်လုံးမှာ နေရာယူလိုက်ပြီး ဝီစကီနဲ့ဆိုဒါ မှာသောက်နေခဲ့တယ်။ မိနစ် လေးဆယ့်ငါးမိနစ်လောက်ကြာပြီးနောက် သူဟာ ဆယ့်ငါးမိနစ်လောက်ကြာအောင် ကိုယ်လက်သန့်စင်ခန်းကို သွားခဲ့တယ်။ ကိုယ်လက် သန့်စင်ခန်းကနေ ပြန်လာပြီးနောက် ဆယ်ငါးမိနစ်လောက်အကြာမှာ သူက ဟိုတယ်'ဧည့်ခန်းကိုသွားပြီး နာရီဝက်လောက်ကြာအောင် သတင်းစာတစ်စောင်ဝယ်ပြီး ဖတ်နေတယ်။ အဲ့ဒီနောက် သူဟာ အရက်ဘားကိုပြန်ပြီး ကောက်ကာငင်ကာ သူ့ရဲ့ ကုတ်အင်္ကျီကို ကောက်ယူပြီး ထွက်သွားတယ်'

'အဟမ်း' စတန်းဝစ်က လက်ကျန်ပေါင်မုန့်စများကို ရေကန်အတွင်းတွင် ရေကူးနေသော ဘဲငန်းများရှိရာသို့ ပစ်ချပေးလိုက်သည်။ 'ပယ်ရီဟာ သူ အရက်ဘားကို ရောက်တဲ့အချိန်က လက်ဆွဲအိတ်ထဲမှာ စီမံချက်နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ ပါလာတယ်ဆိုတာ သေချာရဲ့လား'

'ပါလာပါတယ်။ သူက စာရွက်တွေထုတ်ပြီး အလုပ်လုပ်စဉ်မှာပဲ စာရွက်တွေ ရှိနေတာကို မြင်လိုက်ရပါသေးတယ်။ သူဟာ ခိုးမှုကို ကျူးလွန်တဲ့သူ မဟုတ်ပါဘူး။ ပြောလို့ရတာကတော့ ပေါ်လွှာတဲ့ အပြစ်တော့ ရှိတာကို တွေ့ရပါတယ်'

'စတန်းဝစ်က မတ်တတ်ရပ်လိုက်ပြီး အညောင်းဆန့်လိုက်ရင်း 'ဒီအမှုမှာ သူလျှိုဘယ်သူလဲ ဆိုတာကို စဉ်းစားကြည့်လို့ ရပါတယ်ဗျာ။ ကဲ . . . နေ့လယ်စာ စားကြရင် မကောင်းလား'

သူလျှိုသည် မည်သူဖြစ်မည်နည်း။

အဖြေကို စာမျက်နှာ (၁၂၄) တွင်ကြည့်-

■



ပွဲတော်တွင် တစ်နံနက်ခင်း

အင်္ဂလန်နိုင်ငံ၊ နော့သ်အမ်ဘာရိုင်းယန် ပြည်နယ်၊ နော်ဒွင်း ကျေးရွာတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ကွင်းအဲန်ပွဲတော်ကိုနွှဲနေကြသည်။ ဩဂုတ်လအတွင်း ရက်ပေါင်းများစွာကြာအောင် ရှိုင်းယားတစ်ဝိုက်မှ လူများသည် လက်မှုပညာပြပွဲ၊ အားကစားပြိုင်ပွဲ၊ လယ်ယာထုတ်ကုန်ပြပွဲ၊ ထမင်းဟင်းချက် ပြိုင်ပွဲနှင့် ဂီတ ပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲကြရန် လာရောက်လေ့ ရှိကြသည်။

ထို့အတူပင် အပျော်တမ်း ယုတ္တိဗေဒပညာရှင် သောမတ်စ်စတန်းဝစ်သည်လည်း ပွဲတော်သို့ တက်ရောက်လျက်ရှိ၏။ သူသည် နှစ်စဉ် သို့မဟုတ်၊ နှစ်နှစ်တစ်ခါ လာရောက်လေ့ရှိပြီး နော်ဒွင်း ရွာသားတို့၏

www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသော အမှုအကျင့်များကို တွေ့သိရှိနေခဲ့သည်။ နော်ဒွင်းရွာသား များအနက် ရွာသားထက်ဝက်ခန့်သည် ဘဝတစ်လျှောက်လုံး လိမ်လည် ပြောဆိုတတ်သူများဖြစ်ပြီး ကျန်တစ်ဝက်သည် ဘဝတစ်လျှောက်လုံး အမှန် ကိုသာ ပြောဆိုတတ်သူများ ဖြစ်ကြသည်။ ရွာသားများနှင့် စကားပြောဆိုရ သည်မှာ သူ၏ ထုတ်ယူ ဆင်ခြင်နိုင်စွမ်းကို လက်တွေ့စမ်းသပ်ရာ ရောက် ခဲ့သည်။

ပွဲတော်၏ ဒုတိယမြောက်နေ့တွင် စတန်းဝစ်သည် ဝက်များကို ကြည့်ရန် ပွဲခင်းအတွင်းသို့ စောစီးစွာ ရောက်ခဲ့သည်။ သူသည် အထူး သဖြင့် မစ္စပေါ်ကီပိန်းဟု အမည်ပေးထားသော အလွန်ဝဖြိုးသည့် ဝက်မ ကို ကြည့်ရန် အလွန်စိတ်အားထက်သန်နေခဲ့သည်။ သူသည် ဝက်ထားရာ လှောင်အိမ်ရှိရာသို့ ရောက်သောအခါ ဝက်ကို မတွေ့ရဘဲ ဝက်ပိုင်ရှင်ကို သာ တွေ့လိုက်ရသည်။ ဝက်ပိုင်ရှင်ဖြစ်သူ အိုင်ယန်ကရစ်မိုးသည် အမျိုး သားသုံးယောက်နှင့် အမျိုးသမီး တစ်ယောက်တို့အား ဒေါသတကြီး မေး မြန်းလျက်ရှိသည်။ သူသည် စတန်းဝစ်ကို တွေ့လိုက်ရသောအခါ စတန်း ဝစ်ဘက်သို့ လှည့်လိုက်၏။

'မိတ်ဆွေကြီး တွမ်၊ တစ်ယောက်ယောက်က မစ္စပေါ်ကီပိန်းကို မနေ့ညက လှောင်အိမ်ထဲကနေ ခိုးသွားတယ်။ သူခိုးက တစ်ယောက်ထဲဖြစ် ရမယ်။ နှစ်ယောက်က သူ့ကို ဆွဲသွားမယ်ဆိုရင် သူဟာ ကြောက်လန့်ပြီး အသံကုန် အော်မှာပဲ'

'ဒီလေးယောက်ကို ခင်ဗျား သံသယရှိနေလို့လား'

'ဟုတ်တယ်၊ ချားလ်စ်ဟက်မင်း၊ သောမတ်စ်လဲရီ၊ ဒိုရာ ဂလက် စကားတို့က ပွဲတော်ကို တက်ရောက်လာသူတွေပါ။ နောက်ပြီး လူးဝစ္စပါ ရဲလားက ပွဲခင်းနဲ့ သိပ်မဝေးတဲ့နေရာမှာ သံသယဖြစ်စရာ ကောင်းလောက် အောင် စောစောစီးစီး အသားကင်နေတယ်။ ဒါကြောင့် သူ့ကိုလည်း ကျွန်တော် ခေါ်လာခဲ့တာ။ လေးယောက်စလုံးက ရွာက လူတွေပါ'

စတန်းဝစ်သည် ကရစ်မိုးအား ရွာသားတစ်ယောက် အဖြစ်နှင့် လည်းကောင်း၊ အမှန်ကို ပြောတတ်သူအဖြစ်နှင့်လည်းကောင်း သိထား သည်။ သူက သံသယ အဖြစ်ခံရသူတို့ဘက်သို့ လှည့်လိုက်ပြီး ခိုးမှုနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပြောပြနိုင်ခြင်း ရှိမရှိ မေးလိုက်ပါသည်။

'လူးဝစ္စဟာ ဘယ်တုန်းကမှ ပွဲတော်ကို မတက်ဖူးဘူး' ဟက်မင်း က ပြောပြခဲ့၏။ 'ထို့အတူပဲ သောမတ်စ်နဲ့ဒိုရာတို့ နှစ်ယောက်စလုံးဟာ

အမှန်ကိုပြောသူတွေ မဟုတ်ကြဘူး'

ဒိုရာဟာ ဝက်ကို ခိုးခဲ့တယ်' လဲရီက ပြောလိုက်၏၊ 'သူမနဲ့ လဲရီတို့ နှစ်ယောက်စလုံးဟာ လိမ်ပြောတတ်သူတွေပါ'

ဂလက်စကားက ဒေါသတကြီးဖြင့် လည်ချောင်းရှင်းလိုက်သည်။ 'ချားလ်နဲ့သောမတ်စ်တို့ နှစ်ယောက်စလုံး သူခိုးမဟုတ်ဘူး'ဟု သူမက ပြောလိုက်သည်။ 'လူးဝစ္စဟာ ပွဲတော်ကို တစ်နှစ်ခြား တက်တတ်တယ်'

'ဒိုရာရော၊ သောမတ်စ်ပါ လိမ်ပြောတတ်သူတွေပါ'ဟု ပါရဲလား က ပြောလိုက်သည်။ 'ဘာပဲဖြစ်ဖြစ် သူခိုးဟာ ချားလ်စ်ရော ဒိုရာပါ မဟုတ်ကြဘူး'

စတန်းဝစ်သည် ကျေနပ်အားရစွာ ပြုံးလိုက်ပါသည်။

'သွယ်ဝိုက်တဲ့နည်းနဲ့ ဝန်ခံခဲ့ရာမှာ ခင်ဗျားတို့အနေနဲ့ အထောက် အကူ ပြုခဲ့ကြပါတယ်'ဟု သူက ပြောပြလိုက်သည် 'ကဲ အခု' သူက သူတို့အထဲမှ တစ်ယောက်ဘက်သို့ လှည့်လိုက်ပြီး ဆက်ပြောလိုက်သည်။ 'ခင်ဗျားအနေနဲ့ ဘာကြောင့် ဝက်ကိုခိုးခဲ့တယ် ဆိုတာကို ပြောပြနိုင်ကောင်း ပါရဲ့'

မစ္စပေါ်ကီပိုင်းအား မည်သူ ခိုးခဲ့သနည်း။

အဖြေကို စာမျက်နှာ (၁၁၆) တွင်ကြည့်–

အဖြေကို စာမျက်နှာ (၁၁၆) တွင်ကြည့်–

■

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကျော်သက်ဂိုဏ်း

ဘာစကာဗီးလ် ရဲတပ်ဖွဲ့၏ အကြီးအကဲ ဝီလျံရိုင်းယန်သည် သောမတ်စ်ပီ စတန်းဝစ်ထံသို့ တစ်ညနေခင်းတွင် လာရောက်လည်ပတ်ခဲ့၏။ ရိုင်းယန်နှင့် စတန်းဝစ်တို့သည် စတန်းဝစ်၏ ဘန်ဂလို အိမ်ကလေးရှိ ညေ့ခန်းတွင်ထိုင်ရင်း အရပ်သတင်းများကို ပြောဆိုနေခဲ့သည်။ စတန်းဝစ်၏ လာဘရာဒိုခွေးကြီး ရူးဖတ်စ်သည် နေရောင်ထိုးနေသော နေရာတွင် ကောင်းစွာ အိပ်စက်လျက်ရှိနေ၏။

''ရှာမင်ဆိုတဲ့ ငနဲတော့ လူကောင်းသူကောင်းဘဝကို ပြောင်းတော့မယ်လို့ ကျွန်တော် ထင်တယ်''ဟု ဆံပင်ကျဲကျဲ၊ စကားနည်းသောရိုင်းယန်က စကားကို အဆုံးသတ်လိုက်သည်။ ''ကျွန်တော် သူနဲ့ စကားအကြာကြီး ပြောဖြစ်ခဲ့တယ်။ သူဟာ နောက်ထပ် မဟုတ်တာလုပ်မှာ မဟုတ်တော့ဘူး''

''ဒီလိုကြားရတာ ကောင်းပါတယ်။ ချီစ်ဖ်'ဟု စတန်းဝစ်က

ပြောလိုက်၏ ''ရှာမင်မိသားစုက လူကောင်းတွေပါ၊ ဒီရက်တွေမှာ စိတ်ဝင်စားစရာကောင်းတဲ့ စုံစမ်းစစ်ဆေးနေရတာတွေ ရှိသလား''

''တကယ်တော့ ရှိနေပါတယ်။ အရပ်ထဲက စတိုးဆိုင်သုံးဆိုင်ကို (လွန်ခဲ့တဲ့ နှစ်လအတွင်း) ဆယ်ကျော်သက်တွေပါတဲ့ ဂိုဏ်းတစ်ဂိုဏ်းက ဓားပြတိုက်ခဲ့တယ်။ ကျောက်မျက်ရတနာဆိုင် တစ်ဆိုင်၊ အိမ်ဆောက်ပစ္စည်းရောင်းတဲ့ဆိုင်နဲ့ ဂက်စကိုမက် စတိုးဆိုင် အားလုံးသုံးဆိုင်၊ ဓားပြတိုက်ခံခဲ့ရတာပါ။ ဒီဂိုဏ်းကပဲ အနီးအနားက မြို့နှစ်မြို့မှာလည်း ဓားပြတိုက်ခဲ့ကြသေးတယ်။ ဒီဂိုဏ်းထဲမှာပါတဲ့ ဆယ်ကျော်သက် လေးယောက်ဟာ ဘာစကာဗီးလ်နဲ့ ရှိုင်းစတန် အထက်တန်းကျောင်းတွေက ကျောင်းသားတွေဆိုတာ သိထားပြီးပါပြီ။ ဒါကြောင့် ကျွန်တော်တို့က ရှိုင်းစတန်ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး စုံစမ်းစစ်ဆေးနေပါတယ်''

''ရှိုင်းစတန်ဘက်က တာဝန်ခံက ဘယ်သူလဲ။ မက် ဝေ့ါကာလား'' ဟု စတန်းဝစ်က မေးလိုက်၏။

''သူ မဟုတ်ဘူး။ အင်စပက်တာ မာတီနက်ဖ်ပါ''

''သူလည်း တော်ပါတယ်''ဟု စတန်းဝစ်က ခေါင်းငြိမ့်ပြရင်း ပြောလိုက်သည်။

''ဘာပဲဖြစ်ဖြစ် ဒီလေးယောက်ကို ကျွန်တော်တို့ ဖော်ထုတ်နိုင်ခဲ့ပါပြီ။ ဘာစကာဗီးလ်က ကျောင်းသားတွေက လီဆာဂျေနစ်ဆင်နဲ့ တိုနီအာရွန်နစ်ဆီဖြစ်ပြီး ရှိုင်းစတန်းက ကျောင်းသားတွေကတော့ ဖရက်ဝိုင်းနက်နဲ့ ဂျိုက်စ်ဘောဘင်တို့ ဖြစ်ပါတယ်။ အခုဆိုရင် သူတို့ကို မပြတ်စောင့်ကြည့်နေပါတယ်။ ဖမ်းဟယ်ဆီးဟယ် မလုပ်ခင် သူတို့နဲ့ ပတ်သက်ပြီး ပိုသိချင်သေးလို့ပါ''

''အထူးသဖြင့် သိချင်တာက ဂိုဏ်းအတွင်းမှာ သူတို့ တစ်ယောက်နဲ့တစ်ယောက် နာမည်ပြောင်တွေနဲ့ ဘယ်လိုသတ်မှတ် ထားကြတယ်ဆိုတာပဲ'' အကြီးအကဲ ရိုင်းယန်က ဆက်၍ပြောပြခဲ့၏။ ''သူတို့ထဲက တစ်ယောက်ရဲ့ နာမည်ပြောင်က 'ကြွက်သား'လို့ခေါ်တယ်။ ဦးဆောင်တဲ့ တစ်ယောက်ကိုတော့ 'ခေါင်းဆောင်'လို့ ခေါ်ကြတယ်။ ကျွန်တော်တို့ သိထားတာကတော့ ဘင်ဟာ ဝိုင်းနက်ထက် အဆင့်ပိုမြင့်တယ်။ ဒါပေမဲ့ 'ခေါင်းဆောင်'တော့ မဟုတ်ဘူး။ အာရွန်နစ်ဆီကိုတော့ 'ဒရိုင်ဗာ'လို့ ခေါ်ကြတယ်။ တစ်ယောက်ကတော့'လက်နက်'လို့ ခေါ်ကြတယ်။ သူဟာ ဝိုင်းနက်တော့ မဟုတ်ဘူး။ နောက်ပြီး 'ခေါင်းဆောင်'ဆိုသူရဲ့ အောက်

www.burmeseclassic.com

www.burmeseclassic.com

တစ်ဆင့်နိမ့်တယ်။ 'ဒရိုင်ဘာ'ဟာ အနိမ့်ဆုံး အဆင့်မဟုတ်ဘူး ဆိုတာကိုလည်း ကျွန်တော်တို့ သိထားတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလို ဟိုတစ်စ၊ ဒီတစ်စဆိုတာထက် ပိုသိဖို့လိုတယ်။ ဒါမှ ဘယ်သူဟာ ဘယ်သူဖြစ်တယ်။ သူ့ရဲ့အဆင့်က ဘာဆိုတာကို ရွေးထုတ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီအခါကျမှသာ သူတို့ကို ရုံးတင်ဖို့ အသင့်ဖြစ်မှာပါ''

စတန်းဝစ်က ပြုံးလိုက်ပြီး ဆေးတံကို ဆေးဖြည့်လိုက်၏။

''ကျွန်တော် တစ်နေ့လုံး ကျောင်းသုံး ကျိုသြမေတြိကိစ္စနဲ့ ခေါင်းနောက်နေခဲ့တာ'' သူ ပြုံးလိုက်ရင်းပြော၏ ''ခင်ဗျား လာလည်တဲ့အတွက် အနားရလောက်ပြီလို့ မှတ်ပါတယ်။ အလို... ကျွန်တော်ရှင်းပြနိုင်မယ်လို့ ထင်တယ်။ ခင်ဗျားပြောပြတဲ့ ဟိုတစ်စ၊ ဒီတစ်စဟာ ခင်ဗျား သိချင်တာကို ပြောပြနိုင်လောက်အောင်ကို လုံလောက်နေပါပြီ''

မည်သည့်ဂိုဏ်းသားတွင် မည်သည့် နာမည်ပြောင်နှင့် မည်သည့်အဆင့်ရှိသနည်း။

အဖြေကို စာမျက်နှာ (၁၁၆) တွင်ကြည့်–



အီဒင်ဘတ်မှ အဖြစ်အပျက်

သောမတ်ပီ စတန်းဝစ်သည် အီဒင်ဘတ်မြို့တွင် သွားရောက်အနားယူနေရာ ပြင်းရိုင်းငွေ့စရာ ကောင်းလှသည့် ဆောင်းဦးကာလ ညနေခင်းအများစုအား မှိန်တသင်းသင်း ရှိနေတတ်သည့် စာအုပ်ဆိုင်များတွင်သာ အချိန်ဖြုန်းလေ့ရှိသည်။ တစ်နေ့တွင် သူသည် ရောင်စမပျိုးမီ အချိန်ကလေးမှာပင် လမ်းတစ်လမ်းအတွင်းရှိ စာအုပ်ဆိုင်ကလေးတစ်ဆိုင်သို့ သွားရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

စတန်းဝစ်သည် စာအုပ်စင်ပေါ်မှ အလယ်ခေတ် စကော့ဘာသာရေးဆိုင်ရာ စာတစ်အုပ်ကို ဆွဲယူ၍ လှန်လှောကြည့်လိုက်စဉ်မှာပင် လူကြီးပိုင်းအရွယ် စာအုပ်ဆိုင်ပိုင်ရှင်၏ ခပ်ကျယ်ကျယ် အော်ပြောလိုက်သော အသံကို ကြားလိုက်ရ၏။ ဆိုင်ရှင်က ဆိုင်တံခါးပေါက် အနီးသို့ ရောက်နေသော ပါးသိုင်းမွေးနှင့် လူအား လက်ညှိုးထိုးရင်း လှမ်းပြောလိုက်ခြင်း ဖြစ်သည်။ 'တစ်ဆိတ်ကလေးဗျာ။ ခင်ဗျားလက်ထဲက စာအုပ်အတွက် ငွေ မပေးချေရသေးပါဘူး'

'ပေးစရာမလိုဘူးလေ' ထိုလူက ဆိုင်အတွင်းဘက်သို့ ပြန်ဝင်လိုက်ရင်း ပြောလိုက်ပါသည်။ 'ဒီစာအုပ်ကို လွန်ခဲ့တဲ့ သုံးရက်လောက်ကတဲက တခြားဆိုင်က ဝယ်ခဲ့တာပါ။ ခင်ဗျား သတ်မှတ်ထားတဲ့ ဈေးထက် အများကြီးနည်းတယ်။ နောက်ပြီး ကျွန်တော် ဒီဆိုင်ထဲ ဝင်လာကတည်းက ကျွန်တော်နဲ့အတူ ပါလာတာပါ'

'မဟုတ်သေးပါဘူး။ ဒီစာအုပ်က ကျုပ်ဆိုင်က စာအုပ်ဆိုတာ သေချာပါတယ်' ဆိုင်ရှင်က ထိုသူ၏အနီးရှိ စာအုပ်စင်သို့ လက်ညှိုးထိုးပြလိုက်၏။ 'ဒီစင်မှာ နေရာလွတ်နေတာ မြင်တယ်မို့လား။ ဒီစာအုပ်က ကျွန်တော်တို့ဆီမှာ ဒီတစ်အုပ်ပဲ ကျန်တော့တာ။ နောက်ပြီး မရောင်းရသေးတာ သေချာတယ်'

'ခင်ဗျား အမှတ်မှားနေတာ ဖြစ်မယ်။ ရောင်းလိုက်တာကို ခင်ဗျား မေ့နေတာ ဖြစ်နိုင်တာပဲ'

'ကျွန်တော်တော့ မှားတယ်လို့မထင်ဘူး။ ခဏလောက် စာအုပ်ကိုပြပါ' ဆိုင်ရှင်က စာအုပ်ကိုယူလိုက်ပြီး အဖုံးကို လှန်ကြည့်လိုက်သည်။ 'ကဲ ... ဒီမှာ ခင်ဗျားမြင်တဲ့အတိုင်းပဲ ပထမစာမျက်နှာရဲ့ ထောင့်မှာ ခဲဖျက်နဲ့ ဖျက်ထားတဲ့ ဖျက်ရာရှိနေတယ်။ ကျွန်တော်က ကျွန်တော့်စာအုပ်တိုင်းကို အဲ့ဒီနေရာမှာ စာအုပ်ရဲ့တန်ဖိုးကို ခဲတံနဲ့ ရေးထားလေ့ရှိတယ်။ ခဲဖျက်နဲ့ ခင်ဗျား ဖျက်လိုက်တာပဲ'

'စာအုပ်ဆိုင်တိုင်း ဒီလိုနေရာမှာ တန်ဖိုးကို ရေးတတ်ကြတာပဲ' ထိုလူက ခပ်ထန်ထန် ပြောခဲ့သည်။ 'ကျွန်တော် စာအုပ်ကိုဝယ်ပြီးတဲ့အခါကတည်းက တန်ဖိုးကို ဖျက်ပစ်လိုက်တာ'

'ဒါဆိုရင် ဒီစာအုပ်ကို ဝယ်လိုက်တဲ့ ဘောက်ချာ ခင်ဗျားမှာ ရှိသလား '

'မရှိတော့ဘူးဗျ။ ကျွန်တော် လွှင့်ပစ်လိုက်ပြီ။ ကျွန်တော် ဒီစာအုပ်ကိုင်ပြီး ဝင်လာတာခင်ဗျား မမြင်ဘူးလား'

'မမြင်ဘူး။ ခင်ဗျား ဝင်လာတုန်းက ကျွန်တော် တစ်ဖက်လှည့်နေတာကိုတော့ ဝန်ခံပါတယ် '

'ဒါဆိုလည်း ရှင်းနေပြီပဲ' ထိုလူက ပြန်ထွက်သွားရန် လှည့်လိုက်ရင်း ပြောလိုက်သည်။ 'ကျွန်တော် သွားတော့မယ်'

'ခဏကလေး နေပါဦး'ဟု စတန်းဝစ်က ထိုသူထံ လျှောက်လာရင်း ပြောလိုက်သည်။ 'ဒီကိစ္စမှာ ရဲကိုခေါ်လိုက်ရင် အကျယ်အကျယ် ဖြစ်ကုန်တော့မယ်၊ ရဲက ခင်ဗျားကို ရှာမယ်။ ခဲဖျက်တို့၊ ခဲတံမှာပါတဲ့ ခဲဖျက်တို့လိုဟာမျိုး ဖြစ်ချင်ဖြစ်မယ်။ နောက်ပြီး ခင်ဗျားစကားအရကို ခင်ဗျား အပြစ်ကျူးလွန်ကြောင်း ဝန်ခံရာရောက်နေပြီ။ အကောင်းဆုံးကတော့ အကျယ်အကျယ် ပြောမနေဘဲ ဆိုင်ပိုင်ရှင်ကို စာအုပ် ပြန်ပေးလိုက်တာ ပိုကောင်းမယ် ထင်တယ်'

ထိုလူသည် ဘယ်ကဲ့သို့ အပြစ်ကျူးလွန်ကြောင်း ဝန်ခံရာ ရောက်ခဲ့ရသနည်း။

အဖြေကို စာမျက်နှာ (၁၁၅) တွင်ကြည့်ပါ–

■

www.burmeseclassic.com

www.burmeseclassic.com

ဆည်ရိုပ်သာမှအခန်း

သောမတ်စ်ပီ စတန်းဝစ်သည် ဘဲမိုင်ခရီးကို ခြေလျင်လျှောက်လာခဲ့ပြီးနောက် အဆုံးတွင် နော်ဒွင်းသို့ ရောက်သောအခါတွင် ဆည်းဆာချိန် ရောက်နေပြီဖြစ်သည်။ သူသည် အင်္ဂလန်နိုင်ငံတွင် လာရောက် အနားယူသောအခါတွင် နော့သ်အမ်ဘာရိုင်းယန် ကျေးရွာကလေးသို့ သွားရောက်လည်ပတ်ရသည်ကို နှစ်သက်၏။ ထိုကျေးရွာတွင် နေထိုင်ကြသော ရွာသူရွာသားများ၏ ထက်ဝက်ခန့်သည် အမြဲ လိမ်ညာပြောတတ်ကြပြီး တစ်ဝက်မှာမူ အမှန်ကိုပြောလေ့ရှိသူများ ဖြစ်သည်။ ထိုရွာသားများနှင့် စကားပြောရသည်မှာ ယုတ္တိဗေဒ သဘောအရ ထုတ်ယူ ဆင်ခြင်မှုအား အလေ့အကျင့်လုပ်ပေးရာ ရောက်၏။

စတန်းဝစ်သည် သက်ပြင်းတစ်ချက် ချလိုက်ရင်း ကျောပိုးအိတ်ကို ပစ်ချကာ ကျေးရွာ မြက်ခင်းအနီးရှိ ခုံရှည်တစ်ခုအပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူ့အနေနှင့် အရေးတကြီး လိုအပ်သည်မှာ ထိုညအတွက် တည်းခိုနားနေရန်အတွက် အခန်းတစ်ခန်း ရရေးဖြစ်သည်။ ထိုစဉ်အခိုက်မှာပင် ရွာသားသုံးဦးသည် အနီးမှဖြတ်သွားရာ သူက လှမ်းနှုတ်ဆက်လိုက်၏။

''တစ်ဆိတ်ကလေးခင်ဗျာ'' သူက ရွာသားများအား မေးလိုက်သည် ''ဝက်ဝံပြာ ဧည့်ရိပ်သာမှာ ဒီညအတွက် အခန်းတွေ ရနိုင်ဦးမလား''

''ဟုတ်ကဲ့ အခန်းတွေ ရပါသေးတယ်''ဟု ပထမရွာသားက ပြောခဲ့၏။

''ဘယ်အခန်းမှ မရနိုင်တော့ဘူး'' ဒုတိယရွာသားကပြော၏။ ''နောက်ပြီး သူရော၊ ကျွန်တော်ပါ နှစ်ယောက်စလုံးဟာ လိမ်ပြောတတ်သူတွေပါ''

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့အထဲက နှစ်ယောက်က လိမ်ပြောတတ်သူတွေပါ" တတိယရှာသားက ပြောခဲ့၏။ "နောက်ပြီး ပထမလူဟာ အမှန်ကို ပြောနေတာပါ"

စတန်းဝစ်က နွမ်းနယ်စွာ ပြုံးပြလိုက်ရင်း "ကျေးဇူးတင်ပါတယ်" ဟု ပြောလိုက်သည်။ သူသည် မကြာခဏဆိုသလိုပင် ရှာသားများ၏ သွယ်ဝိုက်ပြေဆိုတတ်သော စကားများကို ကြားနေကျဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ မည်သူက လိမ်ပြောသည်ကိုလည်းကောင်း ထိုထက် ပိုအရေးကြီးသော ညှော်ရိပ်သာတွင် အခန်းရနိုင်၊ မရနိုင်ကိုလည်းကောင်း သူ့အနေနှင့် ထုတ်ယူ ဆင်ခြင်နိုင်လောက်အောင်ပင် ရှာသားသုံးယောက်သည် ပြောဆိုခဲ့ကြပြီး ဖြစ်လေသည်။

မယ်သူသည် လိမ်ပြောနေသနည်း။
ညှော်ရိပ်သာတွင် အခန်းရနိုင်သလား။
အဖြေကို စာမျက်နှာ (၁၁၇) တွင်ကြည့်–

■

အတွဲရွေးပွဲ ပဟေဠိ

သောမတ်စ်ပီ စတန်းဝစ်သည် ဆိုဒါတစ်ဘူးနှင့် အာလူးကျော်တစ်ပန်းကန်ကို ထိုင်နေသည့် ညှော်သည်၏ဘေးဖက်ရှိ စားပွဲပေါ်တွင် တင်လိုက်ပြီးနောက် သူထိုင်နေကျ ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ ထိုသို့ထိုင်လိုက်ရင်းပင် သူသည် ဆိုဒါဘူးကို ဖောက်ခနဲမြည်အောင် ဖွင့်လိုက်၏။

'ဘရိုင်ယမ်၊ မောင်ရင် ဝင်လာတဲ့အတွက် ဝမ်းသာတယ်ကွာ' ဟု သူက ပြောလိုက်သည်။ ဘရိုင်ယမ် ကပီလိုမိသားစုသည် စတန်းဝစ်၏ မိဘများနှင့် အိမ်နီးချင်းများ ဖြစ်ကြသည်။ သူသည် ဘရိုင်ယမ်မိသားစုနှင့် သိကျွမ်းခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ 'ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

တက်ရတာ အဆင်ပြေရဲ့လား'

သိပ်မဆိုးပါဘူး မစ္စတာ စတန်းဝစ်။ ကျောင်းက ခြောက်ပတ်လောက်ပဲ တက်ရတော့မှာပါ။ ပရုန်းပွဲတော်က သီတင်းသုံးပတ်လောက် အတွင်း ကျင်းပမှာလေ'ဟု ဆယ်ကျော်သက် ကပီလိုက ပြန်ပြောပြလိုက်၏။

'အခု . . . မင်း တွဲစရာအတွဲ ရပြီလား'

မရသေးဘူး။ ကျွန်တော်ရဲ့ သူငယ်ချင်းတွေကော၊ ကျွန်တော်ပါ ဘယ်လိုတွဲကြရမယ်ဆိုတာ မဆုံးဖြတ်ကြရသေးပါဘူး'

စတန်းဝစ်က နားမလည်သလို ကြည့်လိုက်သည်။ 'ဒီဟာက အုပ်စုလိုက် ဆုံးဖြတ်ကြရတာ မဟုတ်လား'

'ဟုတ်ပါတယ်။ ဟာ့ဗ်၊ ဂျော့၊ ရော်ဂျာနဲ့ ကျွန်တော်တို့ဟာ မာလင်း၊ လစ်ဇဘက်၊ ဒက်ဗ်၊ အဲနေးတို့နဲ့ တွဲရမှာပါ၊ သူငယ်ချင်းတွေ အနေနဲ့ပါ။ ဒါပေမဲ့ အလှမယ်ရွေးပွဲအတွက် ကျွန်တော်တို့က အတွဲတွေ ရွေးချင်ကြတာပါ။ ဂျော့ကလွဲပြီး ကျန်ကျွန်တော်တို့အားလုံးက ကျွန်တော်တို့ထက် ပိုပြီးအရပ်ရှည်တဲ့ မိန်းကလေးကို မတွဲချင်ဘူး။ အရပ်အမြင့် ၅ ပေ ၇ လက်မ၊ နောက်ပြီး ၅ ပေ ၈ လက်မ ရှိပါတယ်၊ မာလင်းက ၆ ပေ၊ လစ်ဇဘက်က ၅ ပေ ၇ လက်မ၊ ဒက်က ၅ ပေ ၈ လက်မ၊ နောက်ပြီး အဲနေး က ၅ ပေ ၅ လက်မ ရှိပါတယ်'

'ဦးသဘောပေါက်ပြီ' စတန်းဝစ်သည် ရုတ်တရက် ပင်ပန်းလာသလို ဖြစ်သွားခဲ့သည်။

'အခြား တစ်ဖက်မှာလည်း မိန်းကလေး တစ်ယောက်ချင်းက သူတို့ထက် ပျမ်းမျှ ရမှတ်နည်းတဲ့ သူတွေနဲ့သာ တွဲချင်ကြတယ်။ ဒါမှ ပွဲတော်လာ ပရိသတ်က သူတို့ကို ခပ်နုံနုံမိန်းကလေးလို့ မမြင်ကြမှာလို့ ယူဆကြပါတယ်။ အဲနေးရဲ့ ရမှတ်က ၃ ဒသမ ၅၊ ကျွန်တော်တို့ အထဲမှာ အမြင့်ဆုံး ရမှတ်ပါ။ မာလင်းက ၂ ဒသမ ၅၊ လစ်ဇဘက်က ၃ ဒသမ ၁၊ ဒက်ဗ်က ၃ ဒသမ ၄၊ ကျွန်တော်တို့ ယောကျ်ားကလေးတွေထဲမှာတော့ ကျွန်တော်က ၃ မှတ်၊ ရော်ဂျာက ၂ ဒသမ ၉၊ ဟာ့ဗ်က ၃ ဒသမ ၃၊ ဂျော့က ၂မှတ် ဖြစ်ပါတယ်'

စတန်းဝစ်သည် အချိုရည်ကို တစ်ချက် စုပ်လိုက်ပြီးနောက် စာရွက်ပေါ်တွင် ချရေးကြည့်လိုက်သည်။ 'ဒီလိုအပ်ချက်တွေနဲ့ ကိုက်ညီမယ့် ဖြစ်နိုင်စရာ တွဲလို့ရနိုင်မယ့် အတွဲနှစ်မျိုးလောက် ရှိနိုင်တဲ့ပုံ ပေါက်တယ်'

ဟု သူက ပြောလိုက်သည်။

'ဒါထက် နောက်ထပ် တစ်ခုရှိသေးတယ်' ဘရိုင်ယမ်က ဆက်ပြောခဲ့သည်။ 'ရော်ဂျာက ဖြည်းဖြည်းကရတဲ့ အကကို သဘောကျတဲ့မိန်းကလေးနဲ့ တွဲချင်နေတယ်။ မာလင်းနဲ့ဒက်ဗ်တို့က အဲ့သလို မကတတ်ဘူး။ ကျွန်တော် ပြောပြပါ့မယ် မစ္စတာ စတန်းဝစ်။ ကျွန်တော်တို့တွေ ဒီလိုတွဲနိုင်ဖို့ အသေအလဲ လုပ်နေခဲ့ကြတာ။ ဒီကိစ္စ တစ်ခုလုံးကို လက်လျှော့ရတော့မလို ဖြစ်နေပြီ'

'ဒီလိုလုပ်ဖို့ မလိုပါဘူး ငါ့တူ' ဟု စတန်းဝစ်က ရွှင်ရွှင်ပျပျ ပြောလိုက်ပါသည်။ 'ဟိုးတုန်းက ဦးတို့ ကျောင်းနေစဉ်ကတဲက ဒီပွဲအတွက် အုပ်စုလိုက် ညှိနှိုင်းရတဲ့အလုပ်ဟာ အသစ်အဆန်း ဖြစ်ခဲ့တာကိုး။ ဒါပေမဲ့ နည်းနည်းလောက် ယုတ်ယူဆင်ခြင်လိုက်ရင် ဖြစ်ပါတယ်၊ လူတိုင်းရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီမယ့် တွဲဖက်ပေးရမယ့် အစီအစဉ်တစ်ခု မင်းကို ပြောပြနိုင်မယ်လို့ ဦး ယုံကြည်တယ်'

မည်သည့်တွဲရေး အစီအစဉ်သည် အလုပ်ဖြစ်မည်နည်း။

အဖြေကို စာမျက်နှာ (၁၁၈) တွင်ကြည့်-

www.burmeseclassic.com

www.burmeseclassic.com

အစာသွတ်မုန့် ပဟေဠိ

မေလတိုင်း၏ ပထမပတ်၊ စနေနေ့တိုင်းတွင် ဘာစကာဗီးလ်ဒေသသည် နှစ်စဉ် လက်မှုပညာနှင့် မုန့်ဖုတ်ပြိုင်ပွဲ၊ ပြပွဲကို အလယ်တန်းကျောင်းနောက်ဘက်ရှိ ကစားကွင်းကြီးအတွင်း ကျင်းပလေ့ရှိသည်။ လက်ဖြစ် ရောင်စုံပိတ်စများ ရုပ်တုများဖြင့် အလှဆင်ထားသော တဲများအတွင်း အိမ်တွင် ကိုယ်တိုင်ဖုတ်ထားသော ပေါင်မုန့်များ၊ ကိတ်မုန့်များနှင့် အစာသွတ်မုန့်များကို ခင်းကျင်းပြသထားသည်။

သောမတ်စ်ပီ စတန်းဝစ်သည် ထိုပွဲတော်တွင် မုန့်မျိုးစုံ၏အနံ့အရသာကို မြည်းစမ်းခွင့် ရခြင်းကိုလည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်းများ အိမ်နီးချင်းများနှင့် တွေ့ဆုံရသည်ကိုလည်းကောင်း နှစ်သက်မြဲဖြစ်သည်။ မည်သို့ဆိုစေ။ ဤနှစ်တွင်မူ ရှိုင်းစတန်တွင် စုံစမ်းစစ်ဆေးစရာများ ပေါ်ပေါက်လာသဖြင့် ပွဲတော်ရှိရာ ကွင်းသို့ ညနေခင်းကျမှသာ ရောက်ရှိလာခဲ့သည်။ သူသည် ရောက်သည်နှင့် ခင်းကျင်းပြသထားရာ နေရာ အတော်များများသို့လည်ပတ်ကြည့်ရှုခဲ့သည်။ သူ နောက်ဆုံး ရောက်သည့် တဲမှာ ဟင်းလင်းဖွင့်ထားသော

တဲကြီးဖြစ်ပြီး ဖုတ်ထားသောမုန့်မြောက်မြားစွာကိုခင်းကျင်းပြသထားသော စားပွဲအများအပြား ရှိနေသည်။ ဖရီဒါ၊ ဂါတီနှင့် ဟေဇယ်ဟု ခေါ်ကြသော အမျိုးသမီးကြီးသုံးဦးသည် စားပွဲတစ်လုံး၏ နောက်တွင် သူတို့အချင်းချင်း စကားကောင်းလျက် ရှိနေကြသည်။ စားပွဲ၏ အလယ်တွင် ချယ်ရီသီး အစာသွတ်မုန့်ကို လည်းကောင်း၊ ဘလူးဘယ်ရီသီး အစာသွတ်မုန့်ကို နောက်ဘက ညာထောင့်တွင်လည်းကောင်း ပြသထား၏။ စတန်းဝစ်သည် ထိုအမျိုးသမီးကြီး သုံးဦးစလုံးနှင့် ခင်မင် သိကျွမ်းသည်ဖြစ်ရာ ရွှင်ရွှင်ပျပျပင် နှုတ်ဆက်လိုက်ပါသည်။

'ကောင်းသောနေ့ပါ အစ်မကြီးတို့'ဟု သူက နှုတ်ဆက်လိုက်၏။ 'အစာသွတ်မုန့်နှစ်ခုပဲ ကျန်ပါတော့လား။ ဘယ်သူ့မုန့်တွေ ဖြစ်မလဲ'

'ဘယ်သူ့မုန့်တွေ ဖြစ်ရမလဲ သောမတ်စ်။ ငါတို့တွေကိုယ်တိုင် ဘယ်မုန့်တွေ ဖြစ်မလဲဆိုတာကို ပြန်သတိရအောင် ကြိုးစားနေကြတာ။ ဒါမှသာ ဒီမရောင်းရတဲ့ မုန့်တွေဟာ ဒီမုန့်တွေကို ဖုတ်ခဲ့တဲ့သူနဲ့အတူ အိမ်ပြန်လို့ရမယ်။ ငါတို့ တစ်ဦးချင်းစီက ပန်းသီးအစာသွတ်မုန့်၊ ဘလူးဘယ်ရီသီး အစာသွတ်မုန့်၊ ချယ်ရီသီး အစာသွတ်မုန့်တွေ အသီးသီးဖုတ်ခဲ့ကြတယ်။ ဒါပေမဲ့ မုန့်တွေမှာတော့ မုန့်ဖုတ်တဲ့သူက လေဘယ်တွေတော့ မကပ်ခဲ့ကြဘူးလေ။ ရောင်းရတဲ့ငွေတွေက အလှူခံပုံးထဲ ရောက်သွားတာလေ'

'ဒါဆို အစ်မကြီးတို့မှာ အစာသွတ်မုန့်ကိုးခု ဖုတ်ခဲ့ပြီး ခုနစ်ခု ရောင်းခဲ့ရတယ်ပေါ့။ သူတို့ကို စားပွဲပေါ်မှာ ဘယ်လို ခင်းကျင်းထားခဲ့သလဲ' ဟု စတန်းဝစ်က မေးလိုက်ပါသည်။

'တစ်တန်းမှာ မုန့်သုံးလုံးစီနဲ့ အတန်းသုံးတန်း စီထားတာပါ။ အတန်းတစ်တန်းစီမှာ မုန့်သုံးမျိုးကို တစ်မျိုးစီ ထည့်စီထားတယ်။ ငါလုပ်တဲ့ မုန့်တွေထဲက မုန့်တစ်ခုတည်း ဒါမှမဟုတ် နှစ်ခုလောက် ရောင်းလိုက်ရတယ်' ဟု ဂါတီက ပြောပြလိုက်သည်။

ပထမအတန်းမှာ ငါတို့ တစ်ဦးချင်းစီရဲ့ မုန့်တစ်ခုစီ ပါတယ်' ဟေဇယ်က ပြောလိုက်သည် 'ဂါတီက အလယ်အတန်းမှာ မုန့်နှစ်ခုပါတယ်ဆိုတာတော့ ငါ မှတ်မိတယ်။ နောက်ပြီး ငါမှတ်မိတာက ငါ့ရဲ့ ပန်းသီး အစာသွတ်မုန့်နဲ့ ဘလူးဘယ်ရီ အစာသွတ်မုန့်နှစ်ခု ရောင်းလိုက်ရတယ် ဆိုတာပဲ။ ငါလုပ်တဲ့ ချယ်ရီမုန့်နဲ့ ပတ်သက်တာကတော့ မသေချာဘူး'

စတန်းဝစ်သည် သူ၏ ပိုက်ဆံအိတ်ကို ဆွဲထုတ်လိုက်ရင်း ရယ်

www.burmeseclassic.com

www.burmeseclassic.com

မောလိုက်ပါသည်။ 'ကျန်နေတဲ့ မုန့်နှစ်ခုကို ကျွန်တော်ပဲ ဝယ်လိုက်မှာ ဆိုတော့ ဘယ်သူ့ဟာလဲဆိုတာ ဆုံးဖြတ်စရာ မလိုတော့ဘူးပေါ့။ မုန့်တွေကလည်း အရသာရှိမယ့်ပုံ ပေါက်ပါတယ်။ ဘာပဲဖြစ်ဖြစ် နည်းနည်းလောက် ဆင်ခြင်လိုက်ရင် အဲ့ဒီမုန့်နှစ်ခုကို ဘယ်သူ ဖုတ်သလဲဆိုတာ ကျွန်တော် ပြောပြနိုင်မှာပါ'

ကျန်နေသော မုန့်နှစ်ခုကို မည်သူ ဖုတ်ပါသနည်း။

အဖြေကို စာမျက်နှာ (၁၁၈) တွင်ကြည့်–

■

ချတ်ဝဲလ်ရောက် စတန်းဝစ်

သောမတ်စ်ပီ စတန်းဝစ်သည် ဝင်စတန်ချာချီကို အထူးနှစ်သက်သဘောကျသူ ဖြစ်သည်။ သူသည် နွေရာသီ ကာလများတွင် အင်္ဂလန်တွင် ခရီးသွားလာသောအခါ ဝက်စတာဟမ်းအနီးရှိ ချာချီ၏အိမ် ချတ်ဝဲလ်သို့ သွားရောက်လည်ပတ်ရသည်ကို သဘောကျလေ့ရှိသည်။ နှစ်ပေါင်းများစွာ ကြာလာသောအခါ သူသည် အမျိုးသားအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ဝန်ထမ်း အမြောက်အမြားနှင့် အကျွမ်းတဝင်ဖြစ်လာခဲ့၏။

ဤတစ်ကြိမ် ခရီးတွင် စတန်းဝစ်သည် ရေကန်နှင့်ကင့်တောင်ကုန်းကို အပေါ်စီးမှ စီးကြည့်ရင်း နိုင်းလ်အာချာနှင့် စကားပြောနေသည်။ စကားကို ညင်သာစွာ ပြောဆိုတတ်ပြီး မျက်မှန်ကိုင်း အထူကြိုးစား တပ်ဆင်ထားသော အာချာသည် ချတ်ဝဲလ်အား အုပ်ချုပ်နေသူများထဲမှ တစ်ဦးအပါအဝင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဒီနွေမှာ ချတ်ဝဲလ်ကို လာရောက် လေ့လာသူတွေ ကောင်းကောင်း လာခဲ့ကြရဲ့လား နိုင်းလ်'ဟု စတန်းဝစ်က မေးလိုက်ပါသည်။

' အို ... လာပါတယ်။ ကျွန်တော်တို့ ကောင်းကောင်း အလုပ်များခဲ့ကြတာပေါ့' အာချာက ပြန်ဖြေလိုက်သည်။ 'ထူးထူးခြားခြား ရောက်လာတဲ့ ခရီးစဉ်တွေလည်း အတော်များပါတယ်။ အထူးသဖြင့် ဒီလိုလာရောက်တဲ့ သူတွေကို ချာချီမိသားစုက စိတ်ဝင်စားပါတယ်။ ဒါကြောင့်ပဲ ကျွန်တော်ရဲ့ တာဝန်တစ်ခုက အဲ့ဒီလို လာရောက်တဲ့သူတွေနဲ့ ပတ်သက်ပြီး အပတ်စဉ် အစီရင်ခံစာတင်နိုင်အောင် ပြင်ဆင်ထားရပါတယ်။ ဒီတစ်ပတ်မှာ ကံမကောင်းချင်တော့ ကျွန်တော်ရဲ့အစီရင်ခံစာ နည်းနည်းလောက် နောက်ကျမယ့်သဘော ရှိတယ် '

'ဒီသီတင်းပတ်ထဲမှာ အထူးခရီးစဉ်တွေ မရှိလို့လား '

'အို ... မဟုတ်ပါဘူး၊ ကျွန်တော်တို့မှာ ခရီးစဉ် ငါးခုတောင် ရှိခဲ့ပါတယ်။ ကံဆိုးတာက မနေ့ ညနေပိုင်းက လာရောက်လည်ပတ်ခဲ့တဲ့ သမိုင်းအသင်းနဲ့ ပတ်သက်တဲ့ မှတ်စုတွေကို ကျွန်တော် အထားမှားသွားခဲ့တာပါ။ အဖွဲ့ဝင် လေးယောက်ပါတယ် ဆိုတာကိုတော့ မှတ်မိတယ်။ အယ်လီန်းသောမ်ဆင်၊ အဲလ်ဘတ်မာတင်၊ ဘီလ်ကိုဗီးလ်နဲ့ အယ်လင်ပီယာဆင်တို့ လေးယောက်ပါ။ သူတို့လေးယောက်ဟာ တစ်ယောက်တစ်နေရာစီက ရောက်လာခဲ့ကြတာပါ။ လာတဲ့နေရာတွေက အိုလ်ဟမ်း၊ အက်ပင်း၊ ဒန်ဒီနဲ့ ဝုဒ်ဖို့ဒ်တို့က လာကြတာ ဖြစ်ပါတယ်။ ဘယ်သူ ဘယ်နေရာက လာတယ်ဆိုတာတော့ ကျွန်တော်မမှတ်မိတော့ဘူး။ တစ်ယောက်က ပန်းရံဆရာ၊ နောက်တစ်ယောက်က သမိုင်းပညာရှင်၊ နောက်တစ်ယောက်က စာရေးဆရာ၊ နောက်ဆုံး တစ်ယောက်ကတော့ ပန်းချီဆရာ။ ဒါပေမဲ့ ဘယ်သူက ဘာလုပ်တယ်ဆိုတာကို ကျွန်တော်မေ့သွားပြီ'

'မှတ်လောက် သားလောက်ပါပေတယ်'ဟု စတန်းဝစ်က ရယ်မောလိုက်ရင်း ပြောလိုက်ပါသည်။ 'ဒီလိုအုပ်စုတစ်စုက ချတ်ဝဲလ်ကို လာရောက်လည်ပတ်ခဲ့တာ အဆင်ပြေလိုက်တာဗျာ။ သူတို့ရဲ့ နောက်ဆုံး နာမည်တွေကို ကြည့်ရင် ချာချီကို ကောင်းကောင်းထောက်ခံ အားပေးခဲ့တဲ့သူတွေဆိုတာ ထင်ရှားတယ်။ နောက်ပြီး သူတို့ လာရောက်ကြတဲ့ နယ်မြေတွေကလည်း ပါလီမန်မှာ ချာချီ ကိုယ်စားပြုရတဲ့ နယ်မြေတွေဖြစ်တယ်။ နောက်ပြီး သူတို့လုပ်တဲ့ အလုပ်အကိုင်တွေကလည်း ချာချီလုပ်ခဲ့တဲ့ အလုပ်အကိုင်တွေနဲ့ ဝါသနာတွေကို ထင်ဟပ်နေသလိုပါပဲ'

'သူတို့တွေက ဒီလိုလား။ ကျေးဇူးတင်တယ်ဗျာ သောမတ်စ်' အာချာက ပြုံးရင်း ပြောလိုက်ပါသည်။ 'ကျွန်တော် အဲ့ဒီလို မစဉ်းစားမိလိုက်ဘူး။ ဒီအချက်တွေက ကျွန်တော်ရဲ့ အစီရင်ခံစာကို ပြီးမြောက်သွားအောင် အထောက်အကူ ပြုနိုင်လိမ့်မယ် '

'ဒီအုပ်စုနဲ့ ပတ်သက်ပြီး ထပ်ပြီး စဉ်းစားလို့ ရဦးမလား'

'အင်း ... စဉ်းစားကြည့်ပါရစေဦး။ ဒန်ဒီက လာရောက်တဲ့အမျိုးသမီးက ပန်းချီဆရာလည်း မဟုတ်၊ ပန်းရံဆရာလည်း မဟုတ်ဘူး၊ အက်ပင်းကလာတဲ့ မစ္စတာမာတင်က ဘာစာမှ မရေးဖူးဘူး။ မစ္စပီယာဆင်ကတော့ ဝုဒ်ဖို့ဒ်က လာတာ မဟုတ်ဘူးလို့ ကျွန်တော် ယုံတယ်။ သမိုင်းပညာရှင်ကတော့ အိုလ်ဟမ်းကလာတဲ့ လူပျိုကြီးဆိုတာ မှတ်မိတယ်။ နောက် ကွဲကွဲပြားပြား မှတ်မိတာက မစ္စသောမ်ဆင်ဟာ ပန်းရန်သန့်လျက်ကိုင်တဲ့သူ မဟုတ်ဘူး ဆိုတာပါပဲ'

'ကောင်းလိုက်လေ နိုင်းလ်ရေ' စတန်းဝစ်ကရယ်ပြီး ပြောလိုက်သည် 'နည်းနည်းလောက် ထုတ်ယူဆင်ခြင်ကြည့်လိုက်ရင် ခင်ဗျားရဲ့ အစီရင်ခံစာ လက်စ သတ်နိုင်ပါပြီ။ ကျွန်တော်နဲ့အတူ လက်ဖက်ရည်တစ်ခွက်လောက် သောက်မယ်ဆိုရင် ဘယ်သူက ဘာလုပ်တယ်၊ ဘယ်က လာတယ်ဆိုတာကို ကျွန်တော် ချရေးပြပါမယ်'

မည်သည့်ဧည့်သည်သည် မည်သည့်နေရာက လာသည်၊ မည်သည့်အလုပ်အကိုင်ကို လုပ်သည် စသဖြင့် တွဲပေးနိုင်ပါသလား။

အဖြေကို စာမျက်နှာ (၁၁၈) တွင်ကြည့်–

■

www.burmeseclassic.com

www.burmeseclassic.com

ရက်ရောသော မဟာရာဇာ

သာယာသောညနေခင်း ၄ နာရီလောက် အချိန်တွင် ဘာစကာဗီး ပြည်သူ့စာကြည့်တိုက်ရှိ လက်တင်ကုလားထိုင်သည် သောမတ်စ်ပီ စတန်းဝစ်အဖို့ အလွန်ပင် သက်သောင့်သက်သာ ရှိလှလေသည်။ သူ၏မျက်လုံးများသည် မှေးစင်းလာခဲ့ပြီး ဦးခေါင်းမှာလည်း ရှေ့ဘက်သို့ ငိုက်ကျလာခဲ့သည်။ နောက် များမကြာမီမှာပင် သူ၏လက်ထဲရှိ စာအုပ်သည် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားခဲ့သည်။ ရှေးဦးမဆွကပင် သောမတ်စ်ပီစတန်းဝစ်၏ အခြေအနေကို တွေ့မြင်နေခဲ့ပြီး ဖြစ်သော စာကြည့်တိုက်မှူးသည် အပျော်တမ်း ယုတ္တိဗေဒ ပညာရှင်ထံ အသာလျှောက်လာခဲ့ပြီး ပခုံးကို ညင်ညင်သာသာ လှုပ်နှိုးလိုက်ပါသည်၊

'မစ္စတာစတန်းဝစ်၊ ရှင်အိပ်ပျော်သွားတာလား'ဟု သူမက မေးလိုက်သည်။ စတန်းဝစ်သည် ဖျတ်ခနဲ လန့်နိုးသွားခဲ့၏။



'ဟင် ... ဩော် ဟုတ်လို မစ္စမစ်တန်။ ဘုရားရေ ကျွန်တော် ဟောက်များ ဟောက်နေမိသေးသလား'

'မဟောက်ပါဘူး။ ကျွန်မ ရှင့်ကို အချိန်မီ နှိုးလိုက်တာပါ'

'ကျေးဇူးတင်ပါတယ်ဗျာ'ဟု ပြောရင်း စတန်းဝစ်က ရုတ်ရုတ်ဖြင့် အောက်တွင်ကျနေသော စာအုပ်ကို ကောက်ယူလိုက်ပါသည်။ 'ကျွန်တော် ဖတ်နေတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး ပြန်စဉ်းစားနေတာ မဟုတ်ပါဘူး။ မော်တင် ဟင်နရီ စတန်လေရဲ့ အမှတ်ရစရာများဆိုတဲ့ စာအုပ်ကို ခင်ဗျား ဖတ်ပြီးပြီလား။ သူက ဗြိတိသျှလူမျိုး၊ စူးစမ်းလေ့လာရေး သမားတစ်ဦးလေ။ သူဟာ ၁၈ဝဝ ပြည့်နှစ်စောစောပိုင်း ကာလလောက်မှာ ဘုံဘေမြို့ကနေ အိန္ဒိယနိုင်ငံ မြောက်ဖျားဒေသက သဲကန္တာရအထိ ခရီးသွားခဲ့တယ်'

'ကျွန်မတော့ ဒီနာမည်ကို ကြားဘူးတယ်လို့ မထင်ဘူး'စာကြည့်တိုက်မှူးသည် ဝန်ခံစကား ပြောကြားလိုက်ပြီး စတန်းဝစ်၏ ဘေးတွင် လာရောက်ထိုင်လိုက်ကာ စာအုပ်အား အနီးကပ် ကြည့်လိုက်ပါသည်။

'စတန်လေဟာ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ စွန့်စားခဲ့မှုတွေ အများကြီးရှိခဲ့တယ်' စတန်းဝစ်က စကားကို ဆက်လိုက်ပါသည်။ 'တစ်ခုမှာဆိုရင် ကျောက်မျက်ရတနာတွေ အမြောက်အမြား ရနိုင်တဲ့ အခွင့်ကောင်းကို လက်လွှတ်ခဲ့ရတာကလား'

'ဆက်ပြောပါဦး'ဟု စာကြည့်တိုက်မှူးက တိုက်တွန်းလိုက်၏။

စတန်းဝစ်သည် ကုလားထိုင်ပေါ်တွင် နောက်သို့ မှီထိုင်လိုက်ပြီးနောက် အောက်သို့တွဲကျနေသော သူ၏ နှုတ်ခမ်းမွေးထိပ်များကို လက်ဖြင့် ပွတ်သပ်ပေးလိုက်သည်။

'အင်း ... ခင်ဗျား သိကောင်းသိနေမှာ ဖြစ်တဲ့အတိုင်း အဲဒီ အချိန်လောက်က အိန္ဒိယနိုင်ငံဟာ ရာဂျီလို့ခေါ်တဲ့ သီးခြားလွတ်လပ်တဲ့ နိုင်ငံ ငယ်ကလေးတွေ အမြောက်အမြား တည်ရှိနေတဲ့ နိုင်ငံပေါ့' စတန်းဝစ်က ပြန်ပြောင်း ပြောပြလိုက်သည် 'ဒီနိုင်ငံ တစ်ခုဆီကို ရှာဖွေလို့ခေါ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



မင်း တစ်ပါးစီက အုပ်ချုပ်ခဲ့ကြတယ်။ စတန်လေဟာ ခရီးစဉ်တစ်ခုအတွင်းမှာ ရာဂျာတစ်ယောက်ရဲ့ ဖမ်းဆီးခြင်းကို ခံခဲ့ရတယ်။ ဒီရာဂျာဟာ သူ့ရဲ့ အကျဉ်းသားဖြစ်တဲ့ သူဟာ စကားအရာမှာ အလွန်ကြွယ်သူ ဖြစ်တယ် ဆိုတာကို သိလိုက်ရတယ်။ (စတန်လေဟာ စကားပြောကောင်းသူတစ်ဦး ဖြစ်ရုံသာမက အိန္ဒိယဘာသာစကား အတော်များများကို ပြောဆိုနိုင်သူ ဖြစ်သည်။) စတန်လေနဲ့ ဒီရာဂျာတို့ဟာ ဒေသတွင်း နိုင်ငံရေးနဲ့ ကမ္ဘာ့အရေးတွေကို ပြောဆို ဆွေးနွေးဖြစ်ခဲ့ကြပြီး စစ်တုရင်ပွဲပေါင်းများစွာကိုလည်း ကစားဖြစ်ခဲ့ကြတယ်'

'ရာဂျာက ကြီးကျယ်ခမ်းနားတဲ့ ညစာစားပွဲကို ဦးစီးကျင်းပတဲ့ ညမှာပဲ နိုင်ငံအတွင်း ကျူးကျော် ဝင်ရောက်ခဲ့တဲ့သူကို ကွပ်မျက်စီရင်တာဟာ သူ့ရဲ့ဓလေ့ ဖြစ်တယ်။ ဒါပေမဲ့ မဟာရာဂျာက စတန်လေကို သူ့ရဲ့တိုင်းပြည်ကနေ ဘေးမသီရန်မခဘဲ ချမ်းချမ်းသာသာနဲ့ ပြန်လည်ထွက်ခွာနိုင်ဖို့ အခွင့်အလမ်းတစ်ရပ် ပေးမယ်လို့ ကြေညာခဲ့တယ်' ညစာခန်းမအတွင်းကို ဧရာမ သေတ္တာကြီးသုံးလုံးကို သယ်ဆောင်လာပါတယ်။ သေတ္တာတစ်လုံးစီကို သော့ခလောက်တစ်ခုစီနဲ့ လုံခြုံစွာပိတ်ထားပါတယ်။ အဲ့ဒီနောက် မင်းမှုထမ်းတစ်ယောက်က ဆိုင်းဘုတ်သုံးခုကို သယ်ဆောင်လာပါတယ်။ ဆိုင်းဘုတ်တစ်ခုမှာ စိန်ပွင့်တစ်ပွင့်ပုံပါရှိပြီး နောက်ဆိုင်းဘုတ်တစ်ခုမှာ ပတ္တမြားပုံ၊ နောက်တစ်ခုမှာ မြကျောက်တစ်ပွင့်ပုံ ပါရှိပါတယ်၊ အဲ့ဒီမင်းမှုထမ်းက ပထမဦးစွာ မြကျောက်ပါတဲ့ ဆိုင်းဘုတ်ကို ပထမသေတ္တာပေါ်မှာ တင်လိုက်ပါတယ်။ မင်းမှုထမ်းဟာ ဖဝေဖဝါနဲ့ ခဏလောက် တုံ့ဆိုင်းနေပြီးနောက် ပထမသေတ္တာပေါ်က ဆိုင်းဘုတ်ကို ယူလိုက်ပြီး ဒုတိယသေတ္တာပေါ်ကို တင်လိုက်ပါတယ်။ ခဏလောက် တွေဝေနေပြီးနောက် သူဟာ စိန်ပွင့်ပါတဲ့ ဆိုင်းဘုတ်ကို ပထမသေတ္တာပေါ် တင်လိုက်ပြီး ပတ္တမြားပုံပါတဲ့ ဆိုင်းဘုတ်ကို တတိယသေတ္တာပေါ် တင်လိုက်ပါတယ်။ အဲ့ဒီနောက် သူဟာ အခန်းထဲကနေ ထွက်ခွာသွားပါတယ်'

'မောင်မင်းအနေနဲ့ ကျွန်ုပ်ရဲ့ အမှုထမ်းကို ခွင့်လွှတ်စေချင်ပါတယ်'လို့ မဟာရာဇာက ညှေ့သည်တော်ဘက်ကိုလှည့်ပြီး ရယ်မောလိုက်

ရင်းပြောလိုက်သည် 'သူဟာ ကနေ့ နည်းနည်းလောက် စိတ်လောနေပုံ ရတယ်။ သူ့အနေနဲ့ သေတ္တာတွေပေါ်မှာ အမှန်အတိုင်းတပ်ရမယ့် ဆိုင်းဘုတ်တွေ တင်ထားမိရဲ့လား ဆိုတာကို နည်းနည်းတော့ စိုးရိမ်မိပါတယ်။ ဘာပဲဖြစ်ဖြစ် သေတ္တာတစ်လုံးမှာ စိန်တွေပါပြီး နောက်သေတ္တာတစ်လုံးမှာ ပတ္တမြား၊ နောက်တစ်လုံးမှာ မြတွေ ပါပါတယ်'

သေတ္တာတစ်လုံးချင်းစီမှာ သီးခြား သော့တစ်လုံးစီတပ်ဆင်ထားတာ ဖြစ်ပါတယ်။ ကဲရော့ . . . ဒီမှာ ရွှေသော့၊ သေတ္တာတစ်လုံးကိုဖွင့်ဖို့ မောင်မင်းကို အချိန်ငါးမိနစ် ပေးမယ်။ အထဲမှာပါတဲ့ ပစ္စည်းကိုမြင်ရင် သေတ္တာ သုံးလုံးစလုံးမှာပါတဲ့ ပစ္စည်းတွေကို မောင်မင်းအနေနဲ့ ခွဲခြားနိုင်မှာဖြစ်တယ်။ မောင်မင်းအနေနဲ့ အဲ့ဒီလို ခွဲခြားနိုင်ခဲ့ရင် သေတ္တာသုံးလုံးစလုံးနဲ့ အထဲမှာပါတဲ့ ပစ္စည်းအားလုံးကို ရမှာဖြစ်ပြီး နယ်ခြားကို အန္တရာယ်ကင်းကင်းနဲ့ ဖြတ်ပြီးပြန်နိုင်မှာ ဖြစ်ပါတယ်။ တကယ်လို့ မအောင်မြင်ရင်တော့ သင့်ကို သေဒဏ်ပေးရမှာ ဖြစ်ပါတယ်။ ကဲ . . . စနိုင်ပါပြီ'

စတန်လေသည် နောက်ထပ် စောဒက တက်စရာ မလိုတော့ပေ။ သော့တွဲကို ခပ်သွက်သွက် ကောက်ယူလိုက်ပြီး သေတ္တာသုံးလုံးရှိရာသို့ အပြေးအလွှား သွားလိုက်သည်။ သူသည် တစ်ခဏမျှ ဆိုင်းလိုက်ပြီးနောက် အလယ်ရှိသေတ္တာမှ သော့ကို စိတ်လိုက်မာန်ပါ စတင်ဖွင့်လိုက်သည်။ ထိုသေတ္တာသည် မြကျောက်ပုံ ဆိုင်းဘုတ်ကပ်ထားသော သေတ္တာဖြစ်သည်။ မဟာရာဇာက တိုးတိုးကျိတ်၍ ရယ်လိုက်စဉ်မှာပင် စတန်လေသည် တစ်ကိုယ်တည်း ရေရွတ်ရင်း သော့ကို အတင်းဖွင့်နေ၏။ မဟာရာဇာက အချိန်ကိုမှတ်ပေးနေစဉ် စတန်လေ၏ နဖူးပြင်တွင် ချွေးသီးချွေးပေါက်များဖြင့် သီးလျက်ရှိသည်။ ထို့နောက်တွင် စတန်လေသည် ကျိန်ဆဲလိုက်ရင်း သော့တွဲကို မြေပြင်သို့ ပစ်ပေါက်ချလိုက်ပြီး မတုန်မလှုပ်ရှိနေသော သော့ကို စိုက်ကြည့်နေခဲ့သည်။

မဟာရာဇာသည် စတန်လေတစ်ယောက် ဒေါသတကြီး ဖြစ်နေမှုကိုကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com

အူလှိုက်သည်းလှိုက် ရယ်မောလိုက်မိသည်။

'သနားစရာကောင်းပါ့' မဟာရာဇာက ပြောလိုက်သည်။ 'သေ့ာကို ကြည့်ရတာ ခင်ဗျားအတွက် သိပ်ကို ခေါင်းမာနေပုံရတယ်'

'ဒီသေတ္တာသုံးလုံးထဲက သေတ္တာတစ်လုံးမှာ ဘာပါတယ်ဆိုတာကို ကျွန်တော့်ကို ပြောရုံပါပဲ မဟာရာဇာ' စတန်လေက ပြောလိုက်သည်။ 'ဒါဆိုရင် ကျွန်တော်အနေနဲ့ တခြားသေတ္တာနှစ်လုံးမှာ ဘာပါတယ်ဆိုတာကို ကျွန်တော် သေသေချာချာ ပြောပြနိုင်ပါလိမ့်မယ်'

'ခင်ဗျားပြောနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံပါတယ် မိတ်ဆွေကြီး' ဟု မဟာရာဇာက ပြန်ပြောလိုက်သည်။ 'ဒါပေမဲ့ မကြောက်ပါနဲ့။ ဒီနေ့ မိတ်ဆွေကြီးဟာ ကျွန်ုပ်ကို ကောင်းကောင်းကြီး ပျော်ရွှင်အောင် လုပ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် သင်ရဲ့အသက်ကို ချမ်းသာပေးမှာဖြစ်ပြီး သင်က အဖော်ပြုပေးတဲ့အတွက် ဆုလာဘ်များလည်း ကောင်းကောင်းချမှာ ဖြစ်ပါတယ်'

ထို့နောက်တွင် မဟာရာဇာသည် သူ၏ စကားအတိုင်း ကျွန်တော်တို့၏ စိတ်သက်သာရာ ရသွားရှာသော ဇာတ်လိုက်ကြီးအား အဖိုးတန် ကျောက်မျက်ရတနာများပါသော အိတ်တစ်လုံး ဆုလာဘ်အဖြစ် ပေးသနားလိုက်ရုံသာမက မဟာရာဇာ၏ အပိုင်နယ်မြေအစပ်သို့တိုင် အစောင့်အရှောက်များဖြင့် ပြန်လည် ပို့ဆောင်ပေးခဲ့သည်။

စတန်းဝစ်က ပြုံးလိုက်သည်။ ထူးဆန်းလှသည့် ဒေသများမှ စွန့်စားခန်း ဇာတ်လမ်းများကို သဘောကျတတ်သော မစ္စမစ်တနာသည် တစ်ခဏမျှ အတွေးထဲတွင် နစ်မျောနေခဲ့သည်။

နောက်ဆုံးတွင် သူမက 'သေ့ာကို မဖွင့်လိုက်နိုင်တာကတော့ ရှက်စရာပဲ'ဟု သူမက ပြောလိုက်သည်။ တကယ်လို့သာ သေတ္တာသုံးလုံးစလုံးမှာ ဆိုင်းဘုတ်အမှားတွေ တပ်ထားတယ်ဆိုရင် သေတ္တာတစ်လုံးစီမှာ ဘာတွေ ပါတယ်ဆိုတာကို ဘယ်လို ထုတ်ယူဆင်ခြင်ရမယ် ဆိုတာကို ကျွန်မ သိတယ်လို့ ထင်တယ်'

'လုံးဝမှန်တာပေါ့ဗျာ' စတန်းဝစ်က ရယ်မောရင်း ပြောလိုက်ပါသည်။ 'သနားစရာ စတန်လေပါပဲ။ ဘာပဲဖြစ်ဖြစ် သူ့ခမျာ မဟာရာဇာ ရွှင်မြူးသွားရတဲ့ တကယ့် အကြောင်းရင်းကို မှန်းဆနိုင်လောက်အောင် ပါးနပ်မှု မရှိတာပါဘဲ။ တကယ်လို့များ သတ္တိကောင်းလှတဲ့ လူစွန့်စားဟာ

နည်းနည်းလောက် နီးနီးကြားကြား ရှိနေမယ်ဆိုရင် သေ့ာကို လက်ဖျားနဲ့တောင် မတို့ဘဲ ဘယ်သေတ္တာထဲမှာ ဘာပါတယ်ဆိုတာကို ခွဲခြားနိုင်လောက်အောင် သတိထားမိနိုင်ပါတယ်'

စတန်လေအနေနှင့် မည်ကဲ့သို့ သိနိုင်ပါမည်နည်း။

အဖြေကို စာမျက်နှာ (၁၁၁) တွင်ကြည့်–

www.burmeseclassic.com

www.burmeseclassic.com

ရန်လိုသော နွားများပြဿနာ

သောမတ်စ်ပီ စတန်းသည် ကျောပိုးအိတ်ကို ကျောတွင်လွယ်ပြီး လက်ထဲတွင် တုတ်တစ်ချောင်း ကိုင်ထားလျက်ဖြင့် ဆင်ခြေလျှော တောင်စောင်းအတိုင်း ဆင်းလာခဲ့၏။ အပျော်တမ်း ယုတ္တိဗေဒ ပညာရှင်သည် ထူထဲလှသော ဂျိုသြမေတြီ ကျောင်းသုံးစာအုပ်ကို တည်းဖြတ်ပေးသည့် အလုပ်နှင့် အင်စပက်တာ ဝေါ့ကာအား မှုခင်းများတွင် ကူညီ ဖြေရှင်းပေးရသော အလုပ်တို့ဖြင့် သီတင်းပတ်ပေါင်းများစွာ ကုန်ဆုံးခဲ့ရပြီးနောက် ပင်ပန်းနွမ်းနယ်လာခဲ့သည်ဖြစ်ရာ အပန်းဖြေ အနားယူရန် ဗားမောင့်သို့ ရောက်ရှိနေခြင်း ဖြစ်သည်။ သူသည် ဗားမောင့်တွင် နွေရာသီ ကာလတစ်လျှောက်လုံး လမ်းလျှောက် ခရီးထွက်ခြင်းဖြင့် အနားယူလျက် ရှိနေသည်။

သူသည် ယခုအခါတွင် ထိုညအတွက် တည်းခိုနေထိုင်မည့် ဂရင်းဖီးလ်ညော့ရိပ်သာနှင့် ၁၂ မိုင်ခန့် အကွာတွင် ရောက်ရှိနေ၏။

စတန်းဝစ်သည် တောင်ကုန်းအခြေသို့ ရောက်လုရောက်ခင်မှာပင် လမ်း၏ဘယ်ဘက်ရှိ ဂိတ်ဝတစ်ခု၏ နောက်ဘက်ရှိ နွားများကို လမ်းတစ်ဖက်မှနေ၍ စိုက်ကြည့်နေသော နွားကျောင်းသား တစ်ယောက်ကို သတိထားမိ၏။ နွားတချို့မှာ အနက်ရောင်ရှိကြပြီး ကျန်တချို့မှာ အညိုရောင်ရှိ၏။ နွားအားလုံးတွင် အဖြူကွက်များ ပါရှိကြသည်။ နွားကျောင်းသားလေးသည် အသက် ၁၆ နှစ်အရွယ်ဖြစ်ပြီး ညစ်ပေနေသော ကော်ဒျူရွှိုင်းဦးထုပ်၊ တီရှပ်နှင့် ဂျင်းဘောင်းဘီကို ဝတ်ဆင်ထား၏။ သူ၏အနီးသို့ စတန်းဝစ် ရောက်လာသောအခါတွင် သူသည် နွားများကို မာန်မဲပြောဆိုလျက် ရှိနေခဲ့သည်။

''မင်္ဂလာနံနက်ခင်းပါ'' ဟု စတန်းဝစ်က စကားစမြည်ပြောရန် ရပ်လိုက်ရင်း ပြောလိုက်၏ ''ရာသီဥတုက သာယာနေတယ်။ နွားတွေကို တစ်ဖက်ကို သယ်သွားရမယ့် အချိန်ပဲ မဟုတ်လား''

ကောင်လေးက ညည်းညည်းညူညူ ပြောခဲ့သည်။ ''ဒါပေမဲ့ ပြောသလို မလွယ်လှပါဘူး''

''မလွယ်ဘူး ဟုတ်။ ဘာပြုလို့ မလွယ်တာလဲ''

''ဒီနွားတွေက ဇိဇာကြောင်တဲ့ နွားတွေ ဦးရဲ့။ အနက်ရောင်နွားတွေက နွားကပ်တွေခင်ဗျ။ သူတို့က အကောင်ရေများပြီး ကျွန်တော်ကလည်း ရှိမနေဘူးဆိုရင် အညိုရောင်နွားတွေကို ခွေ့ဟယ်။ ကိုက်ဟယ် လုပ်တတ်တယ်''

''သူတို့အားလုံးကို တစ်ပြိုင်နက်တည်း ခေါ်သွားလို့ မရဘူးလား''

''မရဘူး။ တစ်ကြိမ်မှာ နှစ်ကောင်ပဲ ခေါ်လို့ရတယ်။ သူတို့ရဲ့ နားဖားကြိုးကို ကိုင်မထားရင် လမ်းပေါ်မှာ ဟိုခုန်ဒီခုန်နဲ့ ထိန်းရခက်တယ်''

''တကယ် ဇိဇာကြောင်တဲ့ နွားတွေပါလား'' စတန်းဝစ်က ပြုံးရင်း မှတ်ချက်ချလိုက်သည်။ ''မင်းရဲ့နွားတွေမှာ ငါမြင်ရတာက အနက်က လေးကောင်နဲ့ အညိုက သုံးကောင်ပါ''

''ကျွန်တော် ဒီနွားတွေကို လမ်းတစ်ဖက်ရောက်အောင် ဘယ်လိုလုပ်ရမလဲလို့ စဉ်းစားနေတာ တစ်နာရီလောက်ရှိပြီ''ဟု ကောင်လေးက စိတ်တိုစွာဖြင့် ပြောခဲ့၏။ ''ကျွန်တော် ဘယ်လိုပဲပို့ပို့ [illegible]ဘက်မှာဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၊ မူလနေရာမှာဖြစ်ဖြစ် နွားနက်တွေရဲ့ အရေအတွက်က နွားညိုတွေရဲ့ အရေအတွက်ထက် အမြဲများနေတယ်။ ဦး ကျွန်တော့်ကို ကူညီပေးနိုင်မလား''

''နွားတွေကို ကိုင်တာတွယ်တာ ဦးက မကျွမ်းကျင်ဘူးကွ'' စတန်းဝစ်က ပြောလိုက်သည်။ ''ဒါပေမဲ့ နွားနက်တွေကို နွားညိုတွေထက် အရေအတွက် မပိုစေဘဲ ဖြတ်ပြီးသယ်နိုင်မယ့်နည်း မင်းကို ပြောပြနိုင်မယ်လို့ ထင်တယ်''

နွားများကို အန္တရာယ်ကင်းစွာ လမ်းတစ်ဖက်သို့ မည်ကဲ့သို့ ပို့ဆောင်နိုင်ပါမည်နည်း။

အဖြေကို စာမျက်နှာ (၁၁၉) တွင်ကြည့်–

■

စာရင်းသွင်းရမည့် ကလေးများ

'မင်္ဂလာပါ လို့ကစ်ဗီ' သောမတ်စ်ပီစတန်းဝစ်က သူနှင့် ရှူးဖတ်စ်တို့ ဘုရားကျောင်း ရုံးခန်းအတွင်း ဝင်လိုက်ရင်း နှုတ်ဆက်လိုက်ပါသည်။'လူတစ်ယောက်နဲ့ သူရဲ့ခွေးက ဟယ်လိုလို့ နှုတ်ဆက်ဖို့ ဝင်လာတာကို စိတ်တော့ မရှိကောင်းပါဘူး'

ဘုရားကျောင်း အတွင်းရေးမှူးဖြစ်သူ လို့ကစ်ဗီမှူလာသည် အထိတ်တလန့် မော့ကြည့်လိုက်ပြီး နောက် ပြုံးလိုက်သည်။

'ဘယ်နှယ့်ရှင်၊ လုံးဝစိတ်မရှိပါဘူး' ဟု သူမက ပြန်ပြောလိုက်ပါသည်။ 'ရှင့်ကိုတွေ့ရတာ ဝမ်းသာပါတယ် တွမ်၊ နောက်ပြီး ရှူးဖတ်စ်မင်းလည်းပဲပေါ့' ရှူးဖတ်စ်က သူမ၏ အနီးတွင် လာရောက်ထိုင်လိုက်သောအခါ သူမက လာဘရာဒိုခွေးကြီးအား ပွတ်သပ်ပေးလိုက်သည်။

'ကျွန်တော် နှာမချေမိအောင် ကြိုးစားပါမယ်' စတန်းဝစ်က ရယ်ကျဲကျဲဖြင့် ပြောလိုက်၏။ 'ခင်ဗျားရဲ့ စားပွဲပေါ်မှာ စာရွက်တွေ ပြန့်ကျဲနေပုံထောက်ရင် တစ်လစာအတွက် စာရင်းသွင်းရာမှာ အပြီးမသတ်နိုင်ဘဲ ရှိနေပုံပေါက်တယ်'

'အခုဆိုရင်ပဲ ပိုပြီး ဆိုးလာနိုင်တယ်' မူလာက သက်ပြင်း မသိမသာ ချလိုက်ရင်းပြောပြလိုက်သည်။ 'သိပ်စိတ်ပျက်စရာကောင်းတယ် တွမ်၊ လွန်ခဲ့တဲ့ သီတင်းနှစ်ပတ်က ဘုရားကျောင်း အဖွဲ့ဝင်တော့အဖြစ် ကလေး

www.burmeseclassic.com

www.burmeseclassic.com

လေးယောက် မွေးခဲ့တယ်။ တစ်ယောက်ကို မတ်လ ၂၇ ရက်၊ တစ်ယောက်ကို မတ်လ ၃၀၊ နောက်နှစ်ယောက်ကတော့ ဧပြီလ ၂ရက် နဲ့ ၄ရက်မှာ မွေးခဲ့ကြတယ်။ နှစ်ယောက်က မိန်းကလေး (ဂျနီဖာနှင့် လူဆဲလီရှာလီ) နောက်နှစ်ယောက်က ယောကျ်ားလေး (ဖရက်ဒရစ်နှင့် ဂူလ်ဖန်း)၊ ကျွန်မက သူတို့ရဲ့ နာမည်အပြည့်အစုံ၊ မွေးနေ့၊ မွေးစဉ်က ကိုယ်အလေးချိန် စတာတွေကို စာရင်းသွင်းပေးရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မ မှတ်သားထားတဲ့ စာရွက်တွေက ရောထွေးသွားလို့ပါ။ နောက်ပြီး သူတို့ရဲ့ မိဘတွေဆီ သွားပြီးမေးဖို့ကလည်း ကိုယ့်ကိုယ်ကိုယ် မိုက်မဲရာကျတယ်လို့ ခံစားမိတယ်။ ဒါပေမဲ့ ကျွန်မကတော့ သွားမှ ပြီးမယ့်ပုံပါဘဲ'

'ကျွန်တော် သဘောပေါက်ပြီ' စတန်းဝစ်သည် စားပွဲတွင် ဝင်ရောက်ထိုင်လိုက်ပြီး မှတ်သားထားသော စာရွက်များကို ကြည့်လိုက်သည်။ 'ဒါတွေက ကလေးတွေရဲ့ နောက်ဆုံး နာမည်တွေလား၊ ဆာတိုးရီးယပ်စ်၊ ရှာလီ၊ ဝဂ္ဂနာနဲ့လီး ဟုတ်တယ်နော်'

'ဟုတ်ပါတယ်၊ နောက်ပြီး သူတို့ရဲ့ ကိုယ်လေးချိန်တွေက ၅ ပေါင်၊ ၅ အောင်စ၊ ၆ ပေါင် ၇အောင်စ၊ ၇ပေါင် ၈ အောင်စနဲ့ ၅ ပေါင် ၁၅ အောင်စ ရှိကြပါတယ်'

'တစ်ဦးချင်း ရွေးထုတ်လို့ရအောင် အကူအညီဖြစ်နိုင်မယ့် နောက်ထပ် သတင်းအချက်အလက်တွေများ ရနိုင်ဦးမလား'

'အင်း တချို့တော့ရှိတယ်' အတွင်းရေးမှူးအမျိုးသမီးက စာရွက်အနည်းငယ်ကို စုယူလိုက်သည်။ 'ဂျနီဖာက မတ်လမှာ မွေးတယ်။ ဆာတိုးရီးယပ်စ်ဆိုတဲ့ သားလေးက ဧပြီလ ၄ရက်နေ့မှာ မွေးတယ်။ ကိုယ်အလေးချိန် အများဆုံးကလေးက ရှာလီလို့ခေါ်တဲ့ သမီးကလေးထက် နှစ်ရက်နောက်ကျပြီး မွေးတယ်။ နောက်ပြီး ဝဂ္ဂနာလို့ခေါ်တဲ့ သမီးကလေးက

ကိုယ်အလေးချိန် ၆ ပေါင် ၇ အောင်စရှိတဲ့ ကလေးထက် သုံးရက်စောပြီး မွေးတယ်'

'အဟမ်း' စတန်းဝစ်က မျက်မှောင်ကုတ်လိုက်သည် 'နောက် ဘာများရှိသေးသလဲ'

'အင်း . . . ကိုယ်အလေးချိန် အနည်းဆုံး ကလေးက အရင်ဆုံးမွေးတဲ့ ကလေး၊ ဒါမှမဟုတ် နောက်ဆုံးမွေးတဲ့ ကလေး ဖြစ်တယ်ဆိုတာကို ကျွန်မ မှတ်မိတယ်၊ အို . . . နောက်ပြီးတော့ လီဆိုတဲ့ ကလေးက ရှာလီထက် ၈အောင်စ လျော့တယ်၊ ရှာလီရဲ့ ပထမနံမည်က ဖရက်ဒရ မဟုတ်ဘူး'

စတန်းဝစ်က ရယ်မောလိုက်သည်။

'ခင်ဗျားမှာ ကွန်ပျူတာလို မှတ်ဉာဏ်မျိုး ရှိနေတာပါလား လို့က်ဆီ' သူက ပြောလိုက်သည်။ 'ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားပြောတဲ့ အတိုင်းသာ အတိအကျမှန်ရင် ဒီကလေးတွေကို စာရင်းသွင်းဖို့အတွက် နာမည်တွေ မွေးရက်တွေ ကိုယ်အလေးချိန်တွေကို အမှန်အတိုင်း ရေးသွင်းနိုင်လောက်အောင် အချက်အလက် လုံလောက်နေပါပြီ'

ကလေး တစ်ဦးချင်းစီအတွက် နာမည်အပြည့်အစုံ၊ မွေးရက်၊ ကိုယ်အလေးချိန် စသည်တို့ကို မည်ကဲ့သို့ မှန်ကန်အောင် တွဲပေးမည်နည်း။

အဖြေကို စာမျက်နှာ (၁၂၂) တွင် ကြည့်–

■

www.burmeseclassic.com

www.burmeseclassic.com

ဆပ်ကပ်တစ်ခုရောက် စတန်းဝစ်

ဘာစကာပီးလ် ကစားကွင်း၏ အရှေ့တောင်ဘက်ရှိ နေရာလွတ်တွင် ဧရာမ ရွက်ဖျင်တဲကြီး တစ်တဲအား မြင်တွေ့ရသည့် အဓိပ္ပာယ်သည် တစ်ခုတည်းသာ ရှိ၏။ ရစ်ချတ်ညီနောင် ဆပ်ကပ်အဖွဲ့ မြို့သို့ ရောက်ရှိလာပြန်ပြီဟူသော သဘောဖြစ်သည်။

ထိုနံနက်စောစောပိုင်းတွင် သောမတ်စ်ပီ စတန်းဝစ်နှင့် သူ၏ ခွေးကြီး ရှုးဖတ်စ်တို့သည် စင်များ၊ နောက်တွဲယာဉ်များ၊ ပုံထားသော ပစ္စည်းကိရိယာများနှင့် ဆပ်ကပ်ငယ်ကလေးတစ်ခု အနေနှင့်ဆိုလျှင် တကယ်ဝန်ထုတ်ဝန်ပိုးကြီး ဖြစ်သွားစေနိုင်လောက်အောင် ကြီးမားသည့် ကင်းဘတ်စ

များအကြား လမ်းလျှောက်လာခဲ့ကြ၏။ စတန်းဝစ်သည် ဆပ်ကပ်တစ်ခုတွင် ပါဝင်ကြသော ဆပ်ကပ်ပညာရှင်များ အပါအဝင် အဖွဲ့သားအားလုံး၏ စစ်တပ်တစ်တပ်၏ တိကျမှုမျိုးဖြင့် လုပ်ဆောင်တတ်မှုကို သဘောကျသူဖြစ်သည်။

''မင်္ဂလာရှိသော နံနက်ခင်းပါ ဆရာ''ဟု သူ၏ နောက်ဘက်မှ အသံတစ်သံ ထွက်ပေါ်လာခဲ့၏။

စတန်းဝစ် လှည့်ကြည့်လိုက်ရာ ဆံပင်ဖြူဖြူ၊ နီမြန်းသောမျက်နှာ၊ အနက်ရောင်ဝတ်စုံ၊ အရောင်အသွေး စုံလင်လှပသော လည်စည်း၊ ပိုးဦးထုပ်၊ အိတ်ဆောင်နာရီကြိုး တပ်ဆင်ထားသော ခါးပြတ်အင်္ကျီတို့ကို ဝတ်ဆင်ထားသည့် လူတစ်ယောက်ကို တွေ့လိုက်ရ၏။

''ပရော်ဖက်ဆာ မက္ကဖပ်ဒဲလ်ပါလား''ဟု စတန်းဝစ်က အံ့သြစွာ ရေရွတ်လိုက်ပြီး ထိုသူအား လက်ဆွဲနှုတ်ဆက်လိုက်သည် ''ပြန်ရောက်လာတာ ဝမ်းသာတယ်ဗျာ။ ရစ်ချတ်ညီနောင် အဖွဲ့သားအားလုံး ကျန်းမာကြပါစ''

''အားလုံးကောင်းပါတယ်၊ သောမတ်စ်''ဟု မက္ကဖပ်ဒဲလ်က ရယ်မောရင်း ပြန်ပြောခဲ့၏၊ ပင်ဒါ ထွက်ပြေးပြီး စာရင်းကိုင် လုပ်ငန်းတစ်ခုကို ပြောင်းသွားကတည်းက မစ္စတာရစ်ချက်ဟာ ပြကွက်တွေကို ပြန်လည်စုစည်းနိုင်ဖို့ အားထုတ်ခဲ့ရတာ။ ဒီအလုပ်က သူတို့ရဲ့ ပြကွက် အချိန်အတိုင်းအတာကို အတူတူပဲပေးဖို့ တောင်းဆိုခဲ့ကြတယ်။ (အလုပ်တွင် မနာလိုမှု အနည်းငယ်ရှိနေသည်။) ဘင်နဲ့အတူ ကပြရတဲ့ ကာလိုးက ပထမဆုံးပြကွက်မှာ မပြချင်ဘူး။ နောက်ပြီး သူက ဒဲလ်ဗိုထက် အချိန်သုံးဆ ပိုလိုချင်တယ်၊

''ဆပ်ကပ်လူပြက် ဘိုဘိုက ကာလိုးရဲ့ အချိန်ထက်ဝက်လောက်ပဲလိုတယ်''ဟု ပရော်ဖက်ဆာက ဆက်လက်ပြောပြခဲ့၏။ ''ဒါပေမဲ့ သူက သူတို့လေးယောက်ထဲမှာ နောက်ဆုံးပြသရသူ မလုပ်ချင်ဘူး။ လေးဦးအနက် ဂျိလ်ကိုက တတိယအလှည့်မှာပြမယ်။ နောက်ပြီးတော့ အဲဒီအခြားပြကွက်တွေအတွက် အချိန်စုစုပေါင်း ၄၆ မိနစ်ပေးရတယ်။ ပြကွက်အားလုံးအတွက် စုစုပေါင်းအချိန်က ၂ နာရီခွဲ ကြာတယ်။

''ဒါနဲ့ မစ္စတာရစ်ချတ်ဟာ အစီအစဉ်တကျ သရုပ်ပြသူတွေကို နေရာချထားဖို့ အားထုတ်နေတယ်လို့ ကျွန်တော် ထင်တယ်''ဟု စတန်းဝစ်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အတိအကျပဲဗျို့။ သူက ပြသသူ တစ်ဦးချင်းစီကို အချိန်လုံလောက်အောင် ပေးနိုင်ဖို့ အားထုတ်နေတာပါ"

စတန်းဝစ်က ရှုးဖတ်စ်အား ရွှင်မြူးစွာ ကြည့်လိုက်၏။ "ကဲ–ပရော်ဖက်ဆာ၊ မစ္စတာရစ်ချတ်နဲ့ တွေ့ဖို့သိပ်စောလွန်း မနေဘူးဆိုရင်" ဟု စတန်းဝစ်က ပြောလိုက်သည်။ "သရုပ်ဆောင်တွေ လိုချင်တဲ့အတိုင်း ပြကွက်တွေ အစီအစဉ်တကျ ရှိအောင်ရယ်၊ တစ်ဦးချင်းစီအနေနဲ့ အချိန်ဘယ်လောက် လိုအပ်တယ်ဆိုတာကို ကျွန်တော် ပြောပြနိုင်ပြီလို့ ထင်ပါတယ်။ ဆပ်ကပ်ပြပွဲကို ဆက်ပြီး ကပြရမှာပေါ့ဗျာ"

ပြကွက်တစ်ခုချင်းစီအနေနဲ့ အချိန် ဘယ်လောက် လိုအပ်ပါသလဲ။
ဘယ်လို အစီအစဉ်အတိုင်း ပြသရသလဲ။
အဖြေကို စာမျက်နှာ (၁၂၃) တွင်ကြည့်–

■

အဖြေများ

၁။ မှုးယစ်ဆေးရာဇာ အသတ်ခံရမှု

ဂျရစ်ဖစ်၏ သေခါနီး အကြောင်းကြားချက်အရ သတ်သူမှာ 'ရဲန်'သုံးယောက်ထဲမှ တစ်ယောက်ဖြစ်သည်။ သက်တော်စောင့်သည် အလစ်တွင် အနီးကပ် ပစ်သတ်ခံရခြင်း ဖြစ်သည်။ သူသည် နီးနီးကြားကြား ရှိမနေခြင်းက ညှော်သည်များသည် ပြန်လည် ထွက်ခွာသွားကြပြီး ဖြစ်သည်ကို ညွှန်ပြနေသည်။ ထို့ကြောင့် လူသတ်သမားသည် ပြန်လှည့်လာခဲ့ခြင်း ဖြစ်ရပေမည်။ လူသတ်သမားသည် စကြံ၏အဆုံးမှ ချည်းကပ်လာခဲ့လျှင် သူ့အား တွေ့မြင်ရပေမည်။ သို့မဟုတ် သူလာနေသည့် အသံကို ကြားရနိုင်ပေသည်။ ထို့ကြောင့် သူသည် လို့ဝှက်လမ်းမှ ဝင်လာပြီး သက်တော်စောင့်အား ရုတ်တရက် ဝင်ရောက်ပစ်သတ်ခဲ့ခြင်း ဖြစ်ရပေမည်။ ထို့နောက်တွင် သူသည် တံခါးပေါက်မှ ဂျရစ်ဖစ်အား ပစ်သတ်ခဲ့ခြင်း ဖြစ်မည်။

လျှို့ဝှက်တံခါးနှင့် ပတ်သက်၍ သိထားနိုင်သူမှာလည်း တစ်ယောက်တည်းသာ ရှိသည်။ သူသည် ယခင်က ဂျရစ်ဖစ်၏ လူယုံလုပ်ခဲ့ဖူးသူ ရဲန်နက်ကာပင် ဖြစ်သည်။ နောက်ပိုင်းတွင် အင်စပက်တာဝေါ့ကာ၏ စုံစမ်းစစ်ဆေးချက်များ အရလည်း စတန်းဝစ်၏ ထုတ်ဖော်ချက်သည် မှန်ကန်ကြောင်း ထင်ရှားခဲ့လေသည်။

၂။ ပွဲပျက်သွားသော နှစ်သစ်ကူး

တခြား မည်သူမျှလည်း အဆိပ်မိခြင်း မရှိခဲ့သဖြင့် အဆိပ်အား အစားအစာများတွင် လည်းကောင်း၊ သောက်စရာ အဖျော်ယမကာများတွင်သော်လည်းကောင်း အဆိပ်ခတ်လိုက်ခြင်း မဖြစ်နိုင်။ လေထဲမှတစ်ဆင့် အဆိပ်ကို ရှူရှိုက်မိခြင်းသည်လည်း မဖြစ်နိုင်၊ အဆိပ်ကို ကိုင်တွယ်မိသဖြင့် သေသူ၏ အရေပြားမှတစ်ဆင့် အဆိပ်မိသွားခဲ့ခြင်းသာ ဖြစ်ရပေမည်။

ဒန်းဟုပ်သည် စောစောပိုင်းက ထိတွေ့ခြင်းမရှိခဲ့ပါ သူ လဲကျ

www.burmeseclassic.com

www.burmeseclassic.com

မသွားမီ အချိန်ကလေးမှာပင် ကိုင်တွယ်မိလိုက်သော အရာတစ်ခုတည်းသာ အဆိပ်သင့်စေသော အရာ ဖြစ်ရပေမည်။ ထိုအရာမှာလည်း တခြားမည်သူကမျှ ထိတွေ့ကိုင်တွယ်ခြင်း မပြုသေးသော အရာဖြစ်ရမည် ဖြစ်သည်။ ထိုအရာသည် စားစရာ စားမြိန်စာနှင့်အတူ ချပေးထားသော လက်သုတ်ပဝါ၏ အတွင်းပိုင်းပင်ဖြစ်သည်(မစွက်ရှုးလ်သည် လက်သုတ်ပဝါကို လက်ထဲတွင် ကိုင်လျက်ရှိနေဆဲဟု ထွက်ဆိုချက်ပေးထားသည်ကို သတိရပါ။) သို့ဖြင့် လက်သုတ်ပဝါအား အဆိပ်သုတ်ထားခြင်းသာ ဖြစ်ရပေမည်။

အရေးပါသောအချက်မှာ ဒန်းဟုပ်သည် တိုက်မိသဖြင့် အရက်ခွက် ဖိတ်သွားခဲ့ခြင်းပင် ဖြစ်သည်။ ဒန်းဟုပ်သည် လက်ကိုင်ပဝါ ပါမလာသဖြင့် သူသည် ဖိတ်ကျသွားသော အရက်များကို သုတ်ပစ်ရန်အတွက် လက်သုတ်ပဝါကို ဖွင့်လိုက်ရာမှ အဆိပ်ကို ကိုင်တွယ်မိလိုက်ခြင်းပင် ဖြစ်သည်။ စားစရာနှင့်အတူ လက်သုတ်ပဝါကို ချပေးသူမှာလည်း ဟန်ဆန် တစ်ဦးတည်းသာ ရှိသည်။ ထို့ပြင် ဒန်းဟုပ်အား တိုက်လိုက်သူမှာလည်း သူပင် ဖြစ်သည်။ သို့ဖြင့် ဟန်ဆန်သည် စဉ်းစားကြည့်လျှင် သံသယဖြစ်စရာ အကောင်းဆုံးလူ ဖြစ်သည်။

ဝေါ့ကာ၏ စုံစမ်းစစ်ဆေးမှုအရလည်း စတန်းဝစ်၏ ကောက်ချက်မှန်ကြောင်း ထင်ရှားခဲ့၏။ ဟန်ဆန်သည် တိုးတက်ကြီးပွားလာသော အေဂျင်စီ လုပ်ငန်းတစ်ခုလုံးကို အပိုင်စီးလိုသောကြောင့် အလုပ်လုပ်ဖက် ဒန်းဟုပ်အား အဆိပ်ခတ် သတ်ခဲ့ခြင်းဖြစ်လေသည်။

၃။ ကိုယ်ဟန်ပြမယ်တစ်ဦး အသတ်ခံရမှု

ဖီးလစ်သည် လူသတ်သမားဖြစ်သည်။ ဝေါ့ကာက သူ့ကို လိုလာအား အိမ်တွင် အသတ်ခံခဲ့ရသည်ကို တွေ့ရသည်ဟူ၍သာ ပြောပြခဲ့သည်။ ဖီးလစ်သည် သတ်ဖြတ်ခဲ့သူ မဟုတ်ပါက သူသည် အိမ်ထဲဝင်ရောက်လာစဉ်မှာပင် လိုလာအား အိမ်အပေါ်ထပ်တွင် ဓားဖြင့်ထိုး၍ အသတ်ခံရသည်ကို သိစရာမရှိချေ။

၄။ ရက်ရောသော မဟာရာဇာ

မော်တင် ဟင်နရီ စတန်လေသည် ဤကဲ့သို့ မှန်းဆနိုင်ခဲ့သည်မှာ မှန်ကန်ပါသည်။ သူ့အနေနှင့် သေတ္တာတစ်လုံးတွင် ပါသည့်အရာကို သိရှိရပါက သေတ္တာအားလုံးတွင် တပ်ဆင်ထားသော လေဘယ်များသည် အမှားများဖြစ်ကြရာ တခြား သေတ္တာနှစ်လုံးတွင် မည်သည့်အရာများ ပါသည်ကို သူ့အနေနှင့် သိရှိနိုင်ပါသည်။ သူ့အနေနှင့် မြကျောက်ပုံ ဆိုင်းဘုတ်ချိတ်ထားသော အလယ်သေတ္တာကို ဆက်လက်ဖွင့်သည် ဆိုပါစို့ ယင်းသေတ္တာတွင် စိန်သော်လည်းကောင်း၊ ပတ္တမြားသော်လည်းကောင်း ပါပေလိမ့်မည်။ အကယ်၍ ယင်းသေတ္တာတွင် စိန်ပါနေသည် ဆိုပါက စိန်ဆိုင်းဘုတ်ချိတ်ထားသော သေတ္တာတွင် ပတ္တမြား ပါရှိနေမည်ဖြစ်ပြီး ပတ္တမြားဆိုင်းဘုတ်ချိတ်ထားသော သေတ္တာတွင် မြကျောက်ပါရှိနေမည် ဖြစ်သည်။ အကယ်၍ အလယ်သေတ္တာတွင် ပတ္တမြား ပါရှိနေသည် ဆိုပါက ပတ္တမြားဆိုင်းဘုတ်ချိတ်ထားသော သေတ္တာတွင် စိန်ပါရှိနေမည်ဖြစ်ပြီး စိန်ဆိုင်းဘုတ်ချိတ်ထားသော သေတ္တာတွင် မြကျောက်ပါရှိနေမည် ဖြစ်သည်။ ဤကဲ့သို့သော အတွဲများဖြင့်သာလျှင် သေတ္တာအားလုံးတွင် မှားယွင်းစွာ ချိတ်ဆွဲထားနိုင်ပေသည်။ သူ့အနေနှင့် တခြားသေတ္တာနှစ်လုံးအနက်မှ တစ်လုံးအား ဖွင့်ခဲ့လျှင်လည်း အလားတူ ဆင်ခြင်သုံးသပ်မှုဖြင့် သေတ္တာသုံးလုံးစလုံးတွင် ပါသော ရတနာများကို ဖော်ထုတ်နိုင်ပေသည်။

၅။ ဘရက်ကန်ပန်းခြံ လုယက်မှု

စတန်းဝစ်သည် သတင်းစာရောင်းသူက ခရေးမားကို သံသယဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် လုယက်ခံရသူသည် အောက်ခံဟားဗတ်ရှပ်အင်္ကျီကို ဝတ်ဆင်ထားသည်ဟု ထုတ်ဖော်ပြောကြားလိုက်သော အခါ သတင်းစာရောင်းသူသည် လုယက်ခံရသူအား သတိထားမိကြောင်း ပြောဆိုခဲ့၏၊ မစ္စတာနီးယားသည် ရောင်ပြန်ပြားတပ်ဆင်ထားသော အပေါ်ဝတ်အင်္ကျီကိုလည်း ဝတ်ဆင်ထားလေရာ ထို အပေါ်ဝတ်အင်္ကျီသည် အောက်ခံရှပ်အင်္ကျီပေါ်မှ ထပ်ဝတ်ထားမည်သာ ဖြစ်သည်။ သတင်းစာရောင်းသူသည် လုယက်တိုက်ခိုက်ခဲ့သူသာ မဟုတ်ခဲ့ပါက သူ့အနေနှင့် မည်သည့် အောက်ခံအင်္ကျီ ဝတ်ဆင်ထားသည်ကို သိရန်အကြောင်းမရှိချေ။

www.burmeseclassic.com

www.burmeseclassic.com

သူမ၏ခါးတွင် ပတ်ထားသော ပိုက်ဆံအိတ်အား ဖြုတ်ယူရန်အတွက် သူသည် သူမ၏ အပေါ်အင်္ကျီကို ဖွင့်ရမည်ဖြစ်သည်။

ဗားနီးယားသည် ယခင် လမ်းလျှောက်စဉ်ကလည်း ဟားဗတ် အောက်ခံအင်္ကျီကို ဝတ်ဆင်ခဲ့သည်ဖြစ်စေ ခရေးမားသည် သူ၏ ထွက်ဆိုချက်အရ လွန်ခဲ့သော သီတင်းနှစ်ပတ်လောက်ကမှသာ သူမအား မြင်တွေ့ခဲ့ရခြင်း ဖြစ်သည်။ ထိုစဉ် ကာလအတွင်း ရာသီဥတုမှာ အလွန်အေးမြလေရာ သူမသည် အလားတူပင် အပေါ်အင်္ကျီကို ဝတ်ဆင်ထားရန် လိုအပ်မည် ဖြစ်သည်။

၆။ မထင်မှတ်သော သဲလွန်စ

အကယ်၍ အော်ရစ်ဆင်သည် တစ်နံနက်ခင်းလုံး ငါးများကို အသားလွှာနေခဲ့ရာမှ ပြီးခါစဆိုလျှင်၊ အထူးသဖြင့် ပူနွေးနေသော နေ့မျိုးတွင် သူ၏ကိုယ်တွင် ငါးညှီနံ့သည် သတိထားမိစရာ ဖြစ်လောက်အောင် ကျန်ရှိနေဦးမည် ဖြစ်သည်။ ဝေါ့ကာက သူ့အား စစ်ဆေးမေးမြန်းနေစဉ်တွင် ဆိုင်ထဲတွင် ငါးညှီနံ့မရဘဲ ဆိုင်အတွင်းရှိ သစ္စာနံ့သာရရှိနေသည်။ စူးရှသော ငါးညှီနံ့ မရရှိခြင်းသည်ပင် မထင်မှတ်သော သဲလွန်စ ဖြစ်လေသည်။

၇။ ကိုယ်ပျောက် လူသတ်သမားအမှု

ဟော့တဲလ်မင်းသေဆုံးရခြင်းသည် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခြင်းသော်လည်းကောင်း၊ သဘာဝအရ သေဆုံးခြင်း သော်လည်းကောင်း မဖြစ်နိုင်ပေ။ အသတ်ခံရခြင်းပင် ဖြစ်ပေမည်။ လူသတ်သမားသည် ဟော့တဲလ်မင်း အခန်းတွင်းသို့ ပြန်ဝင်လာပြီးနောက် တစ်ခုတည်းသာရှိသော တံခါးပေါက်မှ ဝင်ခဲ့ခြင်းသာ ဖြစ်ရပေမည်။

အဓိကကျသော သဲလွန်စမှာ လူသတ်ခံရသော အခန်းတွင်းရှိ စားပွဲများ၏ အခြေအနေပင် ဖြစ်သည်။ အသတ်ခံရသူ၏ စားပွဲတစ်လုံးတည်းသာ စားကြွင်းစားကျန်များကို မရှင်းလင်းရသေးဘဲ ကျန်နေ၏။ အဘိုးကြီးစုံတွဲ ထိုင်သွားသည့် စားပွဲ အပါအဝင် ကျန်စားပွဲအားလုံးမှာ ရှင်းလင်းပြီး ဖြစ်နေသည်။ အလောင်းကိုတွေ့ပြီး နောက်ပိုင်းတွင် မည်သူမှ အဝင်မခံခဲ့ဟု ဆိုသဖြင့် အဘိုးကြီးစုံတွဲ ထွက်ခွာသွားပြီးနောက် စားပွဲ

များကို ရှင်းလင်းခဲ့ခြင်း ဖြစ်ပေမည်။ ထို့ပြင် ဆိုင်ပိုင်ရှင်အနေနှင့် အနည်းငယ်မျှပင် သတိပြုစရာ မလိုသော လူတစ်ယောက်သည်သာ အမှုကို ကျူးလွန်ခြင်း ဖြစ်ပေမည်။ ထိုသူမှာလည်း ကိုယ်ပျောက်သလို မျက်စိကို လျှမ်းသွားစေသော သန့်ရှင်းရေးသမားပင် ဖြစ်လေသည်။

သန့်ရှင်းရေးသမားသည် ဟော့တဲလ်မင်း၏ ပိုက်ဆံအိတ်ကို လိုချင်သဖြင့် သတ်ခဲ့ခြင်းဖြစ်ကြောင်း နောက်ပိုင်းတွင် ဖြောင့်ချက်ပေးခဲ့သည်။

၈။ ဘာစ်ဂျိတ်မှ လူသတ်မှု

ဂမ်းမွန်သည် အရက်ဘားအတွင်းတွင် ရှိနေသည်ဟု အထောက်အထားပြထားသဖြင့် သူ၏ ပထမထွက်ဆိုချက်သည် မှားနေသည်။ အစီအစဉ်လွဲချော်မှု နှစ်မျိုးစလုံးအရ သူ၏ ဒုတိယထွက်ဆိုချက်သည် မှန်သည်။ ပြောဆိုချက်များတွင် ပါဝင်သော အချက်များအနက် စတုတ္ထထွက်ဆိုချက်သည်လည်း မှန်သည်။

အကယ်၍ ဂမ်းမွန်သည် သုံးခုမြောက် ထွက်ဆိုချက်တိုင်းအား လိမ်လည်ပြောဆိုသည် ဆိုပါက သူ၏ စတုတ္ထထွက်ဆိုချက်သည် (ပထမအမှား ထွက်ဆိုချက်ဖြစ်သော ပထမထွက်ဆိုချက် နောက်သုံးခုမြောက်) မှားပေလိမ့်မည်။ သို့သော် ထိုထွက်ဆိုချက်သည် မမှားပေ။ ထို့ကြောင့် သူသည် ထွက်ဆိုချက် တစ်ခုကျော်တိုင်း လိမ်ပြောနေခြင်း ဖြစ်သည်။ ထို့ကြောင့် ဂမ်းမွန်၏ တတိယထွက်ဆိုချက်သည် မှားရပေမည်။ ထို့ပြင် သူသည် သေနတ်ဖြင့်ပစ်သူ ဖြစ်ရပေမည်။

၉။ စစ်တင်းပုတ် အနိုးခံရမှု

ရာပိုဆာသည် အယ်လ်ဖာဂန်မာကွပ် အဖွဲ့ဝင်ဖြစ်သည်။ ဗိုကန်းနီးယန်းသည် အရက်ဆိုင်တကာ လှည့်သောက်နေသည်ဟု ဆိုထားသဖြင့် စာကြည့်တိုက်ထဲတွင် ရှိနေသည်ဟုဆိုသော ဖလက်အဲန်ဖဲသာ အဖွဲ့ဝင် မဖြစ်နိုင်ပေ၊ ထို့ကြောင့် သူသည် မူဆိုလီယန်အဖွဲ့ဝင် ဖြစ်ရပေမည်။ ထို့ပြင် ဝေါလ်တန်သည် ဖလက်အဲန်ဖဲသာ အဖွဲ့ဝင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဝေါလ်တန်သည် သမိုင်းအဓိက ကျောင်းသားဖြစ်သည်။ ရာပိုဆာသည် ပထဝီဝင် အဓိကကျောင်းသား မဟုတ်ပေ။ သို့ဖြင့် ဗိုကန်နီယန်းသည် ပထဝီဝင်အဓိကကျောင်းသား ဖြစ်ရပေမည်။ ထို့ပြင် ရာပိုဆာသည် အင်ဂျင်နီယာကျောင်းသား ဖြစ်ရပေမည်။

ဗိုကန်နီးယန်းက အခိုးခံရသည့် ညက သူသည် အရက်ဆိုင်များတွင် လှည့်၍ အရက်သောက်နေခဲ့သည်ဟု ဆိုထား၏။ ဖလက်အဲန်ဖဲသာအဖွဲ့ဝင် (ဝေါလ်တန်) ကစာကြည့်တိုက်ထဲတွင် စာဖတ်နေခဲ့သည်ဟု ဆိုထားသည်။ ထို့ကြောင့် ရာပိုဆာသည် ကွန်ပျူတာစင်တာတွင် အလုပ်လုပ်နေသည်ဟု သက်သေပြထားသောသူ ဖြစ်သည်။

သူခိုးသည် ကွန်ပျူတာစင်တာတွင် အလုပ်လုပ်နေသည်ဟု သက်သေပြထားသောသူ (ရာပိုဆာ) မဖြစ်နိုင်ပေ။ ထို့အတူ ဖလက်အဲန်ဖဲသာ အဖွဲ့ဝင် (ဝေါလ်တန်)လည်း မဖြစ်နိုင်ပေ။ ထို့ကြောင့် သူခိုးသည် ဗိုကန်နီးယန်းသာ ဖြစ်ရပေမည်။

၁၀။ ပျောက်စေဆရာအမှု

မျက်စိမမြင်သူသည် အသက်နှစ်ဆယ် အရွယ်ကတည်းက မျက်စိကွယ်ခဲ့သည်ဟု ဆိုထားသဖြင့် ခရမ်းရောင်အရောင်အား ခွဲခြားနိုင်သည်မှာ ဖြစ်နိုင်သေးသည်။ အလားတူပင် နားမကြားသူသည် စကားပြောနိုင်ပြီး တစ်ဖက်လူ၏ နှုတ်ခမ်းလှုပ်သည်ကို ကြည့်ပြီး နားလည်နိုင်သဖြင့် ဟောင်းရှမ်း၏ မေးခွန်းများကို ဖြေဆိုနိုင်သည်မှာလည်း ဖြစ်နိုင်သည်။

သို့သော် ဟောင်းရှမ်းသည် နားမကြားသူအား ပွဲကြည့်ပရိသတ်ဘက်သို့ လှည့်ကြည့်စေခဲ့လေရာ ထိုသူအနေနှင့် ဟောင်းရှမ်းနှုတ်ခမ်းလှုပ်သည်ကို မြင်တွေ့ရန် မဖြစ်နိုင်တော့ပေ။ မွေးစဉ်ကတည်းက နားမကြားသူ တစ်ယောက်အနေနှင့် မည်သူမျှ သူ၏မျက်ကွယ်တွင်'အောင်ပြီအောင်ပြီ၊ ကုသလို့ ပျောက်ကင်းသွားပေပြီ' ဟု ဟောင်းရှမ်းက အော်ဟစ်ရွတ်ဆိုလိုက်သည့် အချိန်တွင် သူ၏ နှုတ်ခမ်းလှုပ်ပုံကို ဖတ်နိုင်မည် မဟုတ်ပေ။ သို့သော် နားမကြားသူသည် ဟောင်းရှမ်း အော်ဟစ်လိုက်သည့် အချိန်မှာပင် ချက်ချင်းနားလည်ခဲ့သည်မှာ မဖြစ်နိုင်ပေ။ သို့ဖြင့် ထိုနားမကြားသူသည် ဟောင်းရှမ်း၏ ကြံရာပါ အလံရှူးပင် ဖြစ်ပေမည်။

၁၁။ အမှတ်တရနေ့ပွဲတော်

စတန်းဝစ်သည် တီရှပ်ကို ဝတ်ဆင်ထားသော လူငယ်ကို သံသယဖြစ်နေသည်။ သူတစ်ယောက်တည်းသာ အသံလုံဖိနပ် (စနီကာ)ကို ဝတ်ဆင်ထားသည်။ ထို့ကြောင့် သူသည်သာလျှင် သစ်မာသားခင်းထားသော ကြမ်းပြင်ပေါ်တွင် အသံလုံးဝ မထွက်စေဘဲ ခိုးမှုကို ကျူးလွန်နိုင်မည် ဖြစ်သည်။

၁၂။ ဂိုက်စား

အကယ်၍ သော့ပ်၏ ပထမ ထွက်ဆိုချက် (T1) မှန်သည် ဆိုပါက လန်းဘတ်၏ ထွက်ဆိုချက် နှစ်ခုစလုံး (L1 နှင့် L2) သည် မှားပေမည်။ သို့သော် ထွက်ဆိုချက် နှစ်ခုအနက် တစ်ခုမှာမှန်ပြီး တစ်ခုမှာ မှားသည်ဟု ဆိုထားသောကြောင့် လန်းဘတ်၏ ထွက်ဆိုချက် နှစ်ခုစလုံး မှား၍ မဖြစ်ပေ။ ထို့ကြောင့် (T1) သည် အမှားထွက်ဆိုချက်ဖြစ်ပြီး (T2) သည် အမှန်ဖြစ်ရပေမည်။ သို့ဖြစ်ရာ ဒိုင်ယန်နေးနှင့် ကင်မရွန်းတို့ နှစ်ဦးစလုံးသည် စာရင်းကိုင်သူများ မဟုတ်ကြတော့ချေ။ ထို့အတူ ဒိုင်ယန်နေးသည် စတော့လက်မှတ် အတုလုပ်သူလည်း မဟုတ်တော့ပေ။ ဒိုင်ယန်နေးသည် ရောင်းချပေးသူလည်း မဖြစ်နိုင်တော့လေရာ (ရောင်းချပေးသူသည် အမျိုးသားများထဲမှ တစ်ယောက်ယောက် ဖြစ်ရမည်ဖြစ်သည်။) သူမသည် ဘဏ်တွင် ငွေသွင်းငွေထုတ် လုပ်ပေးသူသာ ဖြစ်ရပေမည်။ ဆိုလိုသည်မှာ ကင်မရွန်း၏ ထွက်ဆိုချက် နှစ်ခုအနက် (C1) သည် အမှန်ဖြစ်ပြီး (C2)သည် အမှားဖြစ်သည်။ သို့ဖြင့် ကင်မရွန်းသည် လက်မှတ်အတုလုပ်သူ မဖြစ်နိုင်တော့ပေ။ သို့ဖြင့် သူသည် ရောင်းချပေးသူသာ ဖြစ်ရပေမည်။ ဒိုင်ယန်နေး၏ ထွက်ဆိုချက် နှစ်ခုအနက် (D2) အမှားဖြစ်ပါက (D1)သည် မှန်ရပေမည်။ ထိုအခါ လန်းဘတ်သည် စာရင်းကိုင်သူ ဖြစ်ရပေမည်။ ထို့ပြင် သော့ပ်သည် လက်မှတ်အတု လုပ်ပေးသူသာ ဖြစ်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

၁၃။ ပွဲတော်တွင် တစ်နံ့နက်ခင်း

ဟက်မင်းသည် လိမ်ပြောသူဖြစ်လျှင် လဲရီနှင့် ဂလက်စကားတို့သည် အမှန်ပြောသူများ ဖြစ်ကြမည်။ လဲရီ၏ ဒုတိယအဆိုကြောင့် ဂလက်စကားသည် လိမ်ပြောတတ်သူ ဖြစ်သည်။ ထိုသို့ မဖြစ်နိုင်သောကြောင့် ဟက်မင်းသည် အမှန်ပြောသူ ဖြစ်ရမည်။ ပါရဲလာသည် ပွဲတော်သို့ တစ်ခါမျှ မတက်ရောက်ဖူးပေ။ ထို့ကြောင့် ဂလက်စကားသည် လိမ်ပြောသူ ဖြစ်သည်။ ပါရဲလား၏ ပထမအဆိုသည် ဟက်မင်း၏ ဒုတိယအဆိုကို ပြန်လည် ပြောဆိုခြင်းဖြစ်လေရာ ပါရယ်လီသည်လည်း အမှန်ပြောသူ ဖြစ်သည်။

ဂလက်စကားသည် လိမ်လည် ပြောဆိုသူဖြစ်လေရာ သူမ၏ ပထမ အဆိုအရ သူခိုးသည် ဟက်မင်း၊ သို့မဟုတ် လဲရီ တစ်ဦးဦး ဖြစ်ရပေမည်။ ပါရဲလား၏ ဒုတိယအဆိုအရ ဟက်မင်းသည် သူခိုးမဖြစ်နိုင်တော့ပေ။ ထို့ကြောင့် သူခိုးသည် လဲရီသာ ဖြစ်ရပေမည်။

၁၄။ ဆယ်ကျော်သက်ဂိုဏ်း

ရာထူးအဆင့်အရ အမြင့်ဆုံးဖြစ်သည့် ခေါင်းဆောင်သည် ဝိုင်းနက် မဖြစ်နိုင်ပေ။ သူသည် ရာထူးအရ နိမ့်သူဖြစ်သည်။ ထို့အတူ ပေးထားချက်အရ ဘော့ဘင် သော်လည်းကောင်း၊ အာရွှန်နစ်စီ (ဒရိုက်ဘာ)သော်လည်းကောင်း မဖြစ်နိုင်ပေ။ သို့ဖြင့် ရာထူးအမြင့်ဆုံး ခေါင်းဆောင်သည် ဂျေနစ်ဆန်သာ ဖြစ်ရပေမည်။ လက်နက်ဟု နာမည်ပြောင်ပေးထားသူသည် ပေးထားချက်အရ ဝိုင်းနက် မဟုတ်။ ဂျေနစ်ဆန် (ခေါင်းဆောင်) အာရွှန်နစ်စီ (ဒရိုင်ဘာ)လည်း မဖြစ်နိုင်ပေ။ သို့ဖြင့် လက်နက်သည် ဘော့ဘင်သာ ဖြစ်ပေမည်။ ရှင်းလိုက်လျှင် ဝိုင်းနက်သည် ကြွက်သားဖြစ်ရမည် ဖြစ်သည်။

ခေါင်းဆောင်သည် ရာထူးအမြင့်ဆုံးဖြစ်ရာ သူ့ထက် တစ်ဆင့်နိမ့်သော လက်နက်သည် ဒုတိယခေါင်းဆောင် ဖြစ်သည်။ ဒရိုင်ဘာသည် ရာထူးအနိမ့်ဆုံးမဟုတ်ဟု ဆိုထားရာ သူသည် တတိယခေါင်းဆောင် ဖြစ်ရမည် ဖြစ်သည်။ သို့ဖြင့် ကြွက်သားသည် စတုတ္ထ ဖြစ်သည်။

၁၅။ အီဒင်ဘတ်မှ အဖြစ်အပျက်

ထိုလူက စာအုပ်ကို တခြားဆိုင်တစ်ဆိုင်မှ ပို၍သက်သာသော ဈေးဖြင့် ဝယ်ခဲ့သည်ဟု ပြောခဲ့သည်။ ဤသို့ဆိုလျှင် ဆိုင်တွင် စာအုပ်မှာလည်း တစ်အုပ်တည်းသာ ရှိသည်ဖြစ်ရာ သူသည် မည်သည့်နည်းနှင့် လက်ရှိဆိုင်ရှင် သတ်မှတ်ထားသော ဈေးကို သိခဲ့ရသနည်း။ သူသည် သတ်မှတ်ထားသော ဈေးကို စာအုပ်ကို လှန်ကြည့်ပြီးမှသာ သိခဲ့ခြင်း ဖြစ်ပေမည်။ ထို့နောက် စာအုပ်တန်ဖိုးကို ခဲဖျက်ဖြင့် ဖျက်ပစ်ခဲ့ခြင်း ဖြစ်သည်။

၁၆။ ညီဂိုရိပ်သာမှ အခန်း

ပထမရှာသားသည် အမှန်ကို ပြောနေခြင်းဖြစ်ပါက ဒုတိယရှာသားသည် လိမ်ညာပြောနေခြင်း ဖြစ်သည်၊ ပထမရှာသားသည် လိမ်ညာပြောနေခြင်းဖြစ်ပါက ဒုတိယရှာသားသည် အမှန်ကို ပြောနေခြင်း ဖြစ်သည်။

တတိယရှာသားသည် လိမ်ညာ ပြောနေသည်ဟု ဆိုကြပါစို့ သူ၏အဆိုတွင် ပါဝင်သော ပထမစာပိုဒ်သည် အမှန်ဖြစ်ပေလိမ့်မည်။ သူနှင့်အခြား နှစ်ယောက်အနက်မှ တစ်ယောက်တို့သည် လိမ်ပြောသူများ ဖြစ်နိုင်သဖြင့် သူ၏ အဆိုတစ်ခုလုံးအနေနှင့် ဆိုလျှင် အမှန်ဖြစ်နေပေမည်။ ထိုအချက်သည် လိမ်ပြောတတ်သူ တစ်ယောက်အဖို့ မဖြစ်နိုင်ချေ။ သို့ဖြင့် တတိယရှာသားသည် အမှန်ကို ပြောခြင်းဖြစ်သည်။ သို့ဖြင့် သူ၏အဆို ပထမစာပိုဒ်သည် မှားသည်။ သုံးယောက်အနက် တစ်ယောက်သာ လိမ်ပြောသူဖြစ်သည်ဟု ဆိုထားသဖြင့် သို့ဖြင့် သူ၏ အဆိုတစ်ခုလုံးအနေနှင့် မှန်နေသည်ဖြစ်ရာ သူ၏ ဒုတိယအဆို စာပိုဒ်သည် မှန်မည်ဖြစ်သည်။

သို့ဖြင့် ပထမနှင့် တတိယရှာသားတို့သည် အမှန်ကို ပြောနေကြခြင်းဖြစ်ပြီး ဒုတိယရှာသားသည် လိမ်ပြောခြင်း ဖြစ်သည်။ ထို့ကြောင့် တည်းခိုရိပ်သာတွင် အခန်း ရနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၇။ အတွဲရွေးပွဲ ပဟေဠိ

မာလင်းသည် သူတို့အားလုံးတွင် အရပ်ရှည်ဆုံးဖြစ်သည်။ သို့ဖြင့် သူမသည် ကိုယ့်ထက်ပိုပြီး အရပ်ရှည်သူနှင့် တွဲရမည်ကို ဝန်မလေးသော ဂျော့နှင့်တွဲရမည်။ ဟာဗ့်သည် သူ့ထက် အရပ်ပိုရှည်သော ဒက်ဗ်နှင့် တွဲ၍ မရပေ၊ ထို့အတူ သူသည် လစ်ဇဘက်ထက် ပျမ်းမျှရမှတ် နည်းသောကြောင့် လစ်ဇဘက်နှင့်လည်း တွဲ၍မရပေ။ သို့ဖြင့် ဟာဗ့်သည် အဲနေးတီနှင့် တွဲပေးရမည် ဖြစ်သည်။

သို့ဖြင့် ရော်ဂျာနှင့် ဘရိုင်ယမ်တို့အား လစ်ဇဘက်၊ ဒက်ဗ်တို့ဖြင့်တွဲပေးရန် ကျန်မည်ဖြစ်သည်။ ဒက်ဗ်သည် အနေးက မကတတ်ပေ။ သို့ဖြင့် သူမသည် ရော်ဂျာနှင့် တွဲမရချေ။ သို့ဖြင့် သူမသည် ဘရိုင်ယမ်နှင့် တွဲရမည်ဖြစ်ပြီး ရော်ဂျာသည် လစ်ဇဘက်နှင့် တွဲရမည်ဖြစ်သည်။

၁၈။ အစားသွတ်မုန့် ပဟေဠိ

ကျန်နေသော မုန့်နှစ်ခုအနက် အနည်းဆုံး တစ်ခုသည် မုန့်တစ်ခု၊ သို့မဟုတ် နှစ်ခုကိုရောင်းခဲ့ရသော ဂါတီဖုတ်ခဲ့သည့် မုန့်ဖြစ်သည်။ သူမသည် ရှေ့ဆုံးတန်းတွင် အစာသွတ်မုန့်တစ်ခုနှင့် အလယ်တန်းတွင် မုန့်နှစ်ခု ချထားခဲ့၏။ သို့ဖြင့် နောက်ဆုံးတွင်ရှိသော ဘလူးဘယ်ရီ အစာသွတ်မုန့်သည် သူမ၏မုန့် မဟုတ်ပေ။ သူမသည် ချယ်ရီသီးမုန့်အား အလယ်တန်းတွင် ချထားခဲ့သည်။ နောက်ဘက်တန်းရှိ ဘလူးဘယ်ရီမုန့်သည် ဂါတီသော်လည်းကောင်း၊ ဟေဇယ်သော်လည်းကောင်း ဖုတ်သည့်မုန့် မဟုတ်နိုင်ပေ။ (ဟေဇယ်သည် သူမ၏မုန့်များကို ရောင်းခဲ့ပြီးဖြစ်သည်။) ထို့ကြောင့် ယင်းမုန့်သည် ဖရီဒါဖုတ်သောမုန့် ဖြစ်ရပေမည်။

၁၉။ ချတ်ဝဲလ်ရောက် စတန်းဝစ်

'အိုလ်ဟမ်း'မှလာသော သမိုင်းပညာရှင် လူပျိုကြီးသည် အမျိုးသားနှစ်ယောက်အနက်မှ တစ်ယောက်ဖြစ်သည်ဟု ဆိုသည်။ သို့သော် ထိုသူသည် 'မာတင်'မဖြစ်နိုင်။ (မာတင်သည် စာရေးရသည်ကို မုန်းသည်ဟု ဆိုသည်။) သို့ဖြင့် ထိုသူသည် 'ကိုဗီးလ်'သာ ဖြစ်ပေမည်။'ပီယာဆင်' သည် 'ဝုဒ်ဖို့ဒ်'မှ လာသူမဟုတ်။ ထို့အတူ 'အက်ပင်း'နှင့် 'အိုလ်ဟမ်း'

တို့မှ လာသူလည်း မဟုတ်ချေ။ သို့ဖြင့် သူသည် 'ဒန်ဒီ'မှ လာသူဖြစ်ရပေမည်။ သို့ဖြင့် သူမသည် ပန်းချီဆရာ၊ ပန်းရန်ဆရာ၊ သမိုင်းပညာရှင်ဟူ၍ မဖြစ်နိုင်လေရာ သူမသည် ဝတ္ထုရေးဆရာသာ ဖြစ်ရပေမည်။

'သောမ်ဆင်'သည် 'ဝုဒ်ဖို့ဒ်'မှ လာသူဖြစ်သည်။ သူ့တွင် သန်လျက်မရှိသဖြင့် ပန်းရန်ဆရာ မဖြစ်နိုင်။ သို့ဖြင့် သူမသည် ပန်းချီဆရာ ဖြစ်ရမည်။ ထို့ကြောင့် ကျန်သူ 'မာတင်'သည် ပန်းရန်ဆရာ ဖြစ်သည်။

အချုပ်အားဖြင့် ဆိုလျှင် 'သောမဆင်'သည် 'ဝုဒ်ဖို့ဒ်'မှ လာသော ပန်းချီဆရာမ ဖြစ်သည်။ 'မာတင်'သည် 'အက်ပင်း'မှ လာသော ပန်းရန်ဆရာ ဖြစ်သည်။ 'ကိုဗီးလ်'သည် 'အိုလ်ဟမ်း'မှလာသော သမိုင်းပညာရှင် ဖြစ်သည်။ 'ပီယာဆင်'သည် 'ဒန်ဒီ'မှ လာသော ဝတ္ထုရေးဆရာမ ဖြစ်သည်။

၂၀။ ရန်လိုသော နွားများ ပြဿနာ

ယင်းပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ဇတန်းဝစ်က အောက်ပါ အစီအစဉ်အတိုင်း လုပ်ဆောင်ရန် အကြံပေးခဲ့ပါသည်။

၁။ ပထမဦးစွာ နွားနက်တစ်ကောင်ကို လမ်းတစ်ဖက်သို့ အရင်ပို့ပေးပါ။ (အနက်သုံးကောင်၊ အညိုသုံးကောင် ကျန်မည်။)

၂။ ဒုတိယအခေါက်တွင် နွားနက်တစ်ကောင်နှင့် နွားညိုတစ်ကောင်ကို လမ်းတစ်ဖက်သို့ ပို့ပေးပါ။ အပြန်တွင် နွားနက်တစ်ကောင်ကို မူလနေရာသို့ ပြန်ဆွဲလာပါ။ (အနက်နှစ်ကောင်၊ အညိုနှစ်ကောင် ကျန်မည်။)

၃။ တတိယအခေါက်တွင် နွားညိုနှစ်ကောင်ကို လမ်းတစ်ဖက်သို့ ပို့ပေးပါ။ (အနက်သုံးကောင် ကျန်မည်။)

၄။ စတုတ္ထအခေါက်တွင် နွားနက်နှစ်ကောင်ကို လမ်းတစ်ဖက်သို့ ပို့ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

၂၁။ ဆေးခန်းမှလူသတ်မှု

မက်ဂိုဝမ်သည် ရှိဆယ်လာ အထည်ဆိုင်ဖွင့်ပြီးနောက် နှစ်နာရီခွဲအကြာ ၁၁ နာရီ ၃၀ မိနစ်တွင် ပြန်ရောက်လာသည်။ သူသည် နေ့လယ် ဥညြမဆွဲမီ နာရီဝက်နှင့် ဥညြဆွဲပြီးနောက် နာရီဝက်အထိ ထိုနေရာတွင် ရှိနေခဲ့သည်။ သို့ဖြင့် သူသည် ၁၂ နာရီ ၃၀မိနစ်တွင် ထွက်ခွာသွားသည်။ ထို့နောက် ၄၅ မိနစ်အကြာ ၁ နာရီ ၁၅ မိနစ်တွင် ဝါ့က်မင်းရောက်လာပြီး အနည်းဆုံး နာရီဝက်ကြာအောင် နေသွားခဲ့၏။ လိုလာသည် ၁ နာရီ ၄၅ မိနစ်တွင် သေဆုံးခဲ့ခြင်း ဖြစ်လေရာ သတ်သောသူသည် ဝါ့က်မင်းသာ ဖြစ်ရပေမည်။

ဘတ်သည် တစ်နာရီကြာအောင် ကပြသော ၁ နာရီ ၃၀ မိနစ်တွင် စတင်ကပြသည့် အော်ပရာဇာတ်အပြီး ၂ နာရီ ၃၀တွင် ရောက်လာခဲ့ပြီး လိုလာ သေဆုံးနေသည်ကို တွေ့မြင်လိုက်ရကာ ထွက်ခွာသွားခဲ့သည်။

၂၂။ သေဆုံးသူ၏ စားပွဲ

ကိုယ်ကိုယ်ကိုသတ်သေရန် ကြံစည်ထားသော လူတစ်ယောက်သည် ဓာတ်ဆီဖိုး ကျသင့်ငွေချလံကို သေချာစွာ ခေါက်သိမ်းထားရန် အလုပ်ရှုပ်ခံနေမည် မဟုတ်ပေ။ အသက်ရှင်ရန် မျှော်လင့်ထားသူ အရောင်းစျေးသည်သည်သာ ထိုကဲ့သို့ လုပ်မည်ဖြစ်သည်။ ပူဇော်ပသနေစဉ်အတွင်းမှာပင် ဘားနက်စ်သည် ဟန့်တားအား တိတ်တဆိတ် အဆိပ်ခတ် သတ်လိုက်သည်။ ထို့နောက်တွင် သေကြောင်းကြံစည်ကြောင်း စာကိုရေးသားပြီး သူ ကိုယ်တိုင်လည်း အဆိပ်သောက် သေလိုက်ခြင်းပင် ဖြစ်သည်။

၂၃။ ကန့်လန့်ကာ အချ

ပထမ ပစ်သတ်ခံရသူ မောတန်ဟူးပါး၏ လှုပ်ရှားမှုအား ကင်းကင်းရှင်းရှင်း အတည်ပြုနိုင်ခြင်း မရှိသည်ကို စတန်းဝစ်သည် သတိထားမိလိုက်သည်။ သူ သရုပ်ဆောင်ရသော ဇာတ်ရုပ်သည် သေနတ်ဖြင့် အပစ်ခံခဲ့ရပြီးဖြစ်ရာ သူသည် ကန့်လန့်ကာချသည့်အထိ ဇာတ်စင်ပေါ်တွင် ပြန်ပေါ်လာစရာ မရှိပေ။ ထို့ကြောင့်ပင် တခြား မည်သူတစ်ဦးတစ်ယောက်ကမျှ ဇာတ်စင်ပေါ် ပြန်တက်လာသည့် အချိန်တိုင် မည်သည့်နေရာတွင် သူ ရှိ

နေခဲ့သည်ကို ဂရုမပြုမိခဲ့ပေ။ သို့ဖြင့် သူသည် အဓိကကျသော သံသယဖြစ်ဖွယ်ရာ လူ ဖြစ်သည်။ နောက်ဆုံးတွင် သူသည် မနာလိုစိတ်ကြောင့် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့လေသည်။

၂၄။ သိမ်းမြစ်အနီးမှ လူသတ်မှု

အိမ်ဖော်အမျိုးသမီးက ငွေထည်များနှင့် ကျောက်မျက်ရတနာများ ပျောက်ဆုံးနေကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ သူမအနေနှင့် ညှော်ခန်းထဲရှိ ငွေထည်ပစ္စည်းများကိုမူ မြင်တွေ့ခဲ့နိုင်သည်။ သို့သော် အိပ်ခန်းအတွင်းရှိ ကျောက်မျက်ရတနာများ ပျောက်ဆုံးနေသည်ကို သိနိုင်ဖွယ်ရာမရှိချေ။ သူမ၏ ထွက်ဆိုချက်အတိုင်းဆိုလျှင် အိမ်ထဲမှ ထွက်ပြေးမသွားမီသူမသည် ညှော်ခန်းအတွင်းတွင်သာ ရှိနေခဲ့သည်။

နောက်ဆုံးတွင် မစ္စပူးလ်ဘရော့သည် သူမ၏ ရည်းစားအား အိမ်ထဲသို့ ခိုးဝင်နိုင်အောင် အကူအညီပေးခဲ့ပြီး စက်မှုလုပ်ငန်းရှင် ဆာအလန်သည် မထင်မှတ်ဘဲ အချိန်စောပြီး အိမ်သို့ ပြန်ရောက်လာခဲ့ရာ ထိုသူက ဆာ အလန်အား သတ်ပစ်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့လေသည်။

၂၅။ စတော့ရှယ်ယာပွဲစား၏ နောက်ဆုံးနံနက်ခင်း

ဂိုးလ်ဒင်းက စတိန်းဘတ်သည် ကော်ဖီခွက်ကို သူ၏ပါးစပ်မှ ခွာလျှင်ခွာချင်း တွန့်လိမ်ကောက်ကွေးသွားခဲ့သည်ဟု ပြောခဲ့၏။ ထို့ပြင် စတိန်းဘတ် သေဆုံးသွားစဉ်ကစ၍ အခန်းတွင်းသို့ မည်သူမျှမဝင်ခဲ့ဟုလည်း ဆိုခဲ့သည်။ ဤစကားသာ မှန်ခဲ့လျှင် ကော်ဖီခွက်နှင့် သတင်းစာတို့သည် စားပွဲပေါ်တွင် စတန်းဝစ် တွေ့လိုက်သကဲ့သို့ နေသားတကျ ရှိနေလိမ့်မည် မဟုတ်ချေ။

အမှန်တွင်မူ စတိန်းဘတ်သည် ကုလားထိုင်တွင်ထိုင်၍ သတင်းစာဖတ်ရင်း ကော်ဖီသောက်နေစဉ် ဂိုးလ်ဒင်းသည် သူ၏ရုံးခန်းမှ စတိန်းဘတ်၏ ရုံးခန်းအတွင်းသို့ ဆက်လျက်တံခါးမှ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ စတိန်းဘတ်နှင့် စကားပြောရင်း ပါလာသော အဆိပ်ပုလင်းထဲမှ အဆိပ်အား ကော်ဖီခွက်ထဲသို့ မသိအောင် ခတ်လိုက်သည်။ စတိန်းဘတ်က မသိသဖြင့် ကော်ဖီကို သောက်ချလိုက်ရာမှ သေဆုံးသွားခဲ့၏။ ဂိုးလ်ဒင်းသည်

www.burmeseclassic.com

www.burmeseclassic.com

အမှားမှားအယွင်းယွင်းဖြင့် ကော်ဖီခွက်နှင့် သတင်းစာအား နေရာတကျ ပြန်ထားမိလိုက်သည်။ ထို့နောက် အဆိပ်ပုလင်းမှ သူ၏ လက်ဗွေရာကို သုတ်လိုက်ပြီး ပုလင်းပေါ်တွင် စတိန်းဘတ်၏ လက်ဗွေရာထင်အောင် လုပ်လိုက်သည်။ ထို့နောက် ပုလင်းအား စတိန်းဘတ်၏ အိတ်ကပ်ထဲသို့ ထည့်ထားလိုက်၏။ ထို့နောက် တစ်ဖန် လက်အိတ်ကိုဝတ်ဆင်ပြီး လက်နှိပ်စက်ဖြင့် သေကြောင်းကြံစည်ခြင်းဖြစ်ကြောင်း သိသာစေမည့် စာကိုရိုက်ခဲ့ပြီး သူ၏ရုံးခန်းသို့ ဆက်လျက်တံခါးမှ ပြန်သွားခဲ့သည်။ ထို့နောက် သူ့ရုံးခန်းမှ ဧည့်ကြိုကောင်တာသို့လာပြီး လိုအပ်သော စာရွက်စာတမ်းများကို ယူဆောင်ခဲ့သည်။ ထို့နောက် စတိန်းဘတ်၏ ရုံးခန်းသို့ ရိုးရိုးတံခါးမှ ပြန်ဝင်ခဲ့ခြင်း ဖြစ်သည်။

နောက်ဆုံးတွင် ဂိုးလ်ဒင်းသည် စတိန်းဘတ်၏ ရာထူးကို လိုချင်သဖြင့် သတ်ခဲ့မိကြောင်း ဖြောင့်ချက်ပေးခဲ့လေသည်။

၂၆။ စာရင်းသွင်းရမည့် ကလေးများ

မွေးနေ့များမှာ တစ်ဦးနှင့် တစ်ဦးအကြား နှစ်ရက်ကွာသည်ဟု လည်းကောင်း၊ ရှာလီဟုခေါ်သော ကလေးသည် ဧပြီလ ၂ရက်ဟု လည်းကောင်း၊ ၇ ပေါင် ၈ အောင်စရှိသော ကလေးသည် ဧပြီလ ၄ ရက် ဖြစ်သည်ဟု လည်းကောင်း ဆိုထားသဖြင့် ထိုကလေးသည် ဆာတိုးရီးယပ်စ်ဟုခေါ်သော သားလေး ဖြစ်သည်။ အသေးဆုံးကလေး (၅ ပေါင် ၅အောင်စ)သည် ဧပြီလ ၄ရက်နေ့တွင် မွေးသူမဟုတ်ဟု ဆိုထားသဖြင့် သားလေးဖြစ်စေ၊ သမီးလေး ဖြစ်သည်ဖြစ်စေ ထိုကလေးသည် မတ်လ ၂၇ ရက်တွင် မွေးဖွားသူ ဖြစ်သည်။ သားလေး ဆာတိုးရီးယပ်စ်သည် ဖရက်ဒရစ်မဟုတ်ဟု ဆိုထားသောကြောင့် ထိုကလေးသည် ဂူလ်ဖန်းဖြစ်သည်။

ရှာလီဟုခေါ်သော ကလေးသည် ဂျနီဖာ (မတ်လတွင်မွေးသည်။) သော်လည်းကောင်း၊ ဖရက်ဒရစ် (ပေးထားချက်) သော်လည်းကောင်း၊ ဂူလ်ဖန်း (ဧပြီလတွင်မွေး) သော်လည်းကောင်း မဖြစ်နိုင်၊ သို့ဖြင့် လူဆဲလီ ဖြစ်ရမည်။ သို့ဖြင့် သမီးကလေး ဝဂ္ဂနာသည် ရမည်။ သို့ဖြင့် ဖရက်ဒရစ်သည် လီးဖြစ်ရမည်။ ပေးထားချက်အရ ဖရက်ဒရစ်သည် အသေးဆုံးကလေး နှစ်ယောက်အနက် တစ်ယောက်ဖြစ်ပြီး ကိုယ်အလေးချိန် ၅ ပေါင် ၁၅ အောင်စ ရှိသူမဟုတ်ဟု ဆိုထားသောကြောင့် (လူဆဲလီ ရှာ

လီသည် အသေးဆုံးကလေးနှင့် ကိုယ်အလေးချိန် မတူဟု ဆိုထားလေရာ ရှာလီသည် ၆ပေါင် ၇အောင်စရှိသူ ဖြစ်ရမည်။ ထိုသို့ဆိုလျှင် ဖရက်ဒရစ်လီးထက် ၈ အောင်စ လေးနေမည်ဖြစ်ရာ ပေးထားချက်နှင့် မကိုက်ညီဘဲ ရှိနေပြန်သည်။) သို့ဖြင့် ဖရက်ဒရစ်သည် အသေးဆုံး ကလေးဖြစ်ပြီး ၅ပေါင် ၅ အောင်စရှိသူ ဖြစ်မည်ဖြစ်ရာ မတ်လ ၂၇ ရက်နေ့တွင် မွေးသူဖြစ်သည်။ အချုပ်အားဖြင့် ကြည့်လျှင် ဂျနီဖာသည် မတ်လ ၃၀ ရက်နေ့တွင် မွေးသူ ဖြစ်လာသည်။

ထို့ကြောင့် ၆ ပေါင် ၇ အောင်စရှိသူ ကလေးသည် ဧပြီလ ၂ ရက်တွင် မွေးသည် (ဝဂ္ဂနာ မွေးပြီးနောက် သုံးရက်အကြာတွင် မွေးသည်ဟု ပေးထားသည်။) သို့ဖြင့် ထိုကလေးသည် လူဆဲလီရှာလီပင်ဖြစ်ရမည်။ သို့ဖြင့် ၅ ပေါင် ၁၅ အောင်စရှိသူ ကလေးသည် ဂျနီဖာဖြစ်ရမည်။

စာရင်းချုပ်လျှင် ဖရက်ဒရစ်လီး ၅ ပေါင် ၅အောင်စ၊ မတ်လ ၂၇ ရက်တွင်မွေး၊ ဂျနီဖာ ဝဂ္ဂနာ ၅ ပေါင် ၁၅ အောင်စ၊ မတ်လ ၃၀ ရက်တွင်မွေး၊ လူဆဲလီရှာလီ ၆ ပေါင် ၇အောင်စ၊ ဧပြီလ ၂ ရက်တွင် မွေး၊ ဂူလ်ဖန်းဆာတိုရီးယပ်စ် ၇ ပေါင် ၈ အောင်စ၊ ဧပြီလ ၄ ရက်တွင်မွေး။

၂၇။ ဆယ်ကပ်တစ်ခုရောက် စတန်းဝစ်

ပြကွက်အားလုံးအတွက် ကြာမြင့်သောအချိန်သည် မိနစ် ၁၅၀ ကြာသည်။ တခြားလူများ၏ ပြကွက်များသည် ၄၆ မိနစ်ကြာလေရာ ပြသနာဖြစ်နေသူ လေးဦးအတွက် ပေးနိုင်သည့် အချိန်မှာ ၁၀၄ မိနစ်ဖြစ်သည်။ ဤအချိန်ကာလသည် ကာလိုး သရုပ်ဆောင်ရမည့် အချိန်အပေါင်း၊ ကာလိုးရသည့် အချိန်တစ်ဝက် (ဘိုဘိုအတွက်)အပေါင်း၊ ကာလိုးရသည့် အချိန်၏ သုံးပုံတစ်ပုံ (ဒဲလ်ဖို့အတွက်) အပေါင်း၊ ကာလိုး၏ နောက်ထပ် သုံးပုံတစ်ပုံ (ဂျိုလ်ကိုအတွက်၊ ဒဲလ်ဖို့သည် ဂျိုလ်ကိုးနှင့် အချိန်အတူတူ ရသည်။) ထို့ကြောင့် အချိန် ၁၀၄ မိနစ်သည် ကာလိုးရသည့် အချိန်၏ ဆယ်သုံးပုံ ခြောက်ပုံနှင့် ညီမျှသည်။ ထို့ကြောင့် ကာလိုးရသည့် အချိန်သည် ၄၈ မိနစ်ဖြစ်ပြီး၊ ဘိုဘိုသည် ၂၄ မိနစ်၊ ဒဲလ်ဖို့နှင့် ဂျိုလ်ကိုတို့သည် ၁၆ မိနစ်စီ ရကြသည်။

ဂျိုလ်ကိုသည် တတိယသရုပ်ဆောင်ရသူ ဖြစ်သည်။ ကာလိုးသည်

www.burmeseclassic.com

www.burmeseclassic.com

ပထမလည်းမဟုတ်၊ နောက်ဆုံးလည်း မဟုတ်၊ တတိယလည်းမဟုတ်ဟု ဆိုထားသောကြောင့် သူသည် ဒုတိယသရုပ်ဆောင်ရသူ ဖြစ်သည်။ ဒဲလ်ဖို့သည် ကာလိုး၏နောက်တွင် သရုပ်ဆောင်ရသူဟု ဆိုသဖြင့် သူသည် စတုတ္ထမြောက် သရုပ်ဆောင်ရသူ ဖြစ်သည်။ ချုပ်လိုက်လျှင် ဘိုဘိုသည် ပထမဆုံး သရုပ်ဆောင်ရသူ ဖြစ်သည်။

၂၈။ ဝေးဝါဒ် တည်းခိုရိပ်သာအနီးမှ လူသတ်မှု

လပ်ဘော့သည် သူ၏ ကားအနီးတွင် ကားသော့ကို ကိုင်လျက် တန်းလန်းဖြင့် သေဆုံးခဲ့သည်ဖြစ်ရာ သူသည် သပ်စတန်၏ နောက်သို့ လိုက်ရန်အတွက် ကားကို မောင်းထွက်သွားရန် ပြင်ဆင်နေခြင်း ဖြစ်နိုင်သည်။ အကယ်၍ သူသည် သူမအား လည်းကောင်း သူမ၏ ရပ်ထားသော ကားအားလည်းကောင်း သူသည် သူမရှိရာသို့ လာမည်ဖြစ်သည်၊ သို့မဟုတ်က သူမအား လိုက်လံရှာဖွေမည် ဖြစ်သည်။

သူသည် ခြံစည်းရိုးတန်းရှိရာဘက်မှ ပစ်သတ်ခံရခြင်း ဖြစ်သည်။ သို့ဖြင့် သူမအနေနှင့် သူမ၏ကားအား မြင်ကွင်းမှ ဖယ်ရှားပြီးနောက် ပြန်လှည့်လာကာ ပုန်း၍ သူ့ကို စောင့်နေရပေမည်။ သူသည် သူမ စားသောက်ဆိုင်မှထွက်သွား၍ များမကြာမီမှာပင် ထွက်ခွာလာခဲ့သည်ဖြစ်ရာ ထိုသို့ လုပ်ဆောင်ရန် အချိန်မရှိပေ။ ထို့ကြောင့် သူမသည် သူ့အား ပစ်သတ်ခဲ့ခြင်း မဖြစ်နိုင်ပေ။

၂၉။ ဘူဂိုနီးယန်း သူလျှိုအမှု

ပယ်ရီသည် သူ၏ စာရွက်စာတမ်းများနှင့် ၉ နာရီနှင့် ၉ နာရီ ၁၅ မိနစ် အကြားတွင် ကင်းကွာနေခဲ့သည်။ ဂူလ်ကိုဗိုသည် ဘားဆိုင်မှ ၈နာရီ ၄၅ မိနစ်တွင် ထွက်ခွာသွားခဲ့ပြီး ၉နာရီ ၁၅မိနစ်ရောက်သည့်တိုင် ဘားဆိုင်သို့ ပြန်ရောက်လာခြင်း မရှိခဲ့ချေ။ အင်ပါးလပ်စ်သည် ၈ နာရီ ၄၅ မိနစ်တွင် ဘားဆိုင်သို့ ပြန်ရောက်လာခဲ့ပြီး အနည်းဆုံး ၉ နာရီ ၁၅ မိနစ်လောက်အထိ ဘားဆိုင်တွင် ရှိနေနိုင်သည်။ သို့ဖြင့် သူတစ်ဦးတည်းသာ စာရွက်စာတမ်းများကို ခိုးယူနိုင်သော အခွင့်အရေး ရနိုင်ပေသည်။

၃၀။ ဂိုင်းစတန် ဂိုန်းဒီးယားအမှု

ကောချ်လင်း၏ ရုံးခန်းသည် ဆိပ်ကမ်း၏ အနောက်ဘက်တွင် တည်ရှိသည်။ သို့ဖြင့် သူ့အနေနှင့် ရာသီဥတု သာယာသောနေ့တွင် ထွန်းတောက်လာသော နေရောင်ကို မျက်နှာမူ၍ ဆိပ်ကမ်းဘက်သို့ လှမ်းကြည့်နေသည့် သဘောဖြစ်သည်။ သို့သော် သူ့အနေနှင့် ဆိပ်ကမ်းရှိတွင် ရေကူးနေသူများကို လှမ်းမြင်နေနိုင်သည်။ ထို့အတူ ဆိပ်ကမ်းရှိ သင်္ဘောများကိုလည်း တွေ့မြင်ရနိုင်သည်။ သို့သော်လည်း နေ့၏ အလင်းရောင်ပြန်မှုနှင့် အမှောင်ရိပ်များကြောင့် ထိုမျှ ကွာဝေးသောနေရာမှ သင်္ဘောများ၏ နာမည်များကို ဖတ်၍ရနိုင်ဖွယ် မရှိပေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com